# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၅၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုက်စလန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၁၇**

၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အော်လာဖျူ ရက်နာ ဂရင်မ်ဆန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❁


ယနေ့ မာတိကာ

ယူနီဆက်ဖ်သံတမန် ဒေးဗစ် ဘက်ခမ်း ကမ္ဘောဒီးယားသို့ လာရောက်လည်ပတ် — စာ ၄

တွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေရှာသင့်သည့် ဒိုင်အိုယု ကျွန်းစုအငြင်းပွားမှုပြဿနာ — နိုင်ငံတကာရေးရာ သုံးသပ်ချက် — စာ ၅

သမ္မတက လွှတ်တော်အမတ် ဖြစ်ရမယ်တဲ့လား — ဆောင်းပါး — စာ ၆

ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး ကျပ်ငွေ သုံးဘီလီယံခန့် သုံးစွဲမည် — စာ ၁၄

ဘာရာဇီးတို့ရဲ့ ခြေစွမ်းအမှန်ကို ပြသမယ့်ပွဲ — စာ ၁၉

ကြေးရုပ်တွေနဲ့ လမ်းမတော် — ရသဟန်ဆောင်းပါး — စာ ၂၂




# စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို နိုင်ငံ၏ပုံရိပ်ကောင်းများထင်ဟပ်ကျန်ရှိစေရန် လုံ့လ ဝီရိယရှိရှိနှင့်ကြိုးစားဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

**(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများ ကျင်းပရေး ဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ်နှင့် အပြီးသတ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျင်းပရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် ကျင်းပရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် ပထမအကြိမ်က ပြုလုပ်ခဲ့သည့် အစည်းအဝေးမှ လိုအပ်ချက်များကို ညှိနှိုင်းပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများ၏

*စာမျက်နှာ ၈ ကော်လံ ၁* ◆

# မိုးရာသီဖြစ်သော်လည်း ကမ္ဘာလှည့်ခရီးသည်များ နယ်စပ်ဝင်ပေါက်များမှ အဆက်မပြတ်ဝင်ရောက်

**နေပြည်တော် ဇွန် ၁၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ်ဒေသဝင်ပေါက်၊ ထွက်ပေါက်များမှ ဝင်ရောက်လျက်ရှိသော ဆိုင်ကယ်တိုး၊ ကားယာဉ်တန်းတိုးများသည် မိုးရာသီသို့ရောက်ရှိလာပြီးဖြစ်သော်လည်း ယခင်နှစ်ကထက် ပိုမိုတိုးတက်စွာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒




ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၁၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

RE GD.

ဝဟှုပ်ဟှုပ်နဲ့ အိပ်မပျော်အောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကကောင်း

ကွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဒူးနာ၊ ခါးနာ၊ ကိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း မူးဝေ၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

10111 Y 009386 ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ဧ/၂၀၀၈ တဆထလ/ တိုး(၀၅၇)

အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲဆန္ဒရှင်များ မဲပေးသင့်သည်၊
မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။

## ဖျာပုံခရိုင်အတွင်းရှိ မဲဆန္ဒရှင်အမည်စာရင်း ထုတ်ပြန်ကြေညာမည်

**ဖျာပုံ ဇွန် ၁၆**

၂၀၁၅ခုနှစ်တွင် ကျင်းပမည်ဖြစ်သော အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များ၏ အမည်စာရင်းကို ဇွန် ၂၂ ရက်၌ ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် တစ်ပြိုင်နက်တည်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း၊ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ဖျာပုံခရိုင် ကော်မရှင်ရုံးခန်း၌ ကျင်းပသည့် ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံပွဲတွင် ခရိုင်ကော်မရှင် ဥက္ကဋ္ဌ ဦးအုန်းဟန်က ပြောကြားခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲတွင် ဖျာပုံခရိုင် ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဥပဒေအရာရှိ ဦးဆန်းအောင်က "နိုင်ငံရေးပါတီများ လိုက်နာရမည့် ဥပဒေအကြောင်း" ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ကော်မရှင်အတွင်းရေးမှူး ခရိုင်ဦးစီးအရာရှိ ဦးစိုးလွင်က လွှတ်တော်(၃)ရပ် မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း ကိစ္စရပ်များ၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးစိုးမင်းက "မဲဆန္ဒရှင်စာရင်း ကောက်ယူထားရှိမှု အခြေအနေများ"ကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များကလည်း သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယခုလက်ရှိ ကောက်ခံရရှိပြီးသော စာရင်းများအရ ဖျာပုံခရိုင်အတွင်း၌ မဲဆန္ဒရှင်ဦးရေ ၇၃၀၈၂၃ ဦးရှိကြောင်း ဖျာပုံခရိုင်ကော်မရှင်ရုံးမှသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး

**တန့်ယန်း ဇွန် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ယင်းမာစီမံချက်အရ လူထုအသိပညာပေး ဗီနိုင်းပိုစတာများကို ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ဇွန် ၁၄ ရက်က လိုက်လံစိုက်ထူကြသည်။

အဆိုပါ အသိပညာပေးပိုစတာများကို တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းကာ အမှတ်(၁)ရပ်ကွက် ဝိန်းလောင်းတံတားထိပ်၊ အမှတ် (၃) ရပ်ကွက် စုပေါင်းမော်တော်ယာဉ်ရုံးရှေ့နှင့် အမှတ် (၅) ရပ်ကွက်ရှိ အောင်မင်္ဂလာရင်ပြင်ရှေ့တို့တွင် စိုက်ထူပေးကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဝိုင်းမော် ဇွန် ၁၆**

၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးချမ်းငြိမ်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ရတနာတန်းဝင် ကျွန်းအပါအဝင် သစ်ပင်ပျိုးပင် ပေါင်း ၁၅၀ ကို သတ်မှတ်နေရာများ၌ စုပေါင်း စိုက်ပျိုးပေးကြကြောင်း သိရသည်။

**ဝင်းအောင်**

## စစ်ကိုင်းမြို့ မြို့မဈေး၌ ဈေးသည်များ၏ စွန့်ပစ်အမှိုက်များ ရှင်းလင်းပေးခဲ့ပြီးဖြစ်

**စစ်ကိုင်း ဇွန် ၁၆**

စစ်ကိုင်းမြို့ မြို့မဈေးကြီးအနောက်ဘက် ခ တန်း ရွှေကိုင်းမန်းကားဂိတ်အနီးတွင် မြို့မဈေးအတွင်းရှိ သားငါးဈေးသည်များ၏ စွန့်ပစ်သည့်အမှိုက်များကြောင့် ပတ်ဝန်းကျင် နေထိုင်သူဈေးဆိုင်ခန်းပိုင်ရှင်များ နေ့စဉ် အနံ့ဆိုးများ ရှူရှိုက်နေရ သတင်းကို ဇွန် ၆ ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပေးခဲ့ရာ စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးမိဈေးဖများ၊ ဈေးတာဝန်ရှိသူများ ပူးပေါင်းကွင်းဆင်းစစ်ဆေးကာ ဝန်ထမ်းများဖြင့် ဇွန် ၁၀ ရက်က အပြီးရှင်းလင်းပေးခဲ့ပြီး သတိပေးဆိုင်းဘုတ်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(၁၄၀)**

## နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

**ဟုမ္မလင်း ဇွန် ၁၆**

ဟုမ္မလင်းမြို့နယ် မာန်ဟုန်ကျေးရွာအုပ်စု နားမော်ကျေးရွာတွင် မိုးပွင့်(အထူး)စီမံချက်နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၈၃ ကတ်ကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ခြင်နှိမ်နင်းရေး အရှိန်မြှင့်တင်

မိုးရာသီရောက်ပြီဆိုလျှင် လူအများစုကြုံတွေ့ရသော အန္တရာယ်တစ်ခုမှာ ခြင်အန္တရာယ်ဖြစ်ပါသည်။ မိုးဖြိုင်ဖြိုင်ရွာပြီဆိုလျှင် ခြင်များနေရာအနှံ့ ပေါက်ပွားမှုနှုန်းအားကောင်းလာပြီး ခြင်ကိုက်ခြင်းကို ခံကြရပါသည်။ အထူးသဖြင့် မြို့ပြဆင်ခြေဖုံးရပ်ကွက်များ၌ ခြင်ကိုက်မှု သိသိသာသာတိုးလာပါသည်။ ခြင်ကိုက်ခံရခြင်းသည် သာမန်အားဖြင့် အန္တရာယ်မဖြစ်နိုင်ဟုဆိုနိုင်သော်လည်း သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ သယ်ဆောင်သောခြင်များ အကိုက်ခံရပါက အန္တရာယ်ရှိပါသည်။ အသက်ဆုံးရှုံးသည်အထိ အန္တရာယ် ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ခြင်ကိုက်ခံရခြင်းသည် အန္တရာယ်ရှိပါသည်။ ခြင်အန္တရာယ်ကို စုပေါင်းကာကွယ်ရန်လိုအပ်ပါသည်။

သာမန်အားဖြင့် သွေးလွန်တုပ်ကွေးသယ်ဆောင်သောခြင်၊ ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ဟူ၍ ခွဲခြားသိနိုင်ကြမည်မဟုတ်ပါ။ လေ့လာထားသူများကသာ သိနိုင်ကြလိမ့်မည်ဖြစ်ပါသည်။ မည်သည့်ခြင်မျှ အကိုက်မခံရအောင်နေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ လူတိုင်းလူတိုင်း ခြင်ကိုက်မခံရအောင် နေထိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့နေအိမ်ပတ်ဝန်းကျင်တို့၌လည်း ခြင်များပေါက်ပွားခြင်းမရှိအောင် တစ်ပိုင်တစ်နိုင် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားသင့်ပါသည်။

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်ပိုးလောက်လမ်းများ ခိုအောင်းပေါက်ပွားခြင်းမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ် စီမံချက်ကို အလေးထားဆောင်ရွက်ခြင်း၊ လိုအပ်ပါက လမ်းအလိုက်၊ ရပ်ကွက်အလိုက် ခြင်နှိမ်နင်းရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခြင်းများ အပတ်စဉ်ပြုလုပ်သွားသင့်ပါသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနက သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါဖြစ်ပွားနှုန်း များပြားလေ့ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များ၌ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးဌာနများ ပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ဆေးမှုတ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ကုသခြင်းထက် ကာကွယ်ခြင်းကပို၍ ကောင်းသည်ဟူသော စကားရှိပါသည်။ ယခုကဲ့သို့ ခြင်နှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းသည် တစ်နည်းအားဖြင့် ကာကွယ်ခြင်းကို ထိရောက်စွာ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ရောဂါဖြစ်မှ ကုသခြင်းထက် ကာကွယ်ခြင်းသည်အကောင်းဆုံးဖြစ်ပါသည်။ ခြင်ကြောင့်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများဖြစ်ပွားခြင်းမရှိအောင် အစီအမံများ ချမှတ်၍ ကာကွယ်နှိမ်နင်းရေးကို အင်တိုက်အားတိုက် ဆောင်ရွက်သင့်ပါသည်။

ခြင်ကာကွယ်နှိမ်နင်းရေးအလုပ်သည် တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် ထိရောက်စွာ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မိမိတို့ရပ်ကွက်အလိုက်၊ လမ်းများအလိုက် ရေစီးရေလာကောင်းအောင် အမှိုက်သရိုက်များ စုပေါင်းသန့်ရှင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို အပတ်စဉ် ဆောင်ရွက်သွားသင့်ပါသည်။ သို့မှသာ ခြင်ကြောင့်ဖြစ်ပွားရသော အန္တရာယ်များမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၅၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၂၅-၅၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၁၀၀-၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၁၀၀ |
| အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၅၉၀-၈၁၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၁၈၀-၁၂၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံ မော်စကိုမြို့ရောက်ရှိ

**မော်စကို ဇွန် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယမန်နေ့ညပိုင်းတွင်ထွက်ခွာခဲ့ရာ ယနေ့ နံနက် (ဒေသစံတော်ချိန်) ၈ နာရီခွဲတွင် ရုရှားနိုင်ငံ မော်စကိုမြို့ ဒိုမိုဒီဒိုဗို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယုနှင့် သံရုံးမှတာဝန်ရှိသူများ၊ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုနေထိုင်မည့် မော်စကိုမြို့ ပရဲစီးဒင့်တ်ဟိုတယ်သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ Nuclear Research Institute သို့ရောက်ရှိကြရာ Head of Crissis Center Rosenergoatom ဖြစ်သူ Mr.Vladimir Hlebtsevich က အစည်းအဝေးခန်းမ၌ စင်တာအနေဖြင့် ၁၅ နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆိုင်ရာများနှင့် ဝိုင်းဝန်းပံ့ပိုး အကြံဉာဏ်ပေးကူညီလျက်ရှိသည့် အဖွဲ့အစည်းဆိုင်ရာများ၊ နျူကလီးယား ပါဝါဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေဆိုင်ရာများ၊ ရုရှားနိုင်ငံ၏ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ ပူးပေါင်းကာ အရေးပေါ် အခြေအနေဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်ဆိုင်ရာများ၊ နျူကလီးယား ထိန်းချုပ်မှုဆိုင်ရာများနှင့် စနစ်တကျ စီမံခန့်ခွဲ ကွပ်ကဲဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်ပညာရှင်များက စနစ်တကျလုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများ၊ ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားလုပ်ငန်းဆိုင်ရာများလုပ်ကိုင်ဆောင်ရွက်နေကြသည့် နိုင်ငံများစွာနှင့် ပူးပေါင်းကာ စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်နေမှုအခြေအနေများအပေါ် အသေးစိတ် ရှင်းလင်းပြောကြားသည်။



ယင်းနောက် အရေးပေါ်အခြေအနေမျိုးနှင့် ကြုံဆုံလာရသည့်အခြေအနေမျိုးတွင် နျူကလီးယားပါဝါထိန်းချုပ်မှုများနှင့်စပ်လျဉ်း၍ စနစ်တကျ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်အခြေအနေများ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သိရှိလိုသည့်အချက်အလက်များကိုမေးမြန်းကြရာ Mr. Vladimir Hlebtsevich က အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Nuclear Research Institute အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတက Mr. Vladimir Hlebtsevich အား အမှတ်တရ လက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အထူးကိုယ်စားလှယ်လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အထူးကိုယ်စားလှယ် မစ္စတာ တန်ဆရီ ဟာမစ်အယ်ဘာ အား ယနေ့ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လှေစီးသွားလာသူများဆိုင်ရာ မြန်မာနိုင်ငံ၏ ရပ်တည်ချက်သဘောထားနှင့် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ဓာတ်ပုံများနှင့်အတူ ဆွေးနွေးပြောကြားခဲ့သည်။ ယင်းသို့ ဆွေးနွေးပြောကြားချက်များကြောင့် မြန်မာနိုင်ငံ၏အခြေအနေမှန်များကို ပိုမိုနားလည်သိရှိပြီး အခြေအနေမှန်များကို ပြန်လည်အသိပေးတင်ပြသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ခွဲခြားမှုမရှိဘဲ နိုင်ငံတော်အစိုးရထံမှ တစ်ဆင့်ပေးအပ်သွားရန် ဆန္ဒရှိကြောင်း ဧည့်သည်တော်က ပြန်လည်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ***ရှေ့ဖုံးမှ***

Phoe Thar Gyi Travels & Tours Co,.Ltd. ၏အစီအစဉ်ဖြင့် ပြည်ပအဖွဲ့တစ်ဖွဲ့သည် မော်တော်ဆိုင်ကယ် ရှစ်စီး၊ မော်တော်ယာဉ်တစ်စီးဖြင့် ဇွန် ၂ ရက်တွင် မြဝတီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်ခဲ့ပြီး ဘားအံမြို့ရှိ ကော့ဂွန်းဂူသို့လည်းကောင်း၊ ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဘုရားသို့လည်းကောင်း ရောက်ရှိကာ ကျိုက်ထီးရိုးဘုရားကိုဖူးမြော်၍ ဇွန် ၃ ရက်တွင် ကျိုက်ထီးရိုးမှ နေပြည်တော်သို့ ညနေပိုင်းတွင်ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့ပါသည်။ ဇွန် ၄ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိဘုရားကို ဖူးမြော်ပြီး ဆင်ဖြူတော်အား သွားရောက်ကြည့်ရှုကာ ပုဂံမြို့သို့ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့သည်။

ဇွန် ၅ ရက်တွင် ပုဂံမြို့ ဓမ္မရံကြီးနှင့် ဖူးဘုရားကို သွားရောက်ဖူးမြော်ပြီး ပုဂံမြို့တွင်း လှည့်လည်လေ့လာခဲ့ကာ ဇွန် ၆ ရက်တွင် ပုဂံမှ ပုပ္ပားတောင်သို့ သွားရောက်လေ့လာ၍ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာပြီး မန္တလေးမြို့၌ ညအိပ်ရပ်နားခဲ့ပါသည်။

မန္တလေးမြို့၌ နေထိုင်နေစဉ်အတွင်း မဟာမြတ်မုနိဘုရားကို သွားရောက်ဖူးမြော်ပြီး ဦးပိန်တံတားသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဇွန် ၈ ရက်တွင် မန္တလေးမြို့မှတစ်ဆင့် မုံရွာမြို့သို့ ခရီးဆက်လက်ထွက်ခွာ၍ ဗောဓိတစ်ထောင်ဘုရားကို သွားရောက်ဖူးမြော်ပြီး မုံရွာမြို့၌ ညအိပ်ရပ်နားခဲ့သည်။

ဇွန် ၉ ရက်တွင် မုံရွာမြို့မှ ကလေးမြို့သို့ ဆက်လက်ထွက်ခွာကာ ကလေးမြို့၌ ညအိပ်ရပ်နားပြီး ဇွန် ၁၀ ရက်တွင် တမူးမြို့သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိပြီး ယင်းနေ့တွင်ပင် တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ဆက်လက်၍လည်း ဂျာမဏီနိုင်ငံသား ငါးဦးပါဝင်သောအဖွဲ့သည် ကားသုံးစီးဖြင့် တမူးမြို့မှ ဝင်ရောက်ကာ တမူး-ကလေး-မုံရွာ-မန္တလေး-ပုပ္ပား-ပုဂံ-ရန်ကုန်-ကျိုက်ထီးရိုး-ဘားအံ-မြဝတီ ခရီးစဉ်ဖြင့်လည်းကောင်း၊ ချက်နိုင်ငံသား သုံးဦးပါဝင်သောအဖွဲ့သည် ဆိုင်ကယ်သုံးစီးဖြင့် မြဝတီမြို့မှဝင်ရောက်ကာ မြဝတီ-ပဲခူး- နေပြည်တော်- မန္တလေး-မုံရွာ-တမူးခရီးစဉ်ဖြင့်လည်းကောင်း ဝင်ရောက် လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ ***ရှေ့ဖုံးမှ***

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်တွင်ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆစ်မန်ဒါ ဒေးဗစ် ဂွန်လက်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုက်စလန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၇**

၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်တွင်ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုက်စလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး မစ္စတာ ဂွန်နာ ဘရာဂေး ဆဗင်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အမျိုးသားအားကစားပြိုင်ပွဲရုံ(သုဝဏ္ဏ)၌ ကျင်းပမည်

**သတင်း - ဥမ္မာသန့်**

**ရန်ကုန် ဇွန် ၁၆**

အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားကျင်းပရန်အတွက် မီဒီယာတွေ့ဆုံပွဲကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ နိုဘိုတယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ (၆၉)ကြိမ်မြောက် အထွေထွေညီလာခံတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရိန္ဒရာမိုဒီက “ယောဂဟာ ရှေးဟောင်းအိန္ဒိယရိုးရာအစဉ်အလာရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုပါ။ ယောဂဟာ စိတ်နဲ့ ခန္ဓာကိုယ်၊ စိတ်ကူးအတွေးနဲ့ လုပ်ရှားမှု၊ ချုပ်တည်းကန့်သတ်မှုနှင့် ပြည့်ဝမှုတွေကို ညီညွတ်မျှတအောင် ချိတ်ဆက်ပေးပါတယ်။ လူသားနဲ့ သဘာဝ၊ ကျန်းမာရေးနဲ့ နေထိုင်ကောင်းရေးကို လုံးလုံးလျားလျားကြီး ဟန်ချက်ညီမျှအောင် ဆောင်ရွက်ပေးပါတယ်။ ယောဂဟာ လေ့ကျင့်ခန်းမဟုတ်ဘူး။ ကမ္ဘာလောကကြီးနဲ့ သဘာဝကိုမျှတအောင် ထိန်းညှိပေးတာဖြစ်ပါတယ်။ ယောဂဟာ ရာသီဥတုအပြောင်းအလဲနဲ့ ပတ်သက်တာကို ကူညီဖြေရှင်းနိုင်တယ်။ ဒါကြောင့် နိုင်ငံတကာယောဂနေ့ သတ်မှတ်ပြဋ္ဌာန်းဖို့ ဦးတည်ပြီး ဆောင်ရွက်ကြိုးပမ်းသွားကြပါစို့” ဟု ပြောကြားခဲ့သည်။

ယင်းနောက် ဇွန်၂၁ ရက်ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ်ကျင်းပရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ်ကျင်းပသော ကမ္ဘာ့အခမ်းအနားများထဲမှ တစ်ခုအဖြစ် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးက ကြီးမှူး၍ လူထုအခမ်းအနားတစ်ရပ်ကို အားကစားဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်း၍ ဇွန် ၂၁ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (သုဝဏ္ဏ)တွင် နံနက် ၈ နာရီမှ နံနက် ၁၀ နာရီအထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယူနက်စကိုနှင့် အခြားအဖွဲ့အစည်းများ၊ ရန်ကုန်မြို့ရှိ ယောဂအသင်းများ၊ ကလပ်များ၊ မြန်မာနိုင်ငံရှိ အိန္ဒိယအသင်းအဖွဲ့များမှလည်း စိတ်အားထက်သန်စွာ ပါဝင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားတွင် အိန္ဒိယသံရုံးနှင့် မြန်မာနိုင်ငံရှိ ယောဂဆရာ ဆရာမများ၏ လမ်းညွှန်သင်ကြားမှုဖြင့် ယောဂလေ့ကျင့်ခန်းကို လေ့လာလိုက်စားသူ ၅၀၀ ခန့်တို့ကလည်း သရုပ်ပြပွဲ ပါဝင်ကျင်းပမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကူညီမှုဖြင့် မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ မန္တလာသီရိဘောလုံးအားကစားကွင်း၌လည်း ဇွန် ၂၁ ရက်တွင် ယောဂသရုပ်ပြပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ကြိုဆိုသောအားဖြင့် ဇွန် ၁၆ ရက်တွင် ယောဂပြိုင်ပွဲကို အိန္ဒိယသံရုံးကကြီးမှူး၍ ယောဂသင်တန်းများ၏ ပူးပေါင်းကူညီမှုဖြင့် အိန္ဒိယသံရုံး အနုပညာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

# အီရန်နျူကလီးယားပြဿနာအတွက် အိုဘားမားက အစ္စရေးဝန်ကြီးချုပ်နှင့် ဆွေးနွေးမည်ဟူသော သတင်းထွက်ပေါ်



**ဂျေရုစလင် ဇွန် ၁၆**

အမေရိကန်သမ္မတ ဘားရက် အိုဘားမားသည် အီရန်နှင့် နျူကလီးယား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် သတ်မှတ်ထားသည့်အချိန်ကာလသို့ ရောက်ရှိခဲ့ပြီးနောက် လာမည့်လတွင် ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအား ဖိတ်ကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းများကို ကိုးကားလျက် အစ္စရေးသတင်းစာတစ်စောင်၌ အင်္ဂါနေ့က ဖော်ပြသည်။

ဝန်ကြီးချုပ်၏ ရုံးအဖွဲ့မှ အမည်မဖော်လိုသူ အရာရှိများကမူ ထိုသို့ ဖိတ်ကြားမှုမျိုး မရရှိခဲ့ကြောင်း သတင်းထောက်များသို့ ပြောခဲ့သည်။

ရီဒီယိုအာရွန်နို နေ့စဉ်သတင်းကမူ အိုဘားမားသည် အီရန်နှင့် အင်အားကြီး နိုင်ငံများအကြား နျူကလီးယားစာချုပ်နှင့် ပတ်သက်သည့်နောက်ဆုံးသတ်မှတ်ရက် ဇွန် ၃ ရက် ပြီးနောက် ဇူလိုင်လလယ်တွင် တွေ့ဆုံဆွေးနွေးရန် နေတန်ယာဟုအား ဖိတ်ခေါ်ထားသည်ဟု ဖော်ပြသည်။

အဆိုပါ နျူကလီးယားသဘောတူစာချုပ်သည် ဒေသတွင်း အီရန်၏ မဟာမိတ်များအား ငွေကြေးထောက်ပံ့နေခြင်းအပေါ် အရေးယူပိတ်ဆို့မှုများကို လျှော့ပါးစေသည့်အပြင် အီရန်၏ အဏုမြူကို ခွင့်ပြုစေမည်ဖြစ်ရာ စာချုပ်အား အစ္စရေးဝန်ကြီးချုပ်က အပြစ်ဆိုလျက်ရှိသည်။ အီရန်ကမူ ၎င်း၏နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးအတွက်သာရည်ရွယ်သည်ဟု ပြောဆိုလျက်ရှိသည်။ **(ရိုက်တာ)**

# အမေရိကန်လေကြောင်း တိုက်ခိုက်မှု အနည်းဆုံး ၇၁ ဦးသေဆုံး

**ဘဂ္ဂဒက် ဇွန် ၁၆**

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုနှင့် အီရတ်လုံခြုံရေးတပ်များနှင့် အိုင်အက်စ်စစ်သွေးကြွများအကြား တိုက်ပွဲဖြစ်ပွားမှုများကြောင့် တနင်္လာနေ့က အနည်းဆုံးလူ ၇၁ ဦး သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူနှင့် လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အန်ဘာပြည်နယ်၌ ဟတ်ရှာဘီဟုလူသိများသော လုံခြုံရေးတပ်များနှင့် မဟာမိတ်တို့က အိုင်အက်စ်တို့၏ ယာဉ်တန်းကို တိုက်ခိုက်ရာ ဆီတင်ယာဉ်သုံးစီးနှင့် မော်တော်ယာဉ် နှစ်စီးပျက်စီးခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထောက်လှမ်းရေး သတင်းအချက်အလက်များအပေါ် အခြေခံ၍ တိုက်ခိုက်သော ယင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံး အိုင်အက်စ်စစ်သွေးကြွ ၁၀ ဦးသေဆုံးသွားခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ပြည်နယ်၌ လုံခြုံရေးတပ်များနှင့် မဟာမိတ်တပ်ဖွဲ့က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ဘက်ဒါဒီမြို့အနီး အိုင်အက်စ်တို့အား နာရီအတန်ကြာအောင် တိုက်ထုတ်ခဲ့ရကြောင်း၊ စစ်သွေးကြွ ၁၃ ဦး သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အီရတ် အမြောက်တပ်က ကျူးဘားတိုက်ပွဲတွင် အိုင်အက်စ်တို့၏ စခန်းများကို ချေမှုန်းတိုက်ခိုက်ခဲ့ရာ အနည်းဆုံး စစ်သွေးကြွ ရှစ်ဦး သေဆုံးသွားခဲ့သည်။

**(ဆင်ဟွာ)**

# ပုံးဖောက်ခွဲရန်ကြံဆောင်ရာတွင် ပါဝင်သည်ဟု စွပ်စွဲခံရသူ ၁၀ ဦးအား ဖမ်းဆီး

**ဟောင်ကောင် ဇွန် ၁၆**

ဤရက်သတ္တပတ်အတွင်းတွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲကို ဦးတည်ကာ ပုံးဖောက်ခွဲရန် ကြံစည်အားထုတ်သည်ဟူသော စွပ်စွဲချက်များဖြင့် လူ ၁၀ ဦးအား တနင်္လာနေ့ နှောင်းပိုင်းတွင် ဟောင်ကောင်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

သံသယရှိသူများထဲတွင် အသက် ၂၁ နှစ်မှ ၅၈ နှစ်အတွင်းရှိ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးလေးဦးတို့ပါဝင်ကာ အားလုံးမှာ ဟောင်ကောင်မှပင် ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ တရားခံများထဲမှ အချို့မှာဒေသခံ အစွန်းရောက်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဝမ်ချိုင်းနှင့် အက်ဒမိုင်ရယ်လ်တီမြို့ထဲရှိ နေရာပြမြေပုံများကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ပြီး ပေါက်ကွဲစေတတ်သော အစိုင်အခဲ ခုနစ်ကီလိုဂရမ်နှင့်ဆိုင်ကွန် ပုံးစက်ရုံမှ ပေါက်ကွဲစေတတ်သော အရည်ငါးလီတာကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ဤအဖွဲ့အနေဖြင့် အထူးသီးသန့်နေရာမျိုးတွင် တစ်စုံတစ်ရာလုပ်ရန် ကြံဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရာဇဝတ်မှုနှင့် ဒုစရိုက်အဖွဲ့အစည်း နှိမ်နင်းရေးဆိုင်ရာ အုပ်ချုပ်ရေးမှူးအကြီးအကဲ အော်ချင်ချာက ပြောကြားခဲ့သည်။

သံသယရှိသူထဲမှ တစ်ဦး၏ အိမ်တွင် ၂၀၀၅ ခုနှစ် လန်ဒန်ပုံးကွဲမှုဖြစ်စဉ်က သုံးခဲ့သည့် ပြင်းထန်စွာပေါက်ကွဲမှု ဖြစ်စေသည့် အရာမျိုးဖြစ်သည့် TATP ကဲ့သို့သော အရာများကို သိမ်းဆည်းရမိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဟိုချောင်ရွာတွင် တနင်္လာနေ့ညက ရှာဖွေရာ လေသေနတ်နှင့်စနက်တံဖြုတ် လက်နက်များကိုလည်း သိမ်းဆည်းရမိခဲ့သည်။

**(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ်အတွင်း ကျွန်းများတည်ဆောက်နေမှု ပြီးဆုံးတော့မည်ဟု တရုတ်ပြော

**ပေကျင်း ဇွန် ၁၆**

အငြင်းပွားနေသော တောင်တရုတ်ပင်လယ် ရေပိုင်နက်အတွင်းရှိ စပရက်လီကျွန်းများပေါ်၌ ကျွန်းမြေဆယ်တင်ပြုလုပ်နေမှုများ အပြီး သတ်တော့မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အင်္ဂါနေ့က ပြောခဲ့သည်။

အရှေ့တောင် အာရှ၏ ပင်လယ်ရေကြောင်း အချက်အချာဖြစ်သည့် တောင်တရုတ်ပင်လယ် ရေပိုင်နက်အတွင်းတရုတ်က စခန်းများချထားတော့မည်ဟု ဝန်ကြီးဌာနက ပြောဆိုခဲ့သည်။

သို့သော် တည်ဆောက်နေဆဲ သန္တာကျောက်တန်း ခုနစ်ခုအနက် မည်သည့်ကျွန်းများတည်ဆောက်မှု ပြီးဆုံးတော့မည်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနက အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။



တရုတ်သည် အာရှနိုင်ငံတော်တော်များများကို သတိပေးသည့် အနေဖြင့် ကျွန်းတုများ ဖန်တီးတည်ဆောက်မှုကို ပြီးခဲ့သည့်နှစ်က အရှိန်မြှင့်တင် လုပ်ဆောင်ခဲ့ပြီး ဝါရှင်တန်မှ ဝေဖန်ပြစ်တင်မှုများကို ကြီးထွားလာစေခဲ့သည်။ စပရက်လီကျွန်းတစ်ဝိုက်ရှိ တရုတ်ရေတပ်နှင့် အမေရိကန် တပ်ဖွဲ့များအကြား တင်းမာမှုများ ဖြစ်ပွားခဲ့သည်မှာ မကြာသေးပေ။

တရုတ်နိုင်ငံက သင်္ဘောများနှင့် လေယာဉ်များ ဖြတ်သန်းမှုကို ကန့်သတ်မည့် ဝင်ရောက်ခွင့် တားမြစ်ထားသည့် ဇုန်တစ်ခုကြေညာမည်ကို အမေရိကန်တာဝန်ရှိသူများက စိုးရိမ်လျက်ရှိသည်။

**(ရိုက်တာ)**




# ယူနီဆက်ဖ်သံတမန် ဒေးဗစ်ဘက်ခမ်း ကမ္ဘောဒီးယားသို့ လာရောက်လည်ပတ်

**ဖနောင်ပင် ဇွန် ၁၆**

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ချစ်ကြည်ရေးသံတမန် ဒေးဗစ်ဘက်ခမ်းသည် ကလေးများဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဂရုပြုအလေးထားဆောင်ရွက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း တနင်္လာနေ့သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံသား နာမည်ကြီးဘောလုံးသမား ဒေးဗစ်ဘက်ခမ်းသည် ယူနီဆက်နှင့်၎င်း၏မိတ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများက ကလေးများအား ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု၊ အားနည်းသော ကလေးငယ်များအား အန္တရာယ်မှ ကာကွယ်ပေးရန်လာရောက်ခြင်းဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

“ကျွန်တော့်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဟာ အကြမ်းဖက်မှု ကြုံတွေ့ခဲ့ရတဲ့ ကလေးတွေနဲ့တွေ့ဖို့၊ သူတို့ပြောပြတဲ့ သမိုင်းကြောင်းတွေကို နားထောင်ဖို့၊ ယူနီဆက်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေအနေနဲ့ကလေးတွေကို ဘေးကင်းအောင် ဆောင်ရွက်ရာမှာ ပါဝင်ကူညီပေးနိုင်ဖို့ ဖြစ်ပါတယ်” ဟု ဒေးဗစ်ဘက်ခမ်း၏ ကြေညာချက်တွင် ဖော်ပြသည်။

“ကမ္ဘာ့နေရာအချို့မှာ အကြမ်းဖက်မှုတွေကြောင့် ငါးမိနစ်တိုင်းမှာ ကလေးတစ်ဦးနှုန်း သေဆုံးနေပါတယ်။ ဒါကိုရပ်တန့်ဖို့လိုပါတယ်” ဟုလည်း ဘက်ခမ်း၏ကြေညာချက်၌ ဖော်ပြသည်။ ဘက်ခမ်းမှာ သုံးရက်ကြာခရီး လာရောက်လည်ပတ်ရန် ဇွန် ၁၃ ရက်က ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

**(ဆင်ဟွာ)**



# တွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေရှာသင့်သည့်

# ဒိုင်အိုယုကျွန်းစုအငြင်းပွားမှုပြဿနာ

|ထွန်းတောက်|

**ငြိမ်းချမ်းစွာ အဖြေရှာ**

အာရှပစိဖိတ်ဒေသ၌ ကိုရီးယားကျွန်းဆွယ်တင်းမာမှုကြောင့် စစ်မက်ဖြစ်ပွားနိုင်သကဲ့သို့ အရှေ့တရုတ်ပင်လယ်ရှိ ဒိုင်အိုယု သို့မဟုတ် ဆင်ကာကူ ကျွန်းစုအငြင်းပွားမှုကြောင့်လည်း ဒေသတွင်းစစ်ပွဲဖြစ်ပွားနိုင်သည်။ နိုင်ငံရေးပညာရှင်တို့က တရုတ်နှင့်ဂျပန်ခေါင်းဆောင်များအား ဒိုင်အိုယုကျွန်းစုအငြင်းပွားမှုကို တွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းစွာ အဖြေရှာကြရန် အကြံပေးတိုက်တွန်းလျက်ရှိကြသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုအောက်၌ရှိသည့် ဒိုင်အိုယုကျွန်းစုသည် တရုတ်ရှေးမင်း အဆက်ဆက်၏ အုပ်စိုးမှုအောက်တွင် ရှိခဲ့သည့်အတိုင်း သမိုင်းအထောက်အထားများရှိပါကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျပန်နယ်ချဲ့တပ်များက မတရားသိမ်းပိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ပင် တရုတ်နိုင်ငံသည် ဒိုင်အိုယုကျွန်းများကို တရားသဖြင့် ပြန်လည်ရရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဟွာချန်ရင်းက ပြောသည်။

မကြာခဏပင် ၄င်းကျွန်းစုအနီးသို့ တရုတ်သမုဒ္ဒရာစူးစမ်းရေးသင်္ဘောများ၊ ကင်းလှည့်သင်္ဘောများနှင့် ကင်းထောက်လေယာဉ်များ ချဉ်းကပ်လာခဲ့သဖြင့် ဂျပန်ကင်းလှည့်သင်္ဘောများက မောင်းနှင်ထွက်ခွာစေခိုင်းခဲ့ရသောကြောင့် တင်းမာမှုများ ဖြစ်ပေါ်နေခဲ့သည်။

**စစ်ရေးသဘောတူညီချက်စာချုပ်**

အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့ကြားတွင် စစ်ရေးသဘောတူညီချက်စာချုပ်အရ၊ တရုတ်နှင့်ဂျပန် စစ်မက်ဖြစ်ပွားခဲ့လျှင် အမေရိကန်သည် ဂျပန်ဘက်မှ ရပ်တည်၍ တိုက်ခိုက်ပေးရမည့် တာဝန်ရှိနေသည်။ စစ်ပွဲဖြစ်ပွားလာလျှင် သဘာဝအတိုင်းပင် အာရှနှင့် ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်ကျဆင်းနိုင်ပေသည်။

တရုတ်ခေါင်းဆောင်များအနေဖြင့် ဒိုင်အိုယုကျွန်းစုအငြင်းပွားမှုကြောင့် တင်းမာမှုမြင့်တက်လေ၊ တရုတ်တို့အတွက် အကျိုးစီးပွားပိုမိုကြီးထွားလေဟု ယုံကြည်နေဟန်ရှိပြီး ဂျပန်ခေါင်းဆောင်များအနေဖြင့်လည်း နိုင်ငံရေးဂုဏ်သိက္ခာမြင့်တက်ပြီး လူထုထောက်ခံမှု ပိုမိုရရှိစေရန်အတွက် ဒိုင်အိုယုကျွန်းစုနှင့် ပတ်သက်လျှင် အနည်းငယ်မျှ လိုက်လျောမှု မပြုနိုင်ကြောင်းကို ပြသနေဟန်ရှိသည်ဟု အမေရိကန်လက်ထောက် ကာကွယ်ရေးဝန်ကြီးဟောင်း နိုင်ငံရေးသုတေသီချစ်ဂရက်ဆန်က ဝေဖန်သုံးသပ် ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ထိုကဲ့သို့ အတွက်အချက်မှားနေခြင်းကြောင့် ဒိုင်အိုယုကျွန်းစုသို့ ၄င်းတို့၏ ရေတပ်သင်္ဘောများနှင့် ကင်းလှည့်လေယာဉ်များကို ထိပ်တိုက်ရင်ဆိုင်စေရန် ရည်ရွယ်၍ စေလွှတ်နေခြင်းဖြစ်သည်ဟု မစ္စတာချစ်ဂရက်ဆန်က ဝေဖန်ပြောဆိုသည်။

တရုတ်အာဏာပိုင်များသည် ဒိုင်အိုယုကျွန်းစုအရေးကိစ္စနှင့်ပတ်သက်၍ ဂျပန်တို့အနေဖြင့် စစ်ပြုသည်အထိ ပြင်းထန်စွာတုံ့ပြန်မည်ဟုမျှော်လင့်မထားကြပေ။ သို့သော် ယခုဒိုင်အိုယုကျွန်းအငြင်းပွားမှုသည် အမျိုးသားရေး ဂုဏ်သိက္ခာများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံလုံးတွင် တာဝန်ကြီးတစ်ရပ်ရှိနေကြသဖြင့် နောက်မဆုတ်စတမ်း အလျှော့မပေးစတမ်းအခြေအနေသို့ ဆိုက်ရောက်နေသည်ကို တွေ့ရှိရပါသည်ဟူ၍ နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

တရုတ်နိုင်ငံခြားရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဟွာချန်ရင်းက ဒိုင်အိုယုကျွန်းကိစ္စသည် အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် နယ်မြေပိုင်စိုးမှုကိစ္စရပ်ဖြစ်သည့်အတွက် အဓိကအကျိုးစီးပွားအဖြစ် သတ်မှတ်ထားပါသည်ဟု ပြောသည်။

ထိုကဲ့သို့ တရုတ်ခေါင်းဆောင်များက ဒိုင်အိုယုကျွန်းစုမှာ တရုတ်တို့၏ အဓိကအကျိုးစီးပွား (Core Interest) ဟု ပြောဆိုမှုကြောင့် ဂျပန်နှင့်အမေရိကန်အစိုးရ ခေါင်းဆောင်များ စိတ်မသက်မသာဖြစ်ကုန်ကြသည်။

၂၀၁၀ ပြည့်နှစ်မေလအတွင်း၌တရုတ်အာဏာပိုင်များသည် တောင်တရုတ်ပင်လယ်နှင့်ပတ်သက်ပြီး အဓိကအကျိုးစီးပွားဟူသောစကားစုကို ဖော်ပြခဲ့ပြီးတောင်တရုတ်ပင်လယ်ပြင်၏ ဒေသ ၉၀ ရာခိုင်နှုန်းကို တရုတ်တို့ ပိုင်ဆိုင်ကြောင်း ဖော်ပြသည့် လိုင်းကိုးလိုင်းပါရှိသည့် မြေပုံကို ရေးဆွဲထုတ်ပြန်ခဲ့သည့်အတွက် နိုင်ငံတကာက တုံ့ပြန်ကန့်ကွက်ခဲ့သည်။

နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်လျှင် "အဓိက အကျိုးစီးပွား"ဟူသော စကားကို တရုတ်အာဏာပိုင်များက အသုံးပြုလေ့ရှိသည်။ ထိုင်ဝမ်၊ တိဗက်နှင့်ရှင်ဂျန်းနယ်မြေများနှင့်ပတ်သက်လျှင်လည်း တရုတ်အာဏာပိုင်များသည် အဓိကအကျိုးစီးပွားဟူသော စကားကိုပင် အသုံးပြုနေသည်။

သို့သော် နောက်ပိုင်းကာလတွင် တရုတ်နိုင်ငံခြားရေးဌာနသည် "အဓိကအကျိုးစီးပွား"ဟူသော စကားလုံးကို ထပ်မံသုံးစွဲသည်ကို မတွေ့ရှိရတော့ပေ။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

ပေကျင်းအခြေစိုက်မဟာဗျူဟာသုတေသနဌာနမှူး ဆူရှီဝေက "အဓိကအကျိုးစီးပွား" ဟူသော စကား၏ အဓိပ္ပာယ်မှာ ကိစ္စတစ်ရပ်ပေါ်တွင် တရုတ်အစိုးရအနေနှင့် အပေးအယူလုပ်ခြင်း၊ စေ့စပ်ဆွေးနွေးခြင်းများ လုံးဝပြုလုပ်မှုမရှိဘဲ ရှိသမျှအင်အားကို အသုံးပြု၍ ယင်းကိစ္စရပ်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သုံးသပ်ပြောဆိုသည်။

နိုင်ငံတကာအနေဖြင့်လည်း တရုတ်ခေါင်းဆောင်များသည် အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ပတ်သက်လျှင် အလွန်အလေးထားဆောင်ရွက်ပြီး မည်သည့်အခက်အခဲများရှိပါစေ ရင်ဆိုင်ကျော်လွှားဖြေရှင်းတတ်မှုကို ယခင်ကပင် လေ့လာသိရှိထားပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့်ပတ်သက်နေ၍ တောင်တရုတ်ပင်လယ် ထိုင်ဝမ်၊ တိဗက်၊ မွတ်ဆလင်များနေထိုင်သည့် ရှင်ဂျန်းပြည်နယ်နှင့်ဒိုင်အိုယုကျွန်း ကိစ္စများကြောင့်ပင်တရုတ်တို့အနေနှင့် အပေးအယူ အလျှော့အတင်းမပြုလုပ်နိုင်သည့်အတွက် တရုတ်နှင့်အမေရိကန်တို့ကြားတွင်ပင် တင်းမာမှုကူးစက်ပျံ့နှံ့လာခြင်းဖြစ်သည်ဟု သုတေသီ ဆူရှီဝေက သုံးသပ်ပြသည်။

**တင်းမာမှုမြင့်တက်**

၂၀၁၄ ခုနှစ်အတွင်း၌ တရုတ်အာဏာပိုင်တို့သည် ဒိုင်အိုယုကျွန်းစုအငြင်းပွားမှုကိစ္စနှင့်ပတ်သက်၍ အခြေအနေများ ပိုမိုတင်းမာလာစေရန် ဆောင်ရွက်လာမှုကိုတွေ့ရှိရသည်။ ဖြစ်ရပ်တစ်ခုမှာ လွန်ခဲ့သည့် မေ ၂၃ ရက်နေ့တွင် တရုတ်နိုင်ငံမှ ပင်လယ်သမုဒ္ဒရာလေ့လာတိုင်းတာရေး သင်္ဘောရှစ်စင်းသည် ဒိုင်အိုယုကျွန်း၏ရေမိုင် ၁၂ မိုင်ဇုန်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ဂျပန်ရေတပ်ကင်းလှည့်သင်္ဘောများသည် တရုတ်သင်္ဘောများကို ဂျပန်ရေပိုင်နက်မှ ထွက်ခွာသွားစေရန် အကြောင်းကြားအသိပေးခဲ့ရပြီး နှစ်နိုင်ငံသင်္ဘောများကြားတွင် ထိပ်တိုက်ရန်စောင်မှုများဖြစ်ပေါ်ခဲ့ရသည်။

ဆစ်ဒနီတက္ကသိုလ်မဟာဗျူဟာလေ့လာရေးဌာနမှ သုတေသီဂျင်ဒွန်ယွမ်က တရုတ်ခေါင်းဆောင်များသည် ကျွန်းစုအငြင်းပွားမှုနှင့်ပတ်သက်၍ ပေါ်လစီပြောင်းလဲနိုင်သည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

ပြဿနာတစ်ရပ်အပေါ်တွင် စိန်ခေါ်ဆန့်ကျင်သူပေါ်ပေါက်လာပါက တရုတ်အာဏာပိုင်များသည် စံအဆင့်ကို ပြောင်းလဲသတ်မှတ်မှုမလုပ်ဘဲ ပိုနေမြဲ၊ ကျားနေမြဲအနေအထားကို ထိန်းသိမ်းထားလေ့ရှိကြောင်း၊ ဒိုင်အိုယုကျွန်းစုအရေးတွင်လည်း တရုတ်ခေါင်းဆောင်များသည် ထိုအတိုင်းကျင့်သုံးနေကြောင်း သုတေသီဂျင်ဒွန်ယွမ်က ဝေဖန်ပြောဆိုသည်။

နောက်ပိုင်းကာလများတွင် တရုတ်အာဏာပိုင်များသည် ဒိုင်အိုယုကျွန်းစုအနီးသို့ ၄င်းတို့၏သင်္ဘောများကို မစေလွှတ်သလောက်ပင် ရှိခဲ့ကြကြောင်း၊ သို့သော် ဒိုင်အိုယုကျွန်းစုအပေါ် နယ်မြေပိုင်စိုးမှုရှိသည့် အခွင့်အရေးများကို ကျယ်ကျယ်လောင်လောင်တောင်းဆိုလာကြပြီး ကျွန်းစုအပေါ်တွင် ဂျပန်အစိုးရနှင့် ပူးတွဲအုပ်ချုပ်လိုသည့် ၄င်းတို့၏သဘောထားအမှန်ကို ပြောင်ကျကျပင် ထုတ်ဖော်ပြသလာကြကြောင်း သုတေသီဂျင်ဒွန်ယွမ်က ဝေဖန်ပြောဆိုသည်။

သို့သော် နိုင်ငံရေးသုတေသီတစ်ဦးဖြစ်သည့် ဇောင်ဂျီဟွန်က ထိုင်ဝမ်၊ တိဗက်နှင့်မွတ်ဆလင်ရှင်ဂျန်းပြည်နယ်အရေးကိစ္စများသည် အပေးအယူ အတိုးအလျှော့လုပ်၍ မရနိုင်သည့်အဓိကအကျိုးစီးပွားကိစ္စမှန်သော်လည်း ဒိုင်အိုယုပြဿနာမှာ တရုတ်နှင့် ဂျပန်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်သည့် ကိစ္စဖြစ်ပါသည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

> **တရုတ်ခေါင်းဆောင်များအနေဖြင့် ဒိုင်အိုယုကျွန်းစုအငြင်းပွားမှုကြောင့် တင်းမာမှု မြင့်တက်လေ၊ တရုတ်တို့အတွက် အကျိုးစီးပွားပိုမိုကြီးထွားလေဟု ယုံကြည်နေဟန်ရှိပြီး ဂျပန်ခေါင်းဆောင်များအနေဖြင့်လည်း နိုင်ငံရေး ဂုဏ်သိက္ခာမြင့်တက်ပြီး လူထုထောက်ခံမှု ပိုမိုရရှိစေရန်အတွက် ဒိုင်အိုယုကျွန်းစုနှင့် ပတ်သက်လျှင် အနည်းငယ်မျှ လိုက်လျောမှု မပြုနိုင်ကြောင်းကို ပြသနေ ဟန်ရှိသည်ဟု အမေရိကန်လက်ထောက် ကာကွယ်ရေးဝန်ကြီးဟောင်း နိုင်ငံရေးသုတေသီချစ်ဂရက်ဆန်က ဝေဖန်သုံးသပ်...**

# ဒီမိုကရေစီ ဖော်ဆောင်မှုကြောင့် ဟောင်ကောင်တွင် လုံခြုံရေးတပ်လှန့်

**ဟောင်ကောင် ဇွန် ၁၆**

ယခုပတ်တွင် ကျင်းပမည့် တရုတ်အားပေးထောက်ခံမှုပြုထားသော စာဒကတက်ဖွယ်ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အရေးကြီးသော ဆန္ဒမဲပေးခြင်းမတိုင်မီ အာဏာပိုင်များက လူ ၁၁ ဦးကို ဖမ်းဆီးပြီး သံသယဖြစ်ပွားဖွယ်ပေါက်ကွဲစေတတ်သော ပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး တစ်ရက်အကြာတွင် အကြမ်းဖက်မှုများကို သည်းခံလိမ့်မည်မဟုတ်ကြောင်း ဟောင်ကောင်ခေါင်းဆောင်က ဇွန် ၁၆ ရက်တွင် သတိပေးခဲ့သည်။

တရုတ်အဆောက်အအုံနှင့် မီးရထားရုံများအပါအဝင် တရုတ်အာဏာစက်ပျံ့နှံ့ရာ ဟောင်ကောင်မြို့တော်တစ်ခုလုံးတွင် လုံခြုံရေးများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ လာမည့် ၂၀၁၇ တွင် ခေါင်းဆောင်သစ်ကို မည်သို့ ရွေးကောက်တင်မြှောက်မည်နည်းဆိုသည့်အပေါ် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေး အစီအစဉ်နှင့်ပတ်သက်ပြီး ဟောင်ကောင်က အကြိတ်အနယ်အဖြေထုတ်နေသည်။ ဒီမိုကရေစီထောက်ခံဆန္ဒပြသူများသည် လွန်ခဲ့သောနှစ် နှောင်းပိုင်းက ယခင် ဗြိတိသျှကိုလိုနီစနစ်၏ အစိတ်အပိုင်းများကို အကြီးအကျယ်ထိခိုက်ပျက်စီးစေပြီးနောက် အာဏာပိုင်များတွင် လုပ်ပိုင်ခွင့် အခွင့်အလမ်းများ မရှိသလောက်နည်းပါးလာသည်။ ၄င်းအာဏာပိုင်များက ဆယ်စုနှစ်အတွင်း အကြီးမားဆုံး နိုင်ငံရေးစိန်ခေါ်မှုကြီးကို တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်မှုအပိုင်းသို့ တင်ပြခဲ့သည်။ ဟောင်ကောင်လူ့ဘောင်အဖွဲ့အစည်းက မည်သည့် တရားမဝင်ဆောင်ရွက်မှုမှန်သမျှကို လက်ပိုက်ကြည့်မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

(ရိုက်တာ)

*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီးရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့် ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# သမ္မတက လွှတ်တော်အမတ်ဖြစ်ရမယ်တဲ့လား

မောင်မင်းခေါင်

လွှတ်တော်ကြီးက ပြည်သူအများ ဖတ်ရှုလေ့လာနိုင်ဖို့ဆိုပြီး "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)" နှစ်ခုကို သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ခဲ့ပြီးပါပြီ။ ဒီဥပဒေ (မူကြမ်း)ကို ဖတ်ကြည့်ရင်းနဲ့ မောင်မင်းခေါင်ရဲ့ ရင်ထဲ၊ အူထဲ၊ အသည်းထဲမှာကို နေလို့မရအောင် ကလိကလိဖြစ်လာတဲ့ အချက်ကလေးတစ်ခုကိုတော့ ပြည်သူအများကို ဝေမျှခံစားရအောင် တင်ပြချင်ပါတယ်ခင်ဗျာ။

အဲဒီအချက်ကတော့ "နိုင်ငံတော်သမ္မတဟာ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ရမယ်"ဆိုတဲ့ ကိစ္စပါပဲ။ အခြေခံဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ(မူကြမ်း)မှာ ဒီကိစ္စကို ပြင်ဆင်ချက်နှစ်ခုနဲ့ ပုံဖော်ထားတာတွေ့ရပါတယ်။ ပထမပြင်ဆင်ချက်ကတော့ အခြေခံဥပဒေပုဒ်မ ၆၀(ဂ)ကို ပြင်ဆင်တာဖြစ်ပြီးတော့ ဒုတိယသမ္မတရွေးကောက်တင်မြှောက်ရာမှာ မူလက "လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင်မြှောက်ရမည်" လို့ ပါရှိရာကနေ အခု ဥပဒေ(မူကြမ်း)ထဲမှာ "ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်" လို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဆိုလိုတာကတော့ သမ္မတဖြစ်လာနိုင်တဲ့ ဒုတိယသမ္မတတစ်ဦးဟာ ပြည်ထောင်စုလွှတ်တော်ထဲမှာရှိနေတဲ့ ရွေးကောက်တင်မြှောက်ခံထားရတဲ့ (ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ထဲက အရပ်သား) လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ရမယ်ဆိုတဲ့ အချက်ပါ။

ဒုတိယပြင်ဆင်ချက်ကတော့ ပြင်ဆင်တာမဟုတ်ဘဲ ပယ်ဖျက်မှုနှစ်ရပ်ဖြစ်ပါတယ်။ ပယ်ဖျက်တဲ့ပုဒ်မနှစ်ခုကတော့ ပုဒ်မ ၆၂ နဲ့ ပုဒ်မ ၆၃ တို့ဖြစ်ကြပါတယ်။ ပုဒ်မ ၆၂ ကတော့ "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ" ဆိုတဲ့ ပုဒ်မဖြစ်ပြီးတော့ ပုဒ်မ ၆၃ ကတော့ "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်" လို့ ဆိုထားပါတယ်။ ဒီပုဒ်မနှစ်ခုကို ပယ်ဖျက်လိုက်တဲ့အတွက် ထွက်ပေါ်လာတဲ့ အဓိပ္ပာယ်ကတော့-

(၁) [ပုဒ်မ ၆၀(ဂ)ကိုပြင်လိုက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်] သမ္မတနဲ့ ဒုတိယသမ္မတတွေဟာ ဒီရာထူးတွေယူလိုက်ပေမယ့် တစ်ချိန်တည်းမှာ လွှတ်တော် ကိုယ်စားလှယ်နဲ့ သမ္မတ သို့မဟုတ် ဒုတိယသမ္မတတွေအဖြစ် ဆက်လက်ပြီး ပူးတွဲတည်ရှိနေနိုင်တယ်။

(၂) သမ္မတ သို့မဟုတ် ဒုတိယသမ္မတရာထူး ရယူလိုက်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်စရာမလိုဆိုတဲ့သဘောတွေ မြင်ရပါတယ်။

ဒါကြောင့် အခု အခြေခံဥပဒေပြင်ဆင်ချက်သာ အတည်ဖြစ်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ထူးထူးခြားခြား "နိုင်ငံတော် သမ္မတအမတ်မင်း" တစ်ယောက် ပေါ်ပေါက်လာဖို့ရှိနေပါတယ်။

**ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်မည့်သမ္မတ**

အဲလိုသာ "နိုင်ငံတော်သမ္မတအမတ်မင်း" ပေါ်ပေါက်လာမယ်ဆိုရင်တော့ ကမ္ဘာ့ဒီမိုကရေစီ ကျင့်သုံးတဲ့နိုင်ငံတွေထဲမှာ ထူးထူးခြားခြား ပထမဆုံးအနေနဲ့ "နိုင်ငံတော်သမ္မတအမတ်မင်း" ရှိတဲ့ နိုင်ငံအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန် မှတ်တမ်းဝင်သွားလိမ့်မယ်လို့ မောင်မင်းခေါင်ထင်ပါတယ်ခင်ဗျ။ အဲဒါဆိုရင်တော့ ကမ္ဘာပေါ်မှာ မှတ်ဉာဏ်အကောင်းဆုံးလူသားအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးပြီးရင် မြန်မာနိုင်ငံသားထဲက ဒုတိယမြောက် ဂင်းနစ်မှတ်တမ်းဝင် ကမ္ဘာ့အံ့ဖွယ်ပုဂ္ဂိုလ်ကြီးဖြစ်လာမှာပါ။

သို့ပေမယ့်လည်း အဲလို အံ့ဖွယ်သူရဲမှတ်တမ်းစာရင်း အသွင်းခံရရင်တောင်မှ ဝမ်းသာ အားရ လက်ခမောင်းခတ် ဂုဏ်ယူရမယ့်ကိစ္စ ဟုတ်ပါ့မလားလို့တော့ မောင်မင်းခေါင် အကြီးအကျယ်သံသယဖြစ်မိပါရဲ့။

ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ်မှာ သမ္မတအုပ်ချုပ်တဲ့ အမှုဆောင်သမ္မတ (Executive Presidency) စနစ်ပဲဖြစ်ဖြစ်၊ ဝန်ကြီးချုပ်အုပ်ချုပ်တဲ့ ပါလီမန်အုပ်ချုပ်ရေး (Parliamentary Administration) စနစ်မှာပဲဖြစ်ဖြစ် ဘယ်စနစ်မှာမှ နိုင်ငံ့ဦးသျှောင် (Head of State) တစ်ယောက်ဟာ လွှတ်တော်အမတ်လုပ်တာ ကြားလည်းမကြားဖူး၊ ရှိလည်းမရှိခဲ့ဖူးလို့ပါပဲ။

နိုင်ငံ့ဦးသျှောင် (Head of State) ဆိုတာ တစ်နိုင်ငံလုံးရဲ့အထွတ်အထိပ်ပုဂ္ဂိုလ်ပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၈ အရ "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်" လို့ ဆိုထားပါတယ်။ ဒါ့အပြင် ပုဒ်မ ၁၉၉(က)အရလည်း နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲ (Head of Executive) ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့သမ္မတရာထူးဟာ အမေရိကန် ပြည်ထောင်စုတို့၊ ဖိလစ်ပိုင်နိုင်ငံတို့လိုပဲ နိုင်ငံတော်အကြီးအကဲ (Head of State) ဖြစ်သလို အုပ်ချုပ်ရေးအကြီးအကဲ (Head of Executive) သို့မဟုတ် (Head of Government) လည်း ဖြစ်ပါတယ်။ အများနားလည်လွယ်အောင် ပြောရရင် အခုပြောခဲ့တဲ့ နိုင်ငံတွေက နိုင်ငံတော်သမ္မတတွေဟာ ဗြိတိန်၊ ထိုင်း စတဲ့နိုင်ငံတွေက ဘုရင်၊ ဘုရင်မတွေနဲ့ ဝန်ကြီးချုပ်တွေ နှစ်မျိုး ပေါင်း ထားတာနဲ့ တူပါတယ်။ အဲဒါကိုပဲ အမှုဆောင်သမ္မတ (Executive Presidency) လို့ နာမည်ပေးထားတာဖြစ်ပါတယ်။

**အမှုဆောင်သမ္မတစနစ်နဲ့ ပါလီမန်အုပ်ချုပ်ရေးကွာခြားချက်**

သမ္မတအုပ်ချုပ်တဲ့ အမှုဆောင်သမ္မတစနစ်နဲ့ ဝန်ကြီးချုပ်အုပ်ချုပ်တဲ့ ပါလီမန်အုပ်ချုပ်ရေးစနစ် ကွာခြားချက်ကတော့ အာဏာသုံးရပ်ပိုင်းခြားသုံးစွဲမှုပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)မှာ "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်"လို့ ဆိုပါတယ်။ ဒါဟာ အမှုဆောင်သမ္မတ စနစ်ရဲ့ ထူးခြားတဲ့အနှစ်သာရပါ။ အများနားလည်လွယ်အောင် ပြောရမယ်ဆိုရင်တော့ အမှုဆောင်သမ္မတစနစ်မှာ လွှတ်တော်နဲ့အစိုးရအကြား သီးခြားကင်းလွတ်စွာ ရပ်တည်ပြီး အပြန်အလှန် ထိန်းကျောင်းရတာဖြစ်ပါတယ်။

ဒါကြောင့်မို့ အမှုဆောင်သမ္မတစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေအားလုံးမှာ သမ္မတနဲ့ ဝန်ကြီးတွေဟာ လွှတ်တော်အမတ်မဖြစ်ရပါဘူး။ ဖြစ်နေခဲ့ရင်လည်း နုတ်ထွက်ရပါတယ်။ ဥပမာအားဖြင့် ဆိုရင် ဆီးနိတ်လွှတ်တော်အမတ် အိုဘားမားဟာ သူ့ရဲ့အမတ်နေရာကို စွန့်လွှတ်ပြီးမှ အမေရိကန်သမ္မတအဖြစ် ရရှိတာဖြစ်ပါတယ်။ အဲလိုပဲ ဆီးနိတ်လွှတ်တော်အမတ် ဟီလာရီကလင်တန်နဲ့ ဂျွန်ကယ်ရီတို့ဟာလည်း သူတို့ရဲ့အမတ်အဖြစ်ကို စွန့်လွှတ်ပြီးမှ သမ္မတအိုဘားမားရဲ့ အစိုးရအဖွဲ့မှာ နိုင်ငံခြားရေးဝန်ကြီးတွေအဖြစ် တာဝန်ယူခဲ့ကြတာဖြစ်ပါတယ်။

ပါလီမန်အုပ်ချုပ်ရေးစနစ်မှာတော့ ဥပဒေပြုမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ရောယှက်ပြီး၊ အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့ ဝန်ကြီးချုပ်ဟာ အာဏာရပါတီခေါင်းဆောင် လွှတ်တော်အမတ်ဖြစ်ပါတယ်။ ဝန်ကြီးတွေကတော့ လွှတ်တော်အမတ်ထဲကပဲဖြစ်ဖြစ်၊ တခြားပုဂ္ဂိုလ်ထဲကပဲ ဖြစ်ဖြစ် တာဝန်ယူနိုင်ပါတယ်။ ဒီနေရာမှာ တခြားပုဂ္ဂိုလ်ထဲက ရွေးချယ်တာဝန်ပေးနိုင်တဲ့အကြောင်း တင်ပြချင်ပါတယ်။ နိုင်ငံတော်အတွင်းမှာရှိနေတဲ့ ထူးခြားတဲ့ စွမ်းဆောင်ရည်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်တာဝန်ပေးအပ်နိုင်အောင်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

အခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်ဥပဒေကြမ်းမှာ နိုင်ငံတော်သမ္မတဟာ လွှတ်တော်အမတ်ဖြစ်ရမယ်ဆိုတဲ့ ပြင်ဆင်သတ်မှတ်ချက်ကိုတွေ့ရတော့ ဒါဟာ အာဏာသုံးရပ်ကို ပိုင်းခြားသုံးစွဲတဲ့ အမှုဆောင်သမ္မတစနစ်ရဲ့ အနှစ်သာရ လုံးဝပျက်ပြားသွားတာ ဖြစ်ပြီးတော့၊ ပါလီမန်အုပ်ချုပ်ရေးစနစ်ဘက်ကို သိသိသာသာကြီး ဆွဲယူသွားတာလို့ပဲ သုံးသပ်မိပါတယ်။ အဲလို ပါလီမန်အုပ်ချုပ်ရေးဘက် သွားမယ်ဆိုရင်လည်း ရှင်းရှင်းလင်းလင်းဖြစ်အောင် အခြေခံမူကိုပါပြင်သင့်တာပေါ့။ အခုတော့ ဒီလို ကိုယ်လိုရာဆွဲပြီး ပြင်ချလိုက်တာဟာ ရှေ့နောက်မညီသလို အတော်ကလေး ခွတီးခွကျဖြစ်သွားတယ်လို့ မောင်မင်းခေါင်ထင်ပါတယ်။

**ဘယ်သမ္မတမှ အမတ်ဖြစ်ရိုးထုံးစံမရှိ**

တကယ်တော့ ပါလီမန်အုပ်ချုပ်ရေးစနစ်မှာတောင်မှ နိုင်ငံဦးသျှောင်ဖြစ်တဲ့ စည်းမျဉ်းခံ ဘုရင်၊ ဘုရင်မတွေ၊ နိုင်ငံတော်သမ္မတတွေဟာ လွှတ်တော်ထဲမှာ အမတ်အဖြစ် တာဝန်ယူရိုးထုံးစံ မရှိပါဘူးခင်ဗျာ။

အဲလိုထုံးစံမရှိရတာကလည်း အဓိကအားဖြင့် အချက်ကြီးနှစ်ချက်ကြောင့်ဖြစ်တယ်လို့ မောင်မင်းခေါင်မှတ်သားရပါတယ်။

ပထမအချက်ကတော့ နိုင်ငံ့ဦးသျှောင် (Head of State) တွေဟာ နိုင်ငံသား အားလုံးရဲ့ အထွတ်အထိပ်ဖြစ်လို့ နိုင်ငံသားအားလုံးနဲ့ဆိုင်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအရ ဘယ်ပါတီအစုအဖွဲ့ဘက်ကိုမှ မလိုက်ရပါဘူး။ ဘက်မလိုက်ဘဲ ရပ်တည်ရပါတယ်။ ဒါကြောင့် ပါတီတစ်ခုခုရဲ့ ပါတီဝင်အဖြစ်နဲ့ ရွေးကောက်ခံပြီး အမတ်ဖြစ်ခဲ့ရင်တောင် နုတ်ထွက်ရတာဖြစ်ပါတယ်။

ဒါကြောင့် ပါလီမန်အုပ်ချုပ်ရေးစနစ်ကျင့်သုံးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၄၇(၁)မှာ "နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာ မည်သည့်လွှတ်တော်၏ အမတ်မျှမဖြစ်စေရ"လို့ပါရှိပြီး ပုဒ်မ ၄၇(၂)မှာ "ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သော်၊ ထိုအမတ်သည် သက်ဆိုင်ရာ လွှတ်တော်၌ မိမိ၏အမတ်နေရာကို စွန့်လွှတ်ခဲ့ပြီဖြစ်သည်ဟု မှတ်ယူရမည်" လို့ ဆိုထားတာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအကြီးအကဲမျှသာဖြစ်တဲ့ ဝန်ကြီးချုပ်ကတော့ အမတ်အဖြစ်ကနေ နုတ်ထွက်ဖို့မလိုပါဘူး။

ဒုတိယအချက်ကတော့ ဥပဒေကြောင်းပိုဆန်ပါတယ်။ နိုင်ငံ့ဦးသျှောင်အကြီးအကဲဟာ သူကိုယ်တိုင် ဥပဒေပြုအဖွဲ့အစည်း (Legislature) တစ်ခု

**ဥပဒေသီအိုရီသဘောတရားတွေနဲ့ မဟုတ်ဘဲ ရိုးရိုးကလေး လူသာမန်အတွေးနဲ့တွေးကြည့်ရင်တောင်မှပဲ နိုင်ငံတစ်ခုလုံးကို ကိုင်တွယ်စီမံအုပ်ချုပ်ရတဲ့ နိုင်ငံတော်သမ္မတ တစ်ယောက်ဟာ ဒီလောက်အလုပ်များတဲ့ကြားထဲက တစ်နှစ်မှာ ရှစ်လလောက်ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးထဲကို ခေါင်းပေါင်းကြီးစွပ်ပြီး ငုတ်တုတ်သွားထိုင်နေရမယ်ဆိုရင် ဘယ်လိုများ သမ္မတအလုပ်ကို သွားလုပ်ရပါ့မလဲဆိုတာ စဉ်းစားစရာကြီးပါ။**

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများ သင့်တော်ရာ ပညာရေးကျောင်း၊ သင်တန်းများနှင့်အလုပ်အကိုင်အခွင့်အလမ်းများရွေးချယ်နိုင်ရေးကို အထောက်အကူပြုမည်ဖြစ်သော International Education & Career Fair 2015 ကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့စိတ်ကြိုက်ရွေးချယ်နိုင်သော ပညာရေးကျောင်းများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပမှ တက္ကသိုလ်နှင့်ကောလိပ်များ၊ ပုဂ္ဂလိက ကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများ၊ IT နှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာ သင်တန်းကျောင်းများ၊ နိုင်ငံခြား တက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်း ကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုး အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေးပြခန်းများဖြင့် ပညာရေးကဏ္ဍပိုမိုမြင့်မားရေးအတွက် အထောက်အပံ့ဖြစ်စေရန် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးကဏ္ဍလေ့လာသူများ ကျောင်းသားကျောင်းသူများကို ဇွန် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် MHR Centrey မှ ပါမောက္ခ ဦးအေးကျော်က လူငယ်များအတွက် "Essential Skills for Better Job"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းသိရသည်။

**ခင်မောင်သော်**

# မုတ်သုံလေ အားအသင့်အတင့်ရှိ

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**(မိုး/ဇလ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဒီမိုကရေစီစနစ်တွင် လူ့အခွင့်အရေးအကြောင်းကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လို

နေပြည်တော် ဇွန် ၁၆

**ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာစိစစ်ချက် အစီရင်ခံစာများကို ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်(၁၉၆၆)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် လူထုအခြေပြု ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေချိန်ဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဆိုပါက အခက်အခဲရှိမည် မဟုတ်ကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က ပြန်လည်သုံးသပ်ဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ နှစ်ပတ်လည် အစီရင်ခံစာ (၂၀၁၄ ခုနှစ်)နှင့်စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းများသည် အလွန်အရေးကြီးပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် လူ့အခွင့်အရေးအကြောင်းကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် လိုအပ်ပါကြောင်း၊ ထို့အတူ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အနေဖြင့် ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အပြည့်အဝ အသုံးချသင့်ပါကြောင်း၊ ကော်မရှင်၏ သက်တမ်းကိုးလအတွင်း လုပ်ငန်းများဆောင်ရွက်နိုင်မှုကို အလေးထားပါကြောင်း၊ ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အားကိုးရသည့်ကော်မရှင် တစ်ခုဖြစ်စေလိုပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအပေါ် လွှတ်တော်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ နှစ်ပတ်လည် အစီရင်ခံစာ (၂၀၁၄ ခုနှစ်)ကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဘွိုင်လာဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရာသီအလိုက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စီမံချက်များစနစ်တကျရေးဆွဲ

နေပြည်တော် ဇွန် ၁၆

**ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းဝေး (၆၅)ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့ စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ် (ဆားပြင်ကွင်း)ရပ်ကွက်တို့တွင် မိုးရေစီးဆင်းမည့်လမ်းကြောင်းမရှိ၍ သွေးလွန်တုပ်ကွေးရောဂါနှင့် တွေ့ကြုံနေရသည်ကို သိရှိပါသလား၊ အိမ်ပိုင်ယာပိုင်မရှိသေးသည့် လက်လုပ်လက်စားများအတွက် ရပ်ကွက်သစ်များတိုးချဲ့ကာ မြေကွက်များ ချထားပေးရန်နှင့် တရားမဝင်သည့်နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းနှင့် အခြားမြေလွတ်များ အသုံးပြုနေခြင်းများကို မည်သည့်အချိန်တွင် မည်သို့အရေးယူသွားမည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ပိတ်ဆို့နေသည့် ရေမြောင်းများကို အမြန်ဆုံးတူးဖော်ရန်စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ ခြင်မှတစ်ဆင့် ကူးစက်နိုင်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် ဆင်ခြေထောက်ရောဂါများ ရာသီအလိုက် ဖြစ်ပွားနိုင်သဖြင့် ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးများကို အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ရာသီအလိုက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စီမံချက်များစနစ်တကျရေးဆွဲခြင်း၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေး ရှင်းလင်းခြင်း၊ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ပိုးလောက်လမ်းနှိမ်နင်းရေးနှင့်သိုလှောင်ရေးအတွင်း Abate ဆေးခပ်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ သံသယရှိလူနာများကို စစ်ဆေးခြင်း၊ ကုသမှုပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ရန်စီစဉ်လျက် ရှိပါကြောင်း၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၅၊ ၆၆၊ ၆၇ တို့ပါ ပုဒ်မခွဲများအရ ကျောက်ဖြူမြို့ပေါ်ရှိ တရားမဝင်သည့် နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းများအသုံးပြုနေခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ပြီး ဥပဒေနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားမြေလွတ်များ အသုံးပြုနေခြင်းများကိုလည်း ဥပဒေအကြံပြုချက်ရယူကာ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်စုံတစ်ရာ ထိခိုက်၍ လူမှုရေးအရကူညီပေးရမည့်သူများရှိလာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် ညှိနှိုင်းဆွေးနွေးပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



**ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။** (သတင်းစဉ်)



**ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းစဉ်။** (သတင်းစဉ်)

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# စကားတောင် ရေကြောင်းသောင်တူးခြင်းလုပ်ငန်းသည် ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်

**နေပြည်တော် ဇွန် ၁၆**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၏ **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်အစား ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေသည့် တခြားအမည်ဖြင့် တရားဝင်ဆိုင်းဘုတ်တင်ခွင့်ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉အရ တရားဝင် မှတ်ပုံတင်ခွင့်ပြုထားသည့် ပါတီအမည်ကိုသာ သုံးစွဲရန်နှင့် မှတ်ပုံတင်ထားခြင်းမရှိသော ပါတီအဖွဲ့အစည်း အမည်အမျိုးမျိုးတပ်ကာ ရပ်ကွက်/ကျေးရွာများတွင် ဆိုင်းဘုတ်တင်ခြင်းကို ခွင့်မပြုကြောင်း သက်ဆိုင်ရာပါတီသို့ သတိပေး ပြောကြားရန် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏အမည်ကိုသာ သုံးစွဲ၍ ဆိုင်းဘုတ်တင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသော ပါတီအမည်ဖြင့် ဆိုင်းဘုတ်တင်ခွင့် မရှိပါကြောင်းဖြင့် ဖြေကြားသည်။



**ဒုတိယဝန်ကြီး ဦးဟံစိန် ဖြေကြားစဉ်။** (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့ယိန်း၏ **ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်း စီမံကိန်းများနှင့် ပတ်သက်ပြီး သိရှိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတွင် ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ရမည့်အပိုင်းမှာ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ချင်းပြည်နယ် ပလက်ဝမြို့အထိ အလျား ၉၈ မိုင်ခန့်ဖြစ်ပါကြောင်း၊ စစ်တွေမြို့နှင့် ကျောက်တော်မြို့အကြားတွင် ရေလမ်းကြောင်း ခက်ခဲကျပ်တည်းမှု မရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကျောက်တော်မြို့နှင့် ပလက်ဝမြို့အကြား အလျား ၄၈ မိုင်အတွင်း သောင်တူးဖော်ရှင်းလင်းရန် လိုအပ်သောနေရာများမှာ ပလက်ဝရေကြောင်း၊ ကံ့ဝရေကြောင်း၊ လောင်းဂဒူးရေကြောင်းနှင့် စကားတောင်ရေကြောင်းတို့ဖြစ်ပါကြောင်း။



**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့ယိန်း မေးမြန်းစဉ်။** (သတင်းစဉ်)

ပလက်ဝရေကြောင်းနှင့် ကံ့ဝရေကြောင်း သောင်တူးခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ စကားတောင်ရေကြောင်း သောင်တူးခြင်းလုပ်ငန်းသည်လည်း ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ဇွန်လအလယ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လောင်းဂဒူးရေလမ်း သောင်တူးခြင်းလုပ်ငန်း ၂၄၀၄၃ ကုဗမီတာအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဝေးပြေးကားလမ်းမနှင့် ပတ်သက်၍ ကလက်ဝ (စက်ပြစ်ပြင်)မှ မြိတ်ဝ(ဇိုရင်ပွီ) မြန်မာ-အိန္ဒိယနယ်စပ်အထိ ၄၈ ဒသမ ၅ ကီလိုမီတာအား အသေးစိတ်ခန့်မှန်းခြေစာရင်းတွက်ချက်ပြီး ခန့်မှန်းခြေ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

◆ *ရှေ့ဖုံးမှ*

CLMV Joint Statement၊ Nay Pyi Taw Declaration နှင့် Action Plan ၂၀၁၆-၂၀၁၈ များ ထုတ်ပြန်နိုင်ရေး၊ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတက်ရောက်ရန် အထူးဧည့်သည်တော်များ ညစာစားပွဲနှင့် ACMECS, BUSINESS FORUM သို့ တက်ရောက်မည့် ဧည့်သည်တော်များ၊ နိုင်ငံတော်သမ္မတက ဧည့်သည်များ လက်ခံတွေ့ဆုံရာတွင် တက်ရောက်ကြရမည့် စီးပွားရေးလုပ်ငန်းရှင်များအား တက်ရောက်နိုင်ရန် အကြောင်းကြားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိပ်သီးအစည်းအဝေးသို့ လာရောက်ကြမည့် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ဇနီးများ၏ ခရီးစဉ်များ ကြိုဆိုရေးနှင့် နေပြည်တော် လေဆိပ်ရောက်ရှိထွက်ခွာခြင်းနှင့် MICC-I တွင် ဝတ်စုံပြည့်ကြိုတင်စမ်းသပ် လေ့ကျင့်မှုများကိုလည်း စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများမှ လိုအပ်ချက်များရှိပါက တင်ပြဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးသို့ လာရောက်မည့် ဧည့်သည်ဦးရေ၊ ကြိုဆိုရေးဆောင်ရွက်ထားရှိမှုနှင့် ကွပ်ကဲရေးဗဟိုအဖွဲ့ ဖွဲ့စည်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက (စီအယ်လ်အမ်ဗွီ)နှင့် ACMECS ထိပ်သီးအစည်းအဝေးကို အာဆီယံ Summit အစည်းအဝေးကဲ့သို့ နိုင်ငံ၏ ပုံရိပ်ကောင်းများ ထင်ဟပ်ကျန်ရှိစေရန် ကော်မတီအသီးသီးက လုံ့လဝီရိယရှိရှိနှင့်ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အစည်းအဝေးသို့ ကျင်းပရေးဗဟို ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## *အမျိုးသားလွှတ်တော်မှ*

စီမံကိန်းတန်ဖိုးကို ညှိနှိုင်းလျက်ရှိပါကြောင်း၊ ပလက်ဝမှ ကလက်ဝ (စက်ပြစ်ပြင်)အထိ (၆၀ ဒသမ ၇)ကီလိုမီတာကို လမ်းအူကြောင်းရွေးချယ်ခြင်း၊ တိုင်းတာခြင်းများ ပြုလုပ်၍ တင်ပြထားပါကြောင်း၊ ပလက်ဝ-ကလက်ဝအပိုင်းကို မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်၍ ပလက်-မြိတ်ဝ (ဇိုရင်ဗွိ)အပိုင်းကို အိန္ဒိယဘက်မှ ဆောင်ရွက်ရန် ညှိနှိုင်းလာပါကြောင်း၊ နှစ်နိုင်ငံ သဘောတူ အတည်ပြုပါက အဆိုပြုလမ်းကြောင်းအား ရွေးချယ်သတ်မှတ်သွားမည်ဖြစ်ပြီး လမ်းကြောင်းပေါ်ရှိ ပလက်ဝဆိပ်ကမ်း (သဘော်ဆိပ်)နှင့်ဒလက်မချောင်းထဲရှိ အိုရင်ဝရွာအကြား လမ်းကြောင်းအား အဆိုပြုရွေးချယ်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုလားတန်မြစ်အတွင်း သောင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် လက်ရှိလုပ်ငန်းပမာဏနည်းပါးသဖြင့် သဘာဝပတ်ဝန်းကျင်ကြိုတင်လေ့လာဆန်းစစ်ချက် လုပ်ဆောင်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ ကားလမ်းဖောက်လုပ်ရေးနှင့်ပတ်သက်၍ လမ်းအူကြောင်းအား အတည်ပြုချက်ရရှိပြီးပါက လုပ်ငန်းများမစတင်မီ သဘာဝပတ်ဝန်းကျင်ကြိုတင်လေ့လာဆန်းစစ်ချက်ကို လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်က **နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့်ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင်က အဆိုတင်သွင်းရာ၌ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း ပို့ဆောင်ရေးကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ ခရီးသွားပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ခရီးသည်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လုံခြုံစိတ်ချရသည့် ပို့ဆောင်ရေးကဏ္ဍဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယာဉ်မတော်တဆတိုက်ခိုက်မှုဖြစ်လျှင် လွတ်လပ်သည့် အဖွဲ့အစည်းများကသာ သွားရောက်စစ်ဆေးပြီး ဘက်လိုက်မှုကင်းကင်းဖြင့် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

# ပျူကျောက်စာနှင့် ကမ်းပါးနီကျောက်နံရံပန်းချီလေ့လာတွေ့ရှိမှုရှင်းလင်း

**နေပြည်တော် ဇွန် ၁၆**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရွာငံမြို့အနီး ကင်းတားဆည်အနောက်တောင်ဘက် ကျောက်ခေတ်လူသားများရေးဆွဲခဲ့သည့် ကျောက်နံရံပန်းချီများကို ကနဦးတွေ့ရှိသူ ဦးဝင်းဗိုလ်၏သတင်းပေးပို့မှုအရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်၊ တွေ့ရှိသူ ဦးဝင်းဗိုလ်၊ သတင်းမီဒီယာများ၊ ပြင်ပပညာရှင်များနှင့်အတူ မေ ၂၇ ရက်က ကွင်းဆင်းလေ့လာခဲ့ကြသည်။

ဆက်လက်၍ ဇွန် ၆ ရက် တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရှင်များ၊ နံရံပန်းချီထိန်းသိမ်းရေးကျွမ်းကျင်သူများလိုက်ပါ၍ ကွင်းဆင်းသုတေသနပြုလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဇွန် ၁၄ ရက်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၊ ပြင်ပပညာရှင်များ၊ မီဒီယာများ၊ စိတ်ပါဝင်စားသူများ လိုက်ပါလျက် ကွင်းဆင်းလေ့လာသုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ ကျောက်ခေတ်နံရံပန်းချီ



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။

တွေ့ရှိရာဒေသသို့ ကွင်းဆင်းသုတေသနပြုခြင်း၊ အသစ်တွေ့ရှိသည့် ကျောက်ဆည်ခရိုင် မြစ်သားမြို့ ပေတော ပရဟိတကျောင်းတိုက်ရှိ စောလူးမင်း ကျောက်စာ၊ သာစည်မြို့နယ် ဆင်ရွာမှတွေ့ရှိသည့် ပျူ ရှေးဟောင်း ကျောက်စာနှင့် မြစ်သားမြို့တွင် ထိန်းသိမ်းထားသော မြနဒီ ကျောက်စာတို့အား လေ့လာတွေ့ရှိချက်များကို မန္တလေးမြို့ အနုပညာဦးစီးဌာန အမျိုးသားကဇာတ်ရုံ၌ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၊ စိတ်ပါဝင်စားသူများ၊ မီဒီယာများ တက်ရောက်ခဲ့ပြီး မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိန်ဝင်း၊ ပဲခူးတက္ကသိုလ် မြန်မာစာဌာနကထိက ဒေါက်တာမောင်မောင်ဆွေ၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် ကထိက ဦးကျော်ခိုင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်းမှ ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၆**

တရုတ်-မြန်မာနှစ်နိုင်ငံသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်း ( All - China Journalists Association – ACJA)၊ Farmer's Daily မှ President Mr. Tang Yuanjie ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့်အဖွဲ့အား နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။



ထို့နောက် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား **(ဝဲပုံ)** နှင့် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်တို့သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

သတင်းစာ ဆရာအဖွဲ့သည် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါတရုတ်နိုင်ငံမှ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ဆောင်းပါး၊ ဝတ္ထုရေးသားနည်းအခြေခံလမ်းညွှန်သင်တန်းတွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ဟိန်းလတ်၊ ဒေါက်တွေး(ဆေး/မန်း)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက်(သုံးဆယ်)၊ တင်အောင်ရွှေ (သုတေသီ)နှင့် အခြားနာမည်ရစာရေးဆရာကြီးများက သင်ကြားပို့ချကြမည်။ သင်တန်းကာလကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ၊ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူသည် သင်တန်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင် စုံစမ်းနိုင်သည်။ ဇူလိုင် ၁ ရက်မှ ၁၅ ရက်နေ့အတွင်း နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်ကျတင်သွင်းလာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရလုပ်ငန်းအား သွားရောက်စစ်ဆေး

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ Myanmar Silver Spring Enterprise Ltd. ၏တည်ဆောက်ရေးလုပ်ငန်းများအား ဇွန်လ ဒုတိယပတ်အတွင်းက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ကျော်စိုးဝင်း၊ သန့်ဇင်ဦး၊ ဇော်ဇော်အောင်၊ ဇော်လတ်၊ ဝေလင်းအောင်၊ အောင်မျိုးဆွေနှင့် အောင်ပြည့်ထွန်းတို့ကငွေတံဆိပ် တစ်ခုတို့ဆွတ်ခူးပေးနိုင်ခဲ့သည်။

ယနေ့ပြန်လည် ရောက်ရှိလာသည့် ပိုက်ကျော်ခြင်းအဖွဲ့နှင့်အတူ Squash အားကစားအဖွဲ့၊ ဘတ်စကက်ဘော အားကစားအဖွဲ့တို့လည်း ပြန်လည်လိုက်ပါခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ထစ်ချုန်းရွာမည်**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။







*စာမျက်နှာ ၆ မှ*

ဖြစ်တာကြောင့် တခြားဥပဒေပြု အဖွဲ့အစည်းတွေဖြစ်တဲ့ ဘယ်လွှတ်တော်မှာမှ အမတ်အဖြစ်နဲ့ ပါလို့မရခြင်းဘဲဖြစ်ပါတယ်။ ဘာဖြစ်လို့ သူကိုယ်တိုင်က ဥပဒေပြုအဖွဲ့အစည်းဖြစ်ရသလဲဆိုရင် နိုင်ငံအကြီးအကဲဟာ တခြားဥပဒေပြုအဖွဲ့အစည်းတွေ မရှိချိန် (ဥပမာ-လွှတ်တော်အစည်းအဝေးများ ရပ်နားထားချိန် သို့မဟုတ် အရေးပေါ်ကာလ လွှတ်တော်များဖျက်သိမ်းထားချိန်) တွေမှာ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (Decree) ထုတ်ပြန်နိုင်တဲ့ ဥပဒေပြုအာဏာရှိနေလို့ပါပဲ။

ဒါကြောင့် ဗြိတိသျှတော်ဝင် အင်တာနက်သတင်းဝက်ဘ်ဆိုက်မှာ ဒီလိုဖော်ပြထားတာ တွေ့ရပါတယ်-

" The Queen and her family never vote or stand for election to any position, political or otherwise.

Although the law relating to elections does not specifically prohibit the Sovereign from voting in a general election or local election, it is considered unconstitutional for the Sovereign and his or her heir to do so.

As Head of State, The Queen must remain politically neutral, since her Government will be formed from whichever party can command a majority in the House of Commons.

The Queen herself is part of the legislature and technically she cannot therefore vote for members of another part of the legislature."

မြန်မာလိုပြန်ရရင်တော့ "ဘုရင်မကြီးနဲ့ သူ့ရဲ့မိသားစုဟာ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ တခြားကိစ္စတွေမှာပဲဖြစ်ဖြစ် ဘယ်တော့မှ မဲလည်းပေးလေ့မရှိ၊ ရွေးကောက်လည်း ခံလေ့မရှိပါဘူး"တဲ့။ "ဥပဒေအရကတော့ ဘုရင်မကြီးကို ရွေးကောက်ပွဲတွေမှာ မဲမပေးရဘူးလို့ ကန့်သတ်ထားတာ မရှိပေမယ့် ဘုရင်မကြီးနဲ့ တော်ဝင်မိသားစုအနေနဲ့ အဲလိုမဲပေးရင် အခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ ယူဆရပါတယ်"တဲ့။ "သူ့ရဲ့အစိုးရအဖွဲ့ဟာ ဘယ်ပါတီပဲဖြစ်ဖြစ် သူ့လွှတ်တော်မှာ အများစုအနိုင်ရတဲ့ပါတီနဲ့ ဖွဲ့စည်းရတာဖြစ်လို့ နိုင်ငံ့ဥသျှောင်အကြီးအကဲ ဘုရင်မကြီးအနေနဲ့ နိုင်ငံရေးအရ ဘက်လိုက်လို့မရဘဲ ကြားနေရပါလိမ့်မယ်"တဲ့။ "ဘုရင်မကြီး ကိုယ်တိုင်က ဥပဒေပြုအဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အခြားသော ဥပဒေပြုအဖွဲ့အစည်းတစ်ခုခုရဲ့ အဖွဲ့ဝင်တွေအတွက် မဲပေးလို့လည်း မရပါဘူး" တဲ့။

ဒီစာသားတွေအရဆိုရင် ဗြိတိသျှနိုင်ငံ့ဥသျှောင် အကြီးအကဲဟာ ရွေးကောက်ခံခြင်းမရှိတဲ့အပြင် မဲတောင်မှ ပေးလို့မရဘူးဆိုတာ ပေါ်လွင်ပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၆၅ မှာလည်း "ပြည်ထောင်စုနိုင်ငံ၏ဥပဒေပြုမှုအာဏာသည် ပါလီမန်တွင်တည်ရှိရမည်။ ပါလီမန်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ ပါဝင်ရမည်။ ဤအခြေခံဥပဒေတွင် ပါလီမန် ကို **ပါလီမန်**၊ သို့တည်းမဟုတ် **ပြည်ထောင်စုပါလီမန်**ဟု ခေါ်ရမည်"လို့ ပြဋ္ဌာန်းခဲ့တာဟာ ဒီသဘောတရားကြောင့်ပါပဲ။

ဥပဒေသီအိုရီသဘောတရားတွေနဲ့ မဟုတ်ဘဲ ရိုးရိုးကလေး လူသာမန်အတွေးနဲ့ တွေးကြည့်ရင်တောင်မှပဲ နိုင်ငံတစ်ခုလုံးကို ကိုင်တွယ်စီမံအုပ်ချုပ်ရတဲ့ နိုင်ငံတော်သမ္မတ တစ်ယောက်ဟာ ဒီလောက်အလုပ်များတဲ့ကြားထဲက တစ်နှစ်မှာ ရှစ်လလောက်ကျင်းပတဲ့ လွှတ်တော် အစည်းအဝေးထဲကို ခေါင်းပေါင်းကြီးစွပ်ပြီး ငုတ်တုတ်သွားထိုင်နေရမယ်ဆိုရင် ဘယ်လိုများ သမ္မတအလုပ်ကို သွားလုပ်ရပါ့မလဲဆိုတာ စဉ်းစားစရာကြီးပါ။

နောက်တစ်ခါစဉ်းစားဖို့ကောင်းတဲ့ ဥပဒေကြောင်းဆိုင်ရာ ကိစ္စတစ်ခုလည်းရှိပါသေးတယ်။ အဲဒါကတော့ နိုင်ငံတော်သမ္မတဟာ လွှတ်တော်အမတ် ဖြစ်ကိုဖြစ်ရမယ်ဆိုရင်- ဥပဒေသဘောအရ တကယ်လို့ နိုင်ငံတော်သမ္မတဟာ လွှတ်တော်အမတ်တာဝန်က ရုပ်သိမ်းခံလိုက်ရတဲ့ အခါမျိုးကျရင် သမ္မတအဖြစ်ဆက်ပြီး တည်ရှိခွင့်ရှိ-မရှိဆိုတာပါပဲ။ ဘာလို့လဲဆိုတော့ အခြေခံဥပဒေပုဒ်မ ၃၈(ခ)အရ မဲဆန္ဒရှင်တွေမကျေနပ်ရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ရုပ်သိမ်းနိုင်တယ်လို့ ပြဋ္ဌာန်းထားလို့ပဲဖြစ်ပါတယ်။ အဲဒီလိုသာဆိုရင် သမ္မတတစ်ဦးကို ဖြုတ်ချချင်ရင် လွှတ်တော်အမတ်တာဝန်က ရုပ်သိမ်းဖို့ လုပ်လိုက်ရုံပဲမို့ ပြည်သူ့ကိုယ်စားလှယ်တာဝန်က ရုပ်သိမ်းခွင့်နဲ့တင် ပြည့်စုံတဲ့ဆောင်ရွက်ခွင့် ရနေမှာဖြစ်ပါတယ်။ ဒီတော့ သမ္မတကို မကျေနပ်တဲ့ သို့မဟုတ် သဘောထားမတိုက်ဆိုင်တဲ့ အတိုက်အခံအဖွဲ့တစ်ခုက တစ်ဖက်လှည့်နဲ့ အလွယ်တကူဆောင်ရွက်ခွင့် ပေးထားတဲ့သဘောဖြစ်နေမှာပါ။

အခုလိုပြောနေရတာက နောင်တက်လာမယ့် နိုင်ငံတော်သမ္မတဟာ ဘယ်သူဖြစ်မယ်၊ ဘယ်ဝါဖြစ်မယ်ဆိုပြီး ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ ပြောနေတာမဟုတ်ပါဘူး။ သမ္မတကြီးဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံမှာ ဒီလိုမျိုး အမြင်မတော်၊ မဆီလျော်တဲ့ ကိစ္စမျိုးတွေနဲ့ လူကဲ့ရဲ့ဝေဖန်ခံရမယ့် အခြေအနေမျိုး တကယ်ဖြစ်မလာရအောင် လွှတ်တော်ထဲက ပညာရှိကြီးများ ပြန်လည်စဉ်းစားနိုင်ဖို့ တင်ပြလိုက်ရခြင်းပဲဖြစ်ပါတယ်ခင်ဗျား။

# ဇွဲချင်းယှဉ်ပြိုင် ငါတို့နိုင်တယ်

★ ဆီးဂိမ်းပြိုင်ပွဲ
ဗိုလ်လုပွဲရဲ့၊ ယူနှစ်ဆယ့်သုံး
ဘောလုံးသူရဲကောင်း၊ မြန်မာ့သားကောင်းတွေ
ခေါင်းမော့ပြီးပြန်၊ ကိုယ့်နိုင်ငံကို
တာဝန်အသီးသီး၊ ကျေပွန်ပြီးပြီ. . .
တစ်တိုင်းပြည်လုံးက၊ ရွှေရဖို့သာ
မျှော်မှန်းတာလည်း၊ အမှန်ပဲဖြစ်
တကယ်ဆန်းစစ်တော့. . .

★ "မျိုးချစ်စိတ်ဓာတ်၊ တန်ဖိုးမဖြတ်နိုင်. . . "
အနိုင်ရရေး၊ ဇာတိသွေးပြ
ပွဲအစပွဲအဆုံး၊ ရေဆုံးရေဖျား
စွမ်းအားကိုယ်စီ၊ ပြခဲ့သည်ကို
တစ်ပြည်လုံးက၊မြင်ကြရတယ်
မြန်မာ့အားမာန်၊ ထိုက်တန်စွာပြ
ဒုတိယဆု၊ အောင်မြင်မှုလည်း
အောင်ပွဲပဲလေ၊ ဇွဲချင်းယှဉ်ပြိုင်
ငါတို့နိုင်တယ်၊ ကြံ့ခိုင်စွမ်းအား
စိတ်ဓာတ်များကို. . . .
လေးစားဂုဏ်ပြုထိုက်ပေသည်. . .။

★ နိုင်ငံကြီးသားစရိုက်၊ တို့ပြလိုက်ပြီ
"ရှုံးသည်၊ နိုင်သည်၊ ရှိကြမည်ပဲ . . . "
အောင်ပွဲတစ်ခု၊ ရလိုမှုအတွက်
စည်းပျက်ကမ်းပျက်၊ သရုပ်မပျက်ခဲ့
ရင့်ကျက်တဲ့မြန်မာ၊ ကမ္ဘာကသိ
စည်းကမ်းရှိစွာ၊ အားပေးကြတာလည်း
မြန်မာပြည်ထောင်စု၊ ဂုဏ်တစ်ခုပဲ
ဇွဲချင်းယှဉ်ပြိုင် ၊ ငါတို့နိုင်တယ်
ကြံ့ခိုင်စွမ်းအား၊ စိတ်ဓာတ်များကို
လေးစားဂုဏ်ပြုထိုက်ပေသည်။

**ဟသ်ာတမြင့်ဌေ**

❋ *ကျောဖုံးမှ*

K- POP တေးဂီတအဖွဲ့ရဲ့ ယနေ့ဖျော်ဖြေပွဲကို ယခင်မူလ ကိုရီးယားကုမ္ပဏီ တစ်ခုဖြစ်သည့် HanBaek ကုမ္ပဏီက စီစဉ်ခဲ့သော်လည်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးရဲ့ ပွဲလက်မှတ်ရောင်းခများနှင့် ပွဲဖြစ်မြောက်ရေးအတွက် ကုန်ကျငွေများကို အလွဲသုံးစားလုပ်ကာ ထွက်ပြေးသွားသဖြင့် ပွဲပျက်မည့် အခြေအနေတွင် ကိုရီးယားလူမျိုးများ အဖွဲ့အစည်းနှင့် Tiger Fate တို့က ပွဲဖြစ်မြောက်ရေးဆက်လက်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းအခြေအနေကြောင့် ယခုရက်ပိုင်းအတွင်း လက်မှတ်တစ်စောင်ဝယ်သူတိုင်းကို အပိုလက်မှတ်တစ်စောင် လျှော့ရောင်းချခဲ့ရကြောင်း သိရသည်။

"ကျွန်မက ဒီကိုရီးယား K- POP တေးဂီတအဖွဲ့ကို ၂၀၀၉ ခုနှစ်ကတည်းက စပြီးကြိုက်ခဲ့တာပါ။ အရင်ပွဲ ကိုရီးယား K- POP အဖွဲ့လာရောက်ဖျော်ဖြေတိုင်း မလွတ်တမ်း လာရောက်အားပေးကြည့်ရှုခဲ့ပါတယ်။ အရင် K-POP အဖွဲ့ လာရောက်ဖျော်ဖြေတုန်းကတော့ 2NE1 အဖွဲ့ကို အကြိုက်ဆုံးပါပဲ။ အခု လာရောက်ဖျော်ဖြေတဲ့ အဖွဲ့တွေထဲကတော့ BTS အဖွဲ့နဲ့ Halo အဖွဲ့တို့ကို ကြိုက်လို့ အခုလိုလာရောက် အားပေးတာဖြစ်ပါတယ်"ဟု K-POP ပရိသတ်တစ်ဦးဖြစ်သည့် မစုထက်(ကမာရွတ်)က မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကိုရီးယားတေးဂီတ K-POP အဖွဲ့ကို ကြိုက်နှစ်သက်သည့် Fun သုံးသိန်းအထက်တွင်ရှိနေပြီး ယနေ့တွင်လည်း လက်မှတ်တစ်စောင်ကို နှစ်သိန်း၊ တစ်သိန်းနှင့် အနိမ့်ဆုံး ငါးသောင်း နှုန်းတို့ဖြင့် ရောင်းချပေးခဲ့ရာ မြန်မာပရိသတ် လူငယ်များ ရုံပြည့်ရုံလျှံအားပေးခဲ့သည်ကို တွေ့ရသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာဝတ်စုံကို နှစ်သက်သဘောကျသည့် K-POP တေးဂီတအဖွဲ့မှ Ailee ကလည်း ပထမဦးဆုံး မြန်မာနိုင်ငံကို လာရောက်ဖျော်ဖြေခွင့်ရတာ အလွန်ပဲဝမ်းသာဂုဏ်ယူပါတယ်။ မနေ့က လေယာဉ်ကွင်းမှာ K-POP ကို ချစ်တဲ့ မြန်မာပရိသတ်တစ်ဦးကပေးတဲ့ မြန်မာဝတ်စုံလေးကို အလွန်ပဲမြတ်နိုးလို့ အခုလို မီဒီယာရှင်းလင်းပွဲမှာ ဝတ်ခဲ့တာပါ။ မြန်မာတွေက ယဉ်ကျေးပြီး ချစ်ခင်ဖို့ကောင်းကြပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရဲ့ ရှုခင်းကလည်း တော်တော်လေး လှပနေတာတွေ့ရပါတယ်။ နောက်လည်း အခွင့်အခါကြုံရင် လာရောက်ဖျော်ဖြေချင်ပါသေးတယ်"ဟု မီဒီယာ ရှင်းလင်းပွဲ၌ ရင်ဖွင့်ခဲ့သည်။

ယနေ့ မြန်မာနိုင်ငံကို လာရောက်ဖျော်ဖြေခဲ့သည့် K- POP အဖွဲ့တွင် မြန်မာပြည်သူနှစ်သက်သဘောအကျဆုံးဖြစ်သည့် BTS အဖွဲ့မှ ရှစ်ပုဒ်၊ Ailee က ငါးပုဒ်၊ N- Son ic အဖွဲ့က သုံးပုဒ်၊ A- KOR အဖွဲ့က ငါးပုဒ်နှင့် Halo အဖွဲ့က သုံးပုဒ် စုစုပေါင်း ၂၄ ပုဒ်သီဆို ဖျော်ဖြေပေးခဲ့သည်။ **(မြန်မာ့အလင်း)**



စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံး တတိယဗိုလ်လုပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်းက ထိုင်းအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဇွန် ၁၅ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်၊ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

သန်းဆွေ(ပန်းဘဲတန်း)

# ကြည့်မြင်တိုင်ဘူတာ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှုများ စနစ်ကျပြီလား

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန်ဘူတာကြီးက ထွက်ခွာလာတဲ့ မြို့ပတ်ရထားတစ်စင်းက ကြည့်မြင်တိုင်ဘူတာဆီ ဦးတည်ချဉ်းကပ်လာပါတယ်။ ဘူတာတည်စက တပ်ဆင်ထားတဲ့ အရောင်လွင့်ကြေးနန်းဘုတ်မှာ အချက်ပြမီးရောင်ကလေးပေါ်လာတဲ့အခါ အလံချိုးရုံလုပ်သား ကိုဆန်းဝင်းက ရထားစာရင်းမှတ်နေရာကနေ ထလာတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ရှားရှားပါးပါး ကျန်ရှိနေတဲ့အလံချိုးအချက်ပြဆိုင်ရာ ရထားသံလမ်းချိန်းတဲ့ပွိုင့်တွေကို ကိုဆန်းဝင်းတို့လို ကျွမ်းကျင်သူတွေကသာ အသုံးပြုနိုင်တာပါ။ လက်မောင်းကြွက်သားကြွခိုင်မှုတစ်ခုတည်းနဲ့တော့ ရထားကြီးတစ်စင်း



ကြည့်မြင်တိုင်ရုံပိုင်ကြီး ဦးစိန်ဝင်း

မှန်ကန်တဲ့လမ်းကြောင်း ရွေးချယ်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ အချိန်အဆ၊ အတွေ့အကြုံနဲ့ ရာသီဥတုအခြေအနေတွေကလည်း ရထားတစ်စင်း ပုံမှန်ဝင်ထွက်ဖို့ အရေးကြီးပါတယ်။ ကိုဆန်းဝင်းက လုပ်ရိုးလုပ်စဉ် ပြန်လည်အချက်ပေးမှုကို ရုံပိုင်ထံ ကြေးနန်းအချက်ပြပါတယ်။ အဆင်ပြေပါပြီ။ ကြည့်မြင်တိုင်ဘူတာမှာ ရထားတစ်စင်း ဆိုက်ကပ်ခဲ့ပါပြီ။ လက်ယာရစ်ရထား ၄၅ စီးနဲ့၊ လက်ဝဲရစ်ရထား ၃၈ စီးတို့ ကြည့်မြင်တိုင်ဘူတာကို နေ့စဉ်ဖြတ်သန်းနေတာပါ။ ကိုဆန်းဝင်းအပါအဝင်ခြောက်ဦးသော အလံချိုးရုံလုပ်သားတွေအတွက်တော့ အော်တိုစနစ်မရောက်ရှိခင်စပ်ကြား ကြည့်မြင်တိုင်ဘူတာရဲ့ ဇာတ်လိုက်တွေအဖြစ် ရပ်တည်နေဦးမှာပါ။

ရန်ကုန်-ပြည်ရထားလမ်းကို ၁၈၇၇ ခုနှစ် မေ ၁ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၈၇၆ ခုနှစ်မှာ ရန်ကုန်-ပြည်ရထားလမ်းအတွက် လမ်းဘူတာ ၁၈ ခု တည်ဆောက်ခဲ့ရာမှာ ကြည့်မြင်တိုင်ဘူတာရုံပါဝင်ခဲ့ပေမယ့် ယနေ့မြင်တွေ့နေရတဲ့ အဆောက်အအုံတော့ မဟုတ်သေးပါဘူး။ ကမ္ဘာ့ပထမဆုံး ဒါလင်တန်-စတော့တန်မီးရထားလမ်းထက် ၅၂ နှစ်နောက်ကျပြီးပေါ်ထွက်လာတဲ့ မြန်မာ့ပထမဆုံးရထားလမ်းပေါ်က အချက်အချာကျတဲ့ ကြည့်မြင်တိုင် (Kemmendine) ဘူတာရဲ့သမိုင်းဟာလည်း လှပခဲ့ပါတယ်။

မြန်မာ့သမိုင်းမှာ ပထမဆုံးဖောက်လုပ်တဲ့ ရထားလမ်းဖြစ်တဲ့ ရန်ကုန်-ပြည်ရထားလမ်းကို ရန်ကုန်နှင့်ဧရာဝတီမြစ်ဝှမ်း အစိုးရရထားလုပ်ငန်းကပိုင်ဆိုင်ခဲ့ပြီး ဗြိတိန်နိုင်ငံလုပ် ရေနွေးငွေ့စက်ခေါင်းနဲ့ ခုတ်မောင်းပြေးဆွဲခဲ့ရာမှာ ကြည့်မြင်တိုင်ဘူတာဟာလည်း အထင်ကရအဖြစ်ပါဝင်ခဲ့တာပါ။ ယနေ့မြင်တွေ့နေရတဲ့ ဘူတာအဆောက်အအုံကို ၁၉၂၈ခုနှစ်က တည်ဆောက်ခဲ့တယ်လို့သိရှိရတာမို့ သက်တမ်းအားဖြင့်



ရှားရှားပါးပါးအလံချိုး ကျွမ်းကျင်လုပ်သား။

နှစ်ပေါင်း ၈၇ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။

"နာဂစ်မုန်တိုင်းကြောင့် မူလအုတ်ကြွပ်မိုးတွေ ပျက်စီးသွားတဲ့နေရာမှာ သွပ်မိုးအစားထိုးခဲ့ရတယ်။ ဘူတာအဆောက်အအုံအကြောင်း သမိုင်းမှတ်တမ်းမှတ်ရာ တွေ့ဖို့လည်းမလွယ်တော့ဘူး။ မုန်တိုင်းကြောင့် ပြိုကျသွားတဲ့ အုတ်ကြွပ်တွေမှာပါတဲ့ ခုနှစ်ကိုမြင်တော့မှ သတိထားမိခဲ့တယ်။ အခုအချိန်မှာ ကြည့်မြင်တိုင်ဘူတာက ရှေးဟောင်းအဆောက်အအုံစာရင်းထဲမှာ ပါဝင်ပါတယ်။ အထူးတလည်ထိန်းသိမ်းစောင့်ရှောက်မှုမျိုးမရှိပေမယ့် ပုံမှန်သန့်ရှင်းရေးနဲ့ ဆေးသုတ်တာတို့လုပ်ပါတယ်။ အဆောက်အအုံကခိုင်ခံ့တဲ့အပြင် စနစ်တကျတည်ဆောက်ခဲ့တဲ့ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံဖြစ်ပါတယ်။ မကြာခင်မှာ ကြည့်မြင်တိုင်ဘူတာကို အဆင့်မြှင့်တင်တာ စတင်တော့မယ်လို့ သိရပါတယ်။ ဘူတာရပ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးဝယ်စင်တာတွေ၊ အဆောက်အအုံတွေနဲ့ရေတွင်းရေကန်တွေ၊ ကုန်သိုလှောင်ရုံတွေတည်ဆောက်ဖို့ တင်ဒါတွေခေါ်ယူနေပါတယ်။ ဖွံ့ဖြိုးမှုဇရိယာအတွက် ရှစ်ဧကကျော်ကို လျာထားပါတယ်။ အပိုင်းသုံးပိုင်းခွဲပြီး လုပ်ဆောင်သွားဖို့ရှိပါတယ်"လို့ ကြည့်မြင်တိုင်ဘူတာရုံပိုင်ကြီး ဦးစိန်ဝင်းက ပြောပါတယ်။

နှစ်ပေါင်း ၉၀ နီးနီး သက်တမ်းရှိပြီဖြစ်တဲ့ ဘူတာအဆောက်အအုံ။




မြန်မာ့မီးရထားရဲ့ ဘူတာရုံတွေမှာ အလိုအလျောက်ဒီဂျစ်တယ် အချက်ပြစနစ်ပြောင်းလဲသွားမယ့်အပြင် ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးတွေ၊ သံလမ်းတွေမှာ ကျောက်တွေဖြည့်တင်းတာ၊ သံလမ်းဆက်မခိုင်တာတွေနဲ့ လူအင်အားအသုံးပြု လုံခြုံရေးတံခါးတွေ၊ အချက်ပြစနစ်တွေ၊ လမ်းကြောင်းပြစနစ်တွေအားလုံးကို အဆင့်မြှင့်တင်ရာမှာ ကြည့်မြင်တိုင်ဘူတာ ရှေ့ဆုံးကပါဝင်တယ်လို့ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)မှ ဦးထွန်းအောင်သင်းက ပြောပါတယ်။

ကြည့်မြင်တိုင်ဘူတာဟာ အထင်ကရဘူတာတစ်ခုဖြစ်ပြီး နေ့စဉ်လူဦးရေ ပျမ်းမျှ ၂၀၀၀ ကျော် အသုံးပြုစီးနင်းနေတဲ့ဘူတာတစ်ခုဖြစ်ပါတယ်။ အများစုဟာ ရွှေ့ပြောင်းလုပ်သားတွေ၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းက လုပ်သားတွေနဲ့ ရန်ကုန်မြို့တွင်းနဲ့ မြို့ပြင်ကို ဆက်သွယ်ရာနေရာတစ်ခုဖြစ်တဲ့ အပြင်ရထားကနေ ကားခရီးစဉ်ပြောင်းစီးဖို့ နေရာကောင်းတစ်ခုလည်းဖြစ်တာကြောင့် ဘူတာကိုအသုံးပြုတဲ့ခရီးသွားတွေ များပြားပါတယ်။

"ကြည့်မြင်တိုင်ဘူတာယာဒ်ဝန်းထဲမှာ ဖွံ့ဖြိုးရေးစီမံကိန်းတွေလုပ်ဖို့ရှိတယ်။ စီမံကိန်းအနေအထားနဲ့နှိုင်းယှဉ်ရင် ဘူတာနေရာက တော်တော်သေးငယ်သွားမယ်။ ဒီမှာရှေးဟောင်းအဆောက်အအုံတွေရှိတယ်။ အလံချိုးရုံတွေမှာဆိုရင် လှေကားတောင်မှ လက်ဖြစ်လုပ်ထားရတယ်။

ရထားအချက်ပြစနစ်နဲ့ လမ်းချိန်းတဲ့စနစ်တွေက ဘူတာတည်ကတည်းက ပစ္စည်းတွေဖြစ်တာမို့ ထိန်းသိမ်းစောင့်ရှောက်သင့်ပါတယ်။ ကျွန်တော်တို့တင်ပြထားတာလည်း နှစ်နှစ်ချီပြီးကြာပါပြီ။ ဂျိုက်ကာချေးငွေနဲ့ လုပ်ပေးမယ်လို့တော့သိရပါတယ်။ ရထားပိုင်မြေတွေမှာ အဆောက်အအုံကြီးတွေဆောက်ပြီး ဖွံ့ဖြိုးအောင်လုပ်သလို ရထားဝန်ထမ်းတွေရဲ့ လုပ်ငန်းတွေ၊ ဘူတာရုံကြီးရဲ့ အဆင့်အတန်းနဲ့ ဂုဏ်သိက္ခာတွေကိုလည်း မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ လက်ရှိ ကြည့်မြင်တိုင်ဘူတာကို ရှေးဟောင်းအဆောက်အအုံအဖြစ် ထိန်းသိမ်းသွားသင့်သလို အလံချိုးရုံနဲ့ အခြားရှေးကတည်းကရှိခဲ့တဲ့ ရထားလုပ်ငန်းနဲ့ဆိုင်တဲ့ အဆောက်အအုံတွေကို ရှေးမူမပျက်ပညာရှင်တွေနဲ့ ပြုပြင်ထိန်းသိမ်းသွားသင့်ပါတယ်"လို့ ကြည့်မြင်တိုင်ဘူတာဝန်ထမ်းတစ်ဦးက သူ့ခံစားချက်ကို ပြောပါတယ်။

"ကြည့်မြင်တိုင်ဘူတာမှာ ကုန်လှောင်ရုံတွေဆောက်လုပ်ဖို့ တင်ဒါခေါ်ယူနေပါတယ်။ ဘူတာရုံဝင်းကားလမ်းမဘေးမှာ ဆောက်လုပ်မှာဖြစ်ပြီး တင်ဒါတွေကို စတင်ရောင်းချပေးနေပါပြီ။ ရန်ကုန်ဘူတာကြီးမှာရှိတဲ့ ကုန်လှောင်ရုံတွေအားလုံးကို ကြည့်မြင်တိုင်ဘူတာကိုရွှေ့မှာဖြစ်လို့ ကြည့်မြင်တိုင်ဘူတာက ပိုပြီးစည်ကားလာဖို့ရှိတယ်"လို့ မီးရထားတိုင်း(၆)က တာဝန်ရှိသူက ဆိုပါတယ်။

ဒါ့အပြင် ကြည့်မြင်တိုင်ဘူတာစကြံတံတားဖြစ်တဲ့ သံတံတားကြီးဟာလည်း ကာလကြာ ဇရာထောင်းလာတာနဲ့အမျှ ကြံ့ခိုင်မှုအားနည်းနေပါပြီ။ နေ့စဉ်နဲ့အမျှဖြတ်သန်းသွားကြသူများကို ချီမခဲ့ရတာကြောင့် သစ်သားခင်းတွေဟာ မညီညာနိုင်တော့ပါဘူး။ အန္တရာယ်ကင်းကင်း ဖြတ်သန်းအသုံးပြုနိုင်ရုံအဆင့်ထက်မကဘဲ ရှေးမူမပျက်လှပတင့်တယ်အောင် ပြုပြင်သင့်နေပြီလို့ ရထားစီးခရီးသည်တစ်ဦးက ဆိုပါတယ်။

ယိုင်နဲ့နေတဲ့ရထားအချက်ပြ အလံချိုးအဆောက်အအုံတွေနဲ့ ဆက်သွယ်ရေးစနစ်တွေက ပြောင်းလဲမှုကိုစောင့်ဆိုင်းနေသလို ကြည့်မြင်တိုင်ဘူတာနယ်နိမိတ်ဟာလည်း မကြာမီမှာ အဆင့်မြင့်ရှော့ပင်းမောတွေ၊ ကားပါကင်တွေနဲ့ လူနေတိုက်ခန်းတွေကြောင့် ကျဉ်းမြောင်းလာတော့မှာကို ပူပင်ကြသူတွေ အများအပြားရှိပါတယ်။

"မြန်မာ့ရထားသမိုင်းမှာ ရန်ကုန်-ပြည်လမ်းပိုင်းနဲ့အတူ ကြည့်မြင်တိုင်ဘူတာရဲ့သမိုင်းကတွဲပြီးပါဝင်နေတယ်။ မြန်မာ့မီးရထားဟာ အဆင့်မြင့်ခဲ့တဲ့အတိတ်ကာလရှိခဲ့ရာမှာ ကြည့်မြင်တိုင်ဘူတာကလည်း ကျရာတာဝန်ကျေပွန်ခဲ့ပါတယ်။ အခုချိန်မှာတော့ ဘူတာရုံဟာ အိုနေပါပြီ။ ဖွံ့ဖြိုးတိုးတက်လာဖို့ဆောင်ရွက်နေတာကို ကျေးဇူးလည်းတင် ဂုဏ်လည်းယူပါတယ်။ တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အပြိုင် ဘူတာရုံဟောင်းကြီးလှလှပပ ဆက်လက်တည်ရှိဖို့လည်း ဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်။ ကြည့်မြင်တိုင်ဘူတာရုံနဲ့ပုံစံတူ ကိုလိုနီခေတ်လက်ရာ ဘူတာရုံဟောင်းတွေကို အင်္ဂလန်မှာ ဒီနေ့အထိ မြင်တွေ့နိုင်ပါတယ်။ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ဖို့သာ လိုအပ်တာပါ"လို့ ကိုလိုနီခေတ်က ကြည့်မြင်တိုင်ဘူတာဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အသက် ၉၄ နှစ်အရွယ် ဦးမိုက်ကယ်က ဆိုပါတယ်။

ရထားခုတ်မောင်းလာတဲ့အခါ အလံချိုးရုံလုပ်သား ကိုဆန်းဝင်းက တာဝန်ကျရုံပိုင်ရဲ့အချက်ပြမှုကို ကြည့်ရင်း အရောင်မှိန်နေတဲ့ ပွိုင့်အနီရောင်ကို ဆွဲတင်ပေးလိုက်ပါတယ်။

"နေသိပ်ပူနေရင်သံလမ်းတွေက ကျယ်တယ်ဗျ။ အချိန်အဆကို သတိထားရတယ်။ တစ်ခါတလေကျရင် ပွိုင့်ဆွဲလို့ခက်တတ်တယ်။ အဲဒီအခါကျရင် ကိုယ်တိုင်ဆင်းပြီး ပွိုင့်ကို ကလစ်နဲ့ကျပ်ရတာပေါ့ဗျာ။ မီးရထားမိသားစု ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရတာဆိုတော့ သံလမ်းတွေပေါ်မှာပျော်တယ်။ အဆောက်အအုံသစ်ကြီးတွေပေါ်လာပြီး ခေတ်မီဒီဂျစ်တယ်စနစ်နဲ့ လုပ်ကြကိုင်ကြရမယ်ဆိုတော့ ကောင်းတာပေါ့။ ဒါပေမယ့် ဒီမြင်ကွင်းတွေ၊ အတွေ့အကြုံတွေကိုတော့ လွမ်းနေရမှာပေါ့။ ကြည့်မြင်တိုင်ဘူတာကြီးမှာ အလိုအလျောက်စနစ်တွေနဲ့ရထားလမ်းတွေကို အပြည့်အဝထိန်းချုပ်နိုင်တဲ့တစ်နေ့မှာ ကျွန်တော်တို့လိုအချက်ပြ ကြေးနန်းစနစ်ကျွမ်းကျင်သူ အလံချိုးရုံဝန်ထမ်းတွေ ဘာတာဝန်ယူရမလဲဆိုတာတော့ မသိသေးဘူးပေါ့ဗျာ" လို့ ပြောပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ပြောင်းလဲလာတဲ့ မြန်မာ့စီးပွားရေး၊ လူမှုရေးနဲ့နိုင်ငံရေး နယ်ပယ်အသီးသီးမှာ ပေါ်ထွက်လာနေပါပြီ။ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ရှေးဟောင်းအမွေအနှစ်တွေ၊ နိုင်ငံသားတွေရဲ့ အတွေးအခေါ်နဲ့ လူမှုဘဝပုံစံတွေသက်မွေးဝမ်းကျောင်းမှုပုံစံတွေပြောင်းလဲ၊ ဆုံးရှုံးလာတတ်တာကို မျှခြေတစ်ခုရှာဖွေရင်း ရှေ့ဆက်လှမ်းကြရမှာပဲလို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က သူ့အမြင်ကို ပြောခဲ့ပါတယ်။

# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း လုပ်ငန်းစတင်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၆**

နယ်စပ်ဒေသကျေးလက်မြို့ပြ နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ် (၉) လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မြဝတီမင်းကြီးလမ်းအမှတ် (၅၁) ရပ်ကွက် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသကျေးလက် မြို့ပြနေ ပညာအရည်အချင်း နည်းပါးသည့် အမျိုးသမီးငယ်များအား အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး ဦးတည်ပြီး ၁၉၉၂ ခုနှစ်မှစ၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၇ ကျောင်းမှ အခြေခံနှင့် အဆင့်မြင့်သင်တန်းဆင်းပြီး တိုင်းရင်းသူ ၅၀၀၀၀ ကျော်အား လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်လေ့ကျင့်သင်ကြားကာ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပြီး အထည်ချုပ်စက်ရုံများ၌ အထည်ချုပ်ဝန်ထမ်းများအဖြစ် ခန့်အပ်နိုင်ခဲ့သည်။

ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၁)မှ အမှတ်စဉ်(၈)ထိ သင်တန်းဆင်းပြီး အထည်ချုပ်စက်ရုံများ၌ အလုပ်လုပ်နေသူ တိုင်းရင်းသူ ၁၁၂၄ ဦးရှိပြီးဖြစ်သည်။ သင်တန်းဆင်းပြီး အခြေခံလုပ်ခလစာ ၇၀၀၀၀ ကျပ်ဖြစ်ပြီး အများဆုံးရရှိသူများမှာ တစ်လ ၁၇၀၀၀၀ ကျပ်ရရှိနေကြောင်း သိရှိရသည်။

ယနေ့ကျင်းပသည့် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၉)သို့ နယ်စပ်ဒေသ ကျေးလက်မြို့ပြများမှ တိုင်းရင်းသူ ၁၄၂ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ ပူးပေါင်းထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းအစီအစဉ်တွင်** အငြိမ့်ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးအငြိမ့်၊ မြခြေကျင်း မငွေမြိုင်အငြိမ့်၊ လေဘာတီမမြရင်အငြိမ့်၊ ဩဘာသောင်းအငြိမ့်၊ ဥက္ကလာ မအေးကြည်အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံခင်လှကြည်အငြိမ့်တို့ကို အပိုင်း(၇)ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် အပတ်စဉ်သောကြာနေ့တိုင်း ည ၉ နာရီခွဲတွင် ပထမအကြိမ်နှင့် တနင်္လာနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ည ၈ နာရီခွဲနှင့် နံနက် ၂ နာရီခွဲတို့တွင် လေးကြိမ်ထုတ်လွှင့်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့အသံ ရေဒီယိုနှင့်ပုဂ္ဂလိက FM ရေဒီယိုများ၏ ထုတ်လွှင့်မှုများတွင် အများပြည်သူနားဆင်ရန်မသင့်သည့် အသုံးအနှုန်းများထုတ်လွှင့်ပါက တိုင်ကြားနိုင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် FM ရေဒီယိုစနစ်ဖြင့်အစီအစဉ်များ ထုတ်လွှင့်ခြင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် ချယ်ရီ FM မှအပတ်စဉ် အင်္ဂါနေ့ နံနက် ၉ နာရီမှ ၉ နာရီခွဲ၊ သောကြာနေ့ညနေ ၆ နာရီမှ ၆ နာရီ ၄၅ မိနစ်တို့တွင် ထုတ်လွှင့်နေသည့် Happy Time အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ အမျိုးသားက ဖုန်းဆက်စကားပြောသည့် အမျိုးသမီးများအား အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်သည့် စကားများဖြင့် ပြောဆိုမှုသည် အများပြည်သူနားထောင်ရန် မသင့်တော်ကြောင်း၊ ဖုန်းဆက်သူများအထဲတွင် အသက်မပြည့်သေးသည့် ကလေးငယ်များပါနိုင်ပြီး ထိုကလေးငယ်များအပေါ် အခွင့်အရေးယူသလိုဖြစ်နိုင်ပါကြောင်း တိုင်ကြားလာသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စိစစ်မှုများပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် မြန်မာ့အသံ၊ ချယ်ရီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဉ္စဝတီ FM နှင့် မန္တလေး FM များ၏အစီအစဉ်များတွင် အများပြည်သူနားဆင်ရန်မသင့်သော ပြောကြားချက်များ၊လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားဆက်ဆံရာရောက်သော၊ အမျိုးသမီး၊ ကလေးငယ်များနှင့် မသန်စွမ်းသူများအပေါ် နှိမ့်ချရာရောက်သော၊ အခွင့်အရေးယူရာရောက်သော အသုံးအနှုန်းများပါဝင်ကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဒုတိယအမြဲတမ်းအတွင်းဝန် | - | ၀၆၇-၄၁၂၃၂၃(ဖုန်း) |
| | ပြည်ထောင်စုဝန်ကြီးရုံး | | ၀၆၇-၄၁၂၀၁၇(ဖက်စ်) |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | - | ၀၆၇-၇၉၄၅၆(ဖုန်း) |
| | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | ၀၆၇-၇၉၄၇၃(ဖက်စ်) |
| ၃။ | ညွှန်ကြားရေးမှူး(အသံလွှင့်) | - | ၀၆၇-၇၉၂၁၂(ဖုန်း) |
| | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | | ၀၆၇-၇၉၂၀၅(ဖက်စ်) |

Email-zeyar.mrtv-3@gmail.com


**ပြန်ကြားရေးဝန်ကြီးဌာန**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ မြင်သာအိမ်ရာစီမံကိန်း၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၂၀၄)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားတိုးတက်ရေးပါတီ၏အလံပုံစံ**



**အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၈၈ မျိုးဆက်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၇/၂၀၁၅)
၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**၈၈မျိုးဆက်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးလမ်းမကြီး၊ အမှတ်(၁၃၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **၈၈ မျိုးဆက်ဒီမိုကရေစီပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီမှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**၈၈မျိုးဆက်ဒီမိုကရေစီပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၈၇)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် **အမျိုးသားတိုးတက်ရေးပါတီနှင့် အမျိုးသမီးပါတီ(မွန်)**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၇)တွင်ပါတီရုံးချုပ်တည်ရှိသော **အမျိုးသမီးပါတီ(မွန်)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၁၅ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရအများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသမီးပါတီ(မွန်)၏အလံပုံစံ**



**အမျိုးသမီးပါတီ(မွန်)၏တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံ သဘင်ဖောင်ဒေးရှင်းက သဘင်လောကသားများအတွက် ပံ့ပိုးကူညီပေးမည်

သတင်း-မော်မော်
ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန် ဇွန် ၁၆**

သဘင်အနုပညာ တိုးတက်မြင့်တင်ရေးအတွက် သဘင်လောက၌ ရပ်တည်လျက်ရှိသော သဘင်သည်များ၏ဘဝနှင့် ပတ်သက်သည့် ပညာရေး၊ ကျန်းမာရေးများ အထောက်အကူပြုနိုင်ရန်နှင့် သဘင်လောကသားများ၏ အနုပညာတင်ဆက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန် ရည်ရွယ်ပြီး "မြန်မာနိုင်ငံ သဘင်ဖောင်ဒေးရှင်း" ကို ၂၀၁၄ ခုနှစ်တွင် နာယကငါးဦး၊ အမှုဆောင် ၂၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သဘင်ပညာရှင်မိသားစုများအား ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ဖောင်ဒေးရှင်းက အခုမှ အခြေတည်တာဖြစ်သလို အားလုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်တာ တွေ့ရပါတယ်၊ သဘင်ပညာသည်များရဲ့ ဘဝက ပင်ပင်ပန်းပန်း ရပ်တည်နေရတာဖြစ်တာကြောင့် အားလုံးဝိုင်းဝန်းလက်တွဲ အထောက်အကူပြုပေးစေချင်ပါတယ်၊ စေတနာရှင်အလှူရှင်များရဲ့ ပံ့ပိုးမှုများစွာပါဝင်လာရင် ဖောင်ဒေးရှင်းရဲ့လုပ်ငန်းတွေက ပိုမိုကျယ်ပြန့်လာမှာပါ၊ ဖောင်ဒေးရှင်းအနေနဲ့ ဩဂုတ်လအတွင်း ဂျပန်ရုပ်သေးအဖွဲ့နဲ့ မြန်မာရုပ်သေးအဖွဲ့ ပူးပေါင်းပြီး ယဉ်ကျေးမှုဖလှယ်မယ့် အစီအစဉ်ရှိသလို သင်တန်းတွေကိုလည်း အပြန်အလှန်ဖလှယ်ဖို့ အစီအစဉ်ရှိပါတယ်၊ သဘင်ပညာသည်များရဲ့ဘဝနဲ့ ပညာနှစ်ခုကို အလင်းရောင်ပေးနိုင်အောင် ဖောင်ဒေးရှင်းက အလှူရှင်များနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ရန်ကုန်အနုပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် မြန်မာနိုင်ငံ သဘင်ဖောင်ဒေးရှင်း၏ အမှုဆောင်အစည်းအဝေးတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ မန္တလေးသိန်းဇော်က ပြောကြားခဲ့သည်။



မန္တလေးသိန်းဇော်



ဦးနန်းဝင်း

အတွင်းရေးမှူး ဦးနန်းဝင်းက "သဘင်ထု တစ်ရပ်လုံးအတွက် ဒီဖောင်ဒေးရှင်းက သာရေး နာရေးတွေကို ပံ့ပိုးကူညီပေးမှာဖြစ်တယ်၊ အခု ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှာရှိတဲ့ အနုပညာအထက်တန်းကျောင်းဝင်းထဲမှာ ရန်ပုံငွေရရှိဖို့အတွက် မြန်မာ့ယဉ်ကျေးမှုနဲ့ ဆက်စပ်တဲ့ ဝတ်စားဆင်ယင်မှု၊ ရိုးရာပွဲ၊ ရုပ်သေးအက၊ မြန်မာအက၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးတွေထားရှိပြီးတော့ မြန်မာ့ရိုးရာဓလေ့ အလှူမင်္ဂလာပွဲကို ဖော်ကျူးပြသပြီး နိုင်ငံခြားသားတွေအတွက် ဖျော်ဖြေပွဲတွေလုပ်သွားမယ့် အစီအစဉ်ရှိတယ်၊ ဒါ့အပြင် နန်းဝတ်နန်းစား မြန်မာ့ရိုးရာအဝတ်အစားတွေနဲ့ နိုင်ငံခြားသားတွေ ဓာတ်ပုံရိုက်နိုင်အောင် စီစဉ်ထားမယ်၊ အငြိမ့်တွေ၊ ရိုက်ကူးရေးတွေ ရိုက်နိုင်အောင်လည်းစီစဉ်ထားတယ်၊ ဒီလုပ်ငန်းတွေကို ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်"ဟု ပြောသည်။

မြန်မာ့သဘင် ဖောင်ဒေးရှင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အမှတ်အသားမှာ ဆီမီးခွက်နှင့် အကပေါင်းစပ်ထားသော သင်္ကေတဖြစ်သည်။ သဘင်သည်များ၏ ဘဝနှင့် ပညာကို အဓိပ္ပာယ်ဖွင့်ဆိုသည့် သဘင်လောက၏ ပညာရပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မည့် အစီအစဉ်ကို ဖော်ဆောင်သွားမည့် အမှတ်အသားဖြစ်သည်။

# လယ်ဝေးမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများကို ဆုချီးမြှင့်

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် လယ်ဝေးမြို့ အမှတ်(၄)ရပ်ကွက် သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ပညာရေး တာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသည့် လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၂ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိသည့် လယ်ဝေး အထက(၁) ကျောင်းအုပ်ဆရာမကြီး၊ သိပ္ပံတွဲ ရူပဗေဒဘာသာရပ်တွင် ဂုဏ်ထူးရှင် ၁၈ ဦး၊ ဝိဇ္ဇာတွဲ ဘောဂဗေဒဘာသာရပ်တွင် ဂုဏ်ထူးရှင် ၁၈ ဦး ရရှိအောင် သင်ကြားပေးခဲ့သော အထက်တန်းပြဆရာမ နှစ်ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ပြီး လေးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူ တစ်ဦးတို့က အဘက်ဘက်မှကူညီပံ့ပိုးခဲ့သူများအား ကျေးဇူးတင်စကား ပြောကြားသည်။

သန်းဦး(လေးမျက်နှာ)

# ရထားလမ်းဖြတ်ကူးသူ ရထားတိုက်ခံရ

**နေပြည်တော် ဇွန် ၁၆**

ရှမ်းပြည်နယ် ဟိုပင်မြို့နယ် ပင်းဘောဘူတာအထွက်တွင် ဇွန် ၁၄ ရက် ည ၉နာရီ မိနစ် ၂၀ က အမှတ်(၄၁)အဆန် မန္တလေး-မြစ်ကြီးနား ရထားသည် မိုင်တိုင်အမှတ်(၆၆၁/၁၈)အရောက် အမျိုးသားတစ်ဦးအား ဝင်ရောက်တိုက်မိကြောင်း သတင်းအရ ရထားရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာနေ ဆန်းဝင်း(၂၈နှစ်)သည် ရထားလမ်းအနောက်ဘက်မှ အရှေ့ဘက်သို့ဖြတ်ကူးစဉ် ရထားနှင့်ဝင်ရောက်တိုက်မိမှုကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရ၍ ပင်းဘောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဇွန် ၁၅ ရက် ၅ နာရီတွင် ဆန်းဝင်းမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

ကိုရဲ

# တနင်္သာရီမြို့နယ်တွင် ဘိန်းစာပင်များဖျက်ဆီး



**နေပြည်တော် ဇွန် ၁၆**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက် (ယင်းမာ)စီမံချက်အရ ဇွန် ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်း ဦးစီးအဖွဲ့၊ မြိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)မှ ဦးဝင်းမောင် ဦးစီးအဖွဲ့၊ တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးစီးအဖွဲ့၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သည့်အင်အား ၇၀ သည် အမှတ်(၅၆၁) ခြေမြန်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးဝင်းထွန်းအောင် ဦးစီးအဖွဲ့၊ KNU ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဖဒိုထူးစော ဦးစီးအဖွဲ့၊ တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူ့စစ်များ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၃၁၁ ဦးနှင့် ပူးပေါင်း၍ နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၀ နာရီ ၄၅ မိနစ်အထိ တနင်္သာရီမြို့နယ် သကျက်ကျေးရွာအုပ်စု ကွဲ့ထိန်းကုန်းကျေးရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ဘန်ကြုတ်ဒေသရှိ ဘိန်းစာပင် ၁၆၄၄ ပင် အလေးချိန် ၁၀၄၅ ဒသမ ၇၉ ကီလို (ကာလတန်းဖိုးငွေကျပ် ၁၆၉ ဒသမ ၉၄ သိန်း)၊ ၁ ဒသမ ၈၅ ဧကကို ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကိုရဲ

# ပေါင်းထိုးနေသူ မိုးကြိုးပစ်ခံရ

**နေပြည်တော် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကောင်းတင်ကျေးရွာ၌ ဇွန် ၁၅ ရက် ညနေ ၄ နာရီခွဲက မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံးကြောင်း သတင်းအရ ကျောရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ ဒေါ်ဝင်းတင် (၅၄နှစ်)နှင့် ချွေးမဖြစ်သူ မခင်မမလှိုင်(ခ)ဂေါက်စွာ(၁၇နှစ်)တို့နှစ်ဦး နှမ်းခင်းအတွင်း ပေါင်းထိုးနေစဉ် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်ခံရ၍ မခင်မမလှိုင်(ခ)ဂေါက်စွာမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဒေါ်ဝင်းတင်တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ကိုရဲ


နေပြည်တော်(၁) ဖုန်း- 251277 251288 | ရွှေဆောင်(၁) ၀၁-၂၅၂၁၃၃ ၀၁-၃၈၈၀၃၄ | မင်္ဂလာ(၂) | မင်္ဂလာ စံပြ | မင်္ဂလာနိုင်းမွန်း | မင်္ဂလာထွန်းသီရိ




နေပြည်တော်(၃) ဖုန်း- 251277 251288 ၁၉.၆.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၂) ဖုန်း- 251277 251288 ၁၉.၆.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ



# အင်ဒိုနီးရှားရောက် မြန်မာရေလုပ်သားများကို မိဘထံပြန်လည်အပ်နှံ



**ပေါင်းတည် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပေါင်းတည်မြို့ မီးသတ်ဦးစီးဌာနခန်းမ၌ ဇွန် ၁၁ ရက်က အင်ဒိုနီးရှားနိုင်ငံရောက် မြန်မာရေလုပ်သားများကို မိဘများထံ ပြန်လည်အပ်နှံပေးသော အခမ်းအနားကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဝင်းညွန့်က ပြန်လည်ရောက်ရှိလာသောသူများအနေဖြင့် အမိနိုင်ငံကို မိမိတတ်နိုင်သည့်ဘက်မှ နိုင်ငံတော်အတွက် အုပ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်ကြရန်၊ မိမိ၏ပတ်ဝန်းကျင်မှ အပေါင်းအသင်းများကိုလည်း မိမိတို့ကဲ့သို့ လမ်းမှားမရောက်အောင် ကိုယ်တွေ့ကြုံခဲ့ရသော အခက်အခဲများကို သင်ခန်းစာယူနိုင်ကြစေရန် ပြောကြားပေးခြင်းဖြင့် လူငယ်များ လမ်းမှားမရောက်အောင် ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြန်လည်ရောက်ရှိလာသော အောင်လှ(ခ)ကုလားကြီး (၄၅ နှစ်) နတ်တလင်းမြို့နယ်နှင့် ရဲဝင်းစိုး (၂၇ နှစ်) ပေါက်ခေါင်းမြို့နယ်တို့ နှစ်ဦးကို မိဘများထံ အပ်နှံပေးခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မိုင်းကိုင်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကျင်းပ

**မိုင်းကိုင် ဇွန် ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ဇွန် ၁၅ ရက်က အထက (မြတ်သီရိခန်းမ)၌ ကျင်းပသည်။



ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်မှူး ရဲမှူးမြင့်နွယ်ဦး၊ ပြန်/ဆက်ဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်မှုများ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ရွေးချယ်ခံထားရသော ထက်/လယ်/မူ ကျောင်းသားကျောင်းသူ ၄၉ ဦးတို့က ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လမ်းပြုပြင်စဉ် မြေပြိုကျ၍ သေဆုံး

**နေပြည်တော် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆင်သေကျေးရွာအုပ်စု ကျောက်တောင်ကျေးရွာနှင့် အုတ်သျှစ်ကုန်းကျေးရွာအကြား ဆင်သေ-အုတ်သျှစ်ကုန်းရွာချင်းဆက်လမ်းကို ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီက ပြုပြင်ရန် ရွာသားများ စုပေါင်း၍ မြေကျင်းများတူးပြီး မြေသယ်နေစဉ် မြေကျင်းပြိုကျမှုကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိရာ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာချင်းဆက်လမ်းကို ပြုပြင်ရန် ကျောက်တောင်ကျေးရွာနှင့် အုတ်သျှစ်ကုန်းကျေးရွာတို့မှ ရွာသားများစုပေါင်း၍ မြေကျင်းများတူး မြေဖို့ကြပြီး မွန်းလွဲ ၁ နာရီတွင် ခေတ္တအလုပ်သိမ်းကာ ကျောက်တောင်ကျေးရွာနေ မင်းအောင်(၃၇နှစ်) ပါ ငါးဦးမှာ လမ်းဘေးရှိ မြေကျင်းကလိုင်အတွင်း ဝင်ရောက်နားခိုခဲ့ကြောင်း၊ ထိုသို့ နားခိုနေစဉ် မြေကျင်းပြိုကျပိမိမှုကြောင့် မင်းအောင်နှင့် တစ်ရွာတည်းနေ သိန်းသန်းလင်း(၂၄နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ကျန်သုံးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးကို မြန်အောင်မြို့ ပြည်သူ့ဆေးရုံသို့တင်ပို့ကုသရာ မင်းအောင်သည် ရရှိသောဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အင်ပင်နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ပြတ်တောက်နေသည့် ဝိုင်ယာကြိုးကို ပြန်ဆက်ရာမှ ဓာတ်လိုက်

**နေပြည်တော် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းတိုက် နယ်ဆေးရုံ၌ ဇွန် ၁၅ ရက် ည ၉ နာရီခွဲက ဓာတ်လိုက်သေဆုံးသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မြိုင်မြို့နယ် သနပ်ရင်းကျေးရွာနေ ခင်မောင်ညွန့်(၄၃နှစ်)ဖြစ်ကြောင်း သိရသည်။

စစ်ဆေးချက်အရခင်မောင်ညွန့်သည် တစ်ရွာတည်းနေ ဦးတိုက်ထွန်း၏ နေအိမ်၌ ရေတွင်းမှ ရေတင်ရန်အတွက် တရုတ်နီဂျင်ဒေါင်းအမျိုးအစား ၁၂ ကောင် ဒိုင်နမို ၃ ကီလိုမီးစက်အား စက်နှိုးထားပြီး မော်တာသို့ မီးမဝင်သဖြင့် လိုက်လံစစ်ဆေးရာ ဝိုင်ယာကြိုးပြတ်နေသည်ကို တွေ့ရှိရသဖြင့် ပြန်ဆက်ရာ ဓာတ်လိုက်၍ ဆေးရုံသို့ ပို့ဆောင်စဉ်လမ်း၌ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ **ကိုရဲ**

# မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပ

**သံတွဲ ဇွန် ၁၆**

သံတွဲခရိုင် ဂွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန်ပထမပတ်က မြို့နယ်ထွေအုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်က ကျန်းမာပျော်ရွှင်သာယာစေဖို့ ဆေးလိပ်၊ ဆေးရွက်ဖြတ်ကြစို့ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သဇင်အေးက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကျခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်းနှင့် ဒုတိယရဲမှူးမြင့်ဌေးက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု လုပ်ဆောင်ခြင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဇော်ဝင်းထွန်း(iprd)**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၆-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃)ပါ ဂုဏ်ပြုချီးမြှင့်ခြင်း ကြော်ငြာတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ငွေကျပ် ၃၀,၀၀၀,၀၀၀(ကျပ်သိန်းသုံးရာတိတိ) နှင့် U-23 ဘောလုံးအသင်းအား ငွေကျပ် ၃၀,၀၀၀,၀၀၀ (ကျပ်သိန်းသုံးရာတိတိ) စုစုပေါင်း ငွေကျပ် ၆၀,၀၀၀,၀၀၀(ကျပ်သိန်းခြောက်ရာတိတိ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ပေါင်းတည်မြို့၊ ပျဉ်ပုံအုပ်စု၊ သဖန်းကုန်းကျေးရွာနေ ဦးတင်ထွဋ်၏သား အထက၊ သဖန်းကုန်းကျောင်း စတုတ္ထတန်းမှ မောင်မင်းသုခအား မောင်မိုးဟိန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မိုးဟိန်းကျော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးချိုချိုထွန်း ၆/ကသန(နိုင်)၀၀၆၂၈၇ ၏ passport-No MA-016067 စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၅၅၉၄၆၊ ၀၁-၅၀၅၃၃၆

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/4700၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဧယ/၅၁၈၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးပရ်သီးကူမာရ် ၇/ကတခ(ပြု)၀၀၉၇၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး(ပဲခူး)**

## လူပျောက်ကြော်ငြာ



ဖယ်ခုံမြို့နယ်၊ သိကျိုတ်ကျေးရွာအုပ်စု၊ ဆင်ခွန်ရွာနေ ဦးမောင်နီ၏သား မောင်ဆန်ဖြိုး အသက်(၁၀)နှစ်သည် နယ်မှ တောင်ဒဂုံမြို့နယ်၊ အမှတ်(၁၀၇)ရပ်ကွက် ဇီးဖြူတောင် ဘုန်းကြီးကျောင်းမှ ကိုရင်ဝတ်နဲ့ ၂၇-၅-၂၀၁၅ ရက် နံနက် ၁၀ နာရီတွင် ဆွမ်းခံကြွရင်းနဲ့ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၇၈၆၀၉၇၊ ၀၉-၃၀၀၉၆၉၈၆၊ ၀၉-၂၆၂၃၉၄၈၁၀




## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်သုံးဆီ(ဒီဇယ်)အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများအသုံးပြုရန်အတွက် ဒီဇယ်ဆီ ၂၀၀၀၀၀ (နှစ်သိန်း) ဂါလန်အား အိတ်ဖွင့်တင်ဒါ (Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၁၆-၆-၂၀၁၅ ရက်မှ ၁၈-၆-၂၀၁၅ ရက်ထိ
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၈-၆-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်၊အချိန်၊** - ၁၈-၆-၂၀၁၅ ရက် ၁၃:၀၀ နာရီ
**နေရာ** အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
**မှတ်ချက်။** ။ တင်ဒါတင်သွင်းသူများ တက်ရောက်ပါရန်

၂။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ထုတ်ယူနိုင်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**
**အမှတ် (၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၁၃၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သီဒတ်လမ်း၊ အမှတ် (၁၀၆၄/ခ) တိုက်၏ မြေညီ (ခြေရင်းခန်း)၊ (၁၅ x ၅၄)ပေ အကျယ်အဝန်းရှိ ရေမီးစုံ ထာဝရသုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးအောင်သက် (၅/တသန (နိုင်) ၀၄၉၈၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးပြည့်ဖြိုးအောင် (LL.B,.D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၆၀၅၀)
အမှတ် - ၁၆၄ (A)၊ ၃-ထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၂၅၃၂၈၀၀၂

# SME များအား ချေးငွေထုတ်ပေးမှုဆိုင်ရာ စီမံခန့်ခွဲမှုအရည်အသွေးတိုးမြှင့်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံတွင်းရှိ ဘဏ်များအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME)များအား ချေးငွေထုတ်ပေးရာတွင် ဆုံးရှုံးနိုင်ချေ အလားအလာကို ကြိုတင်စီမံခန့်ခွဲသည့်အရည်အသွေးများ ပိုမိုတိုးမြှင့်လာနိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ချက်ထရီယမ် ဟိုတယ်၌ ဇွန် ၁၅ ရက်က စတင်ကျင်းပပြီး ဇွန် ၁၈ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




ဆွေးနွေးပွဲကို အာရှဖွံ့ဖြိုးရေးဘဏ် ADB ၏ နည်းပညာ အထောက်အပံ့တစ်ခုဖြစ်သော ချေးငွေဆုံးရှုံးနိုင်ချေ အလားအလာစီမံခန့်ခွဲမှု ဒေသတွင်းအရည်အသွေးမြှင့်တင်ပေးရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ "ခိုင်မာတဲ့ ဆုံးရှုံးနိုင်ချေအလားအလာ စီမံခန့်ခွဲနိုင်မှုရှိရင် ဘဏ်တွေအနေနဲ့ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ငွေကြေးဝန်ဆောင်မှုတွေ ပိုမိုပေးအပ်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရေရှည်တည်တံ့ပြီး အားလုံးအတွက် အကျိုးသက်ရောက်စေမယ့် ဖွံ့ဖြိုးမှုရရှိဖို့ရာ ဒီလုပ်ငန်းတွေ ရှင်သန်ဖွံ့ဖြိုးရေးက အလွန်အရေးကြီးပါတယ်"ဟု ADB ဘဏ် ဒုတိယဥက္ကဋ္ဌ Thierry de Longguemar က အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံရှိဘဏ်များမှ ဝန်ထမ်း ၃၀ ကျော် တက်ရောက်ခဲ့ကြသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရာတွင် ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ချေအလားအလာများကို ယခုဆွေးနွေးပွဲ၌ ရှင်းလင်းသွားမည်ဖြစ်ရာ ဆွေးနွေးပွဲတက်ရောက်ခြင်းဖြင့် ဘဏ်များမှ ချေးငွေဆိုင်ရာအရာရှိများနှင့် ဆုံးရှုံးနိုင်ချေအလားအလာ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအနေဖြင့် ချေးငွေမူဝါဒချမှတ်ခြင်း၊ ချေးငွေလျှောက်ထားမှုများကို အကဲဖြတ် စစ်ဆေးခြင်းနှင့် ချေးငွေဆိုင်ရာအချက်အလက်များအား စောင့်ကြပ်စစ်ဆေးခြင်းတို့တွင် လက်တွေ့ဆောင်ရွက်ကာ ပိုမိုနားလည်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး စုစုပေါင်းဝန်ထမ်းခန့်ထားမှု၏ ၇၀ရာခိုင်နှုန်းရှိသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသည် မြန်မာနိုင်ငံ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ အားထားရာကျောရိုးဖြစ်ကြောင်းသိရသည်။ သို့ရာတွင် ချေးငွေဆိုင်ရာ တင်းကြပ်မှုများကြောင့် လိုအပ်သောငွေကြေးဝန်ဆောင်မှုရရှိရန် ခက်ခဲနေသလို အဆိုပါလုပ်ငန်းငယ်များသို့ ပြည်တွင်းဘဏ်များက ချေးငွေထုတ်ပေးရာတွင် ဆုံးရှုံးနိုင်ချေအလားအလာစီမံခန့်ခွဲမှုနှင့် အကဲဖြတ်စစ်ဆေးမှု အရည်အသွေးများ တိုးမြှင့်ရန်လိုအပ်နေခြင်းတို့က စီးပွားရေးလုပ်ငန်းငယ်များ ချေးငွေပိုမိုရရှိရန်နှင့် တိုးတက်ရန် အဟန့် အတားဖြစ်လျက်ရှိကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး ကျပ်ငွေသုံးဘီလီယံခန့်သုံးစွဲမည်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြို့ပေါ်တွင် မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကို လျှော့ချနိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ယခုနှစ်ဘဏ္ဍာနှစ်အတွင်း ငွေကျပ်သုံးဘီလီယံခန့် ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်းတံတား)ဌာနမှ သိရသည်။

"၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ရေစီးရေလာကောင်းမွန်ရေးမြေအောက်မြောင်းများနဲ့ မြစ်ထွက်ပေါက်များချဲ့ထွင်ရေး အပါအဝင် လမ်းများချဲ့ထွင်ရေးနဲ့ စကျင်္ကြံများခင်းခြင်းလုပ်ငန်းများအတွက် ငွေကျပ်သုံးဘီလီယံခန့် ကျခံသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်းတံတား)ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လူဦးရေထူထပ်များပြားလာခြင်း၊ အဆောက်အအုံများဆောက်လုပ်မှုများပြားလာခြင်းနှင့် မြစ်ထွက်ပေါက်များ ကျဉ်းမြောင်းလာခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ အဓိကဖြစ်ပွားရာမြို့နယ်များဖြစ်သည့် ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာ၊ ဗဟန်း၊ အလုံ၊ ဒဂုံ၊ ပုဇွန်တောင်နှင့် မင်္ဂလာတောင်ညွန့် စသောမြို့နယ်များ၌ ရေစီးရေလာကောင်းမွန်ရေးအတွက် စစ်တမ်းကောက်ယူတိုင်းတာမှုများနှင့် ပြုပြင်မှုများလုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြီးခဲ့သည့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ရေစီးရေလာကောင်းမွန်ရေး မြေအောက်ရေ မြောင်းများပြုပြင်ခြင်း၊ လမ်းများချဲ့ထွင်ခြင်း၊ စကျင်္ကြံလမ်းများခင်းခြင်းအတွက် ငွေကျပ် ၃ ဒသမ ၇၅ ဘီလီယံ ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ မြေအောက်မြောင်းများပြုပြင်ခြင်း၊ မြစ်ထွက်ပေါက်များ ချဲ့ထွင်ခြင်း၊ လမ်းသစ်များချဲ့ထွင်နိုင်ခြင်းတို့ကြောင့် မိုးရာသီကာလအတွင်း ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုကို ထက်ဝက်လျှော့ချသွားနိုင်လိမ့်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေစီးရေလာကောင်းမွန်ရေး နှစ်အလိုက်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်မှုကြောင့် မိုးများချိန်တွင်ရေကြီးရေလျှံမှုများရှိသော်လည်း ယခင်ကကဲ့သို့ အချိန်ကြာမြင့်စွာ ရေကြီးရေတင်နေမှုမှာ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရသည်။

**သတင်း-မောင်နွေသစ်၊ ဓာတ်ပုံ-သဏ္ဍာ**

**ဇွန် ၁၆ ရက် နံနက်ပိုင်းက ယုဇနပလာဇာရှေ့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေစဉ်။**



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

**အမည်ပြောင်း**

ဦးမျိုးထွန်းနောင် ၈/မကန(နိုင်)၀၀၄၇၄၁ ၏သမီး မကွေးမြို့၊ အလက(ခွဲ) ရဲကျောင်း ဆဋ္ဌမတန်း(က)မှ မအိန္ဒြာလင်းလက်အား မသီရိလင်းလက်ဟု ပြောင်းလဲခေါ်ပါရန်။ **မသီရိလင်းလက်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ထားဝယ်မြို့၊ ဝဲကျွန်းညောင်ရမ်း၊ မင်္ဂလာသီတာလမ်း၊ အမှတ်(၉၁၄)နေ မလင်းလင်းနိုင်၏ဖခင် ဦးဝင်းကျော်နှင့် ဦးကျော်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း၊ မိခင်ဒေါ်ခင်ထွေးနှင့် ဒေါ်ခင်ဆွေတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဝင်းကျော် (ခ) ဦးကျော်ဝင်း ဒေါ်ခင်ထွေး (ခ) ဒေါ်ခင်ဆွေ**

**ပြည်ဟိန်းကျော် ဗိုလ်လောင်းသင်တန်း**

DSMA, DSTA, DSA ၁-၇-၂၀၁၅ စမည်။
၂/က၊ စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့။
**ဖုန်း-၀၉-၂၅၄၃၇၆၂၇၂၊ ၀၉-၇၃၀၆၁၈၅၀**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက (သမုတ်)၊ တက္ကသိုလ်ဝင်တန်းမှ မခင်ခင်အေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအုန်းကြွယ် ဖြစ်ပါကြောင်း။ **ဦးအုန်းကြွယ်**

**ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၁၈၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**တိုက်ခန်းငှားမည်**

၁၅ပေ×ပေ၆၀ မြေညီ+ပ+ဒု သုံးလွှာ အတွင်းလှေကား၊ ပန်းဆိုးတန်းလမ်း၊ (အပေါ်ဘလောက်) ၁၅ပေ×ပေ၄၀ မြေညီ(ဂိုဒေါင်ရ) ၁၂၆လမ်း(ဂုတ်) မင်္ဂလာဈေးအနီး
**ဖုန်း-၀၉-၂၆၂၃၂၉၉၉၂၊ ၀၉-၇၃၀၉၉၉၂၅**

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၃၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ
၁၂ ၊ ၆ ၊ ၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ။
မင်္ဂလာဒိုင်းမွန်း(မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂
ပြမြို့



# ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ

# (Post 2015 Development Agenda and Sustainable Development Goals-SDGs)

## ဖွံ့ဖြိုးမှုအစီအစဉ်၏အရွေ့(သို့မဟုတ်) ကမ္ဘာ့ဖွံ့ဖြိုးမှုပန်းတိုင်များ ပြောင်းလဲလာခြင်း

**ဒေါက်တာ ဝါဝါမောင် (စီမံ/စီးပွား)**

Globalization ၏ အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားနိုင်ရန် ၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာစုသစ် ကြေညာချက် (Millennium Declaration) အဖြစ် ကမ္ဘာ့နိုင်ငံများ အားလုံးအတွက် ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး၊ လူနေမှုဘဝ အရည်အသွေးတိုးတက်ရေး၊ လူသားတို့၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး၊ လူသားတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှုစသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးမှုပန်းတိုင်များအနေဖြင့် ချမှတ်အောင်မြင်ခဲ့သည်။ **၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကုလသမဂ္ဂညီလာခံ**မှ အတည်ပြုထားသော အောက်ဖော်ပြပါ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ(MDGs )များကို ကမ္ဘာ့ခေါင်းဆောင်များအားလုံးက ၂၀၁၅ ခုနှစ်တွင် အားလုံးပြည့်မီစွာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။

***ယမန်နေ့မှအဆက်***

- **ပန်းတိုင်(၁၃)**- ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေး (Goal 13- Take urgent action to combat climate change and its impacts)
- **ပန်းတိုင်(၁၄)**- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက် ရန် (Goal 14- Conserve and sustainably use the oceans, seas and marine resources for sustainable development.)
- **ပန်းတိုင်(၁၅)**- ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲ ပြုန်းတီးမှုရပ်တန့်စေရေး၊ (Goal 15- Protect, restore and promote sustainable use of terrestrial ecosystems, sustainably manage forests, combat desertification and halt and reverse land degradation and halt biodiversity loss)
- **ပန်းတိုင်(၁၆)**- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး (Goal 16- Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels.)
- **ပန်းတိုင်(၁၇)**- အကောင်အထည် ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေး (Goal 17- Strengthening the means of implementation and revitalize the Global Partnership for Sustainable development.)

သို့ဖြစ်ပါ၍ အသစ်ပြဋ္ဌာန်းမည့် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အနေအထားဖြစ်ပြီး ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင် ၁၇ ခုတွင် ရည်မှန်းချက်ပေါင်း ၁၆၉ ခု ရှိပြီး တိုင်းတာမည့် ညွှန်းကိန်းပေါင်း ၃၀၀ ကျော်ရှိမည်ဖြစ်ပါသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အလိုက် စီမံချက်အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြရန် ဖြစ်ပါသည်။ နိုင်ငံတိုင်း ၏ နှစ်တို၊ နှစ်ရှည်စီမံကိန်းများတွင် အဆိုပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက်များ၊ အောင်မြင်မှုကို တိုင်းတာနိုင်သည့် ညွှန်းကိန်းများ တိုးတက်စေရေးကိစ္စများ ပါဝင်စေရန် လိုအပ်ပါသည်။**

### ထောင်စုနှစ်ပန်းတိုင်များနှင့် မြန်မာ

**မိမိတို့နိုင်ငံအနေဖြင့် ထောင်စုနှစ်ပန်းတိုင်များအား အကောင်အထည်ဖော်ဆောင်ရာတွင် ပညာရေး၊ ကျန်းမာရေးအစရှိသည့် နယ်ပယ်များတွင် အောင်မြင်တိုးတက်လျက်ရှိသော်လည်း ဆက်လက်၍ အရည်အသွေးပြည့်ဝစွာ တိုးတက်စေရန် လိုအပ်လျက်ရှိပါသည်။ ထောင်စုနှစ်ပန်းတိုင်များ၏ အဓိကဖြစ်သည့်** ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးအတွက် ပထမ ငါးနှစ် စီမံကိန်း၏ ဦးစားပေးအဖြစ် **ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး**တို့အတွက် အောက်ခြေ Grassroots Level အထိ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်မှုများ ရှိသော်လည်း တစ်နိုင်ငံလုံး ပျံ့နှံ့မှုအတိုင်းအတာအား ဖြင့် **ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိနေပါသေး သည်။ ကျေးလက်ဒေသ ဆင်းရဲမှု (Rural Poverty)သာမက တိုးတက် ကျပ်သိပ်လာသည့် လူဦးရေနှင့်အတူ ဖြေရှင်းရမည့် မြို့ပြဆင်းရဲမှု ( Urban Poverty)လည်း လျစ်လျူရှု၍မရနိုင်ပါသဖြင့် ဘက်ညီမျှတစွာ တိုးတက်မှုအတွက်လည်း ဖောင်းပေးဆောင်ရွက် လျက်ရှိပါသည်။**

**ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များစွာအား ချဉ်းကပ်ဖောင်းပေးဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ သည် မရှိမဖြစ် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများအားလုံးတို့ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပါသည်။**

### ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး

**ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် ရယူနိုင်သည့် ခံစားခွင့်များ ( Priveliges for LDCs) အားအသုံးချကာ ကမ္ဘာ့စီးပွားရေး အဆောက်အအုံနှင့် ချိတ်ဆက်၍ ကုန်သွယ်မှု အထူးအခွင့်အရေးများရယူကာ ကုန်သွယ်မှုတိုးတက်စေခြင်းမှ တစ်ဆင့်** သင့်တော်မျှတသော ယှဉ်ပြိုင်မှုဖြင့် ဈေးကွက်ရရှိစေခြင်း၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေခြင်း၊ လိုအပ်သည့် အခြေခံအဆောက်အအုံ ထူထောင်ခြင်း၊ ကုန်သွယ်ရေးအတွက် အကူအညီ (Aid for Trade )ရယူကာ ကုန်သွယ်မှု တိုးမြှင့်ခြင်းအားဖြင့် ဆင်းရဲမှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် နည်းပညာရယူခြင်းတို့အား ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအနေဖြင့် မိမိတို့ ရရှိနိုင်မည့် အခွင့်အရေးများအား သိရှိနားလည်ပြီး လိမ္မာကျွမ်းကျင်စွာ မိမိနိုင်ငံအတွက် အခွင့်အရေးကို အကျိုးရှိစွာ ရယူနိုင်ရန် ဖြစ်ပါသည်။

### နိုင်ငံသားတိုင်း၏ မိမိနိုင်ငံအတွက် ထားရှိသည့်ဆန္ဒများ

စီးပွားရေးကောင်းမွန်ခြင်း (A Good Economy)၊ လူ့အဖွဲ့အစည်းကောင်းတစ်ရပ် ထူထောင်လိုခြင်း ( A Good Society )၊ နိုင်ငံရေးဖြစ်စဉ်များကောင်းမွန်ခြင်း ( A Good Political Process) တို့သည် လူသားတိုင်း၊ နိုင်ငံသားတိုင်း၏ မိမိတို့နိုင်ငံအတွက် ဖြစ်စေလိုသည့်ဆန္ဒများ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံ အနာဂတ်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးပြီး အခွင့်အလမ်းများ တည်ရှိနေပြီး ဖြစ်သကဲ့သို့ စိန်ခေါ်မှုများလည်း များစွာတည်ရှိနေပါသည်။

သို့ဖြစ်ပါ၍ **မိမိတို့နိုင်ငံသည် နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဆောင်ရွက်ရန် လိုအပ်နေသည်ဖြစ်ရာ စုစည်းညီညွတ်မှု၊ ပေါင်းစည်းမှု၊ စိတ်ရှည်သည်းခံမှု၊ ဒီမိုကရေစီ၏ အနှစ်သာရအား စည်းကမ်းရှိစွာဖြင့် လက်တွေ့ကျင့်သုံးနိုင်မှုများနှင့်အတူ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးရလဒ်နှင့် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် တုံ့ဆိုင်းခြင်း မရှိစေဘဲ ခပ်သော့သော့ နှင့် အရောက်လှမ်းနိုင်ရေးမှာ အရေးပါလှပေသည်။ နိုင်ငံများအကြား ယှဉ်ပြိုင်မှု (Competitiveness) သည် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းပမာဏသာမက ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၏ အရည်အသွေး (Quality) နှင့် အရှိန်အဟုန်** (Speed) **အား ယှဉ်ပြိုင်ခြင်း ဖြစ်ပါသည်။**

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ ကမ္ဘာ့ ဖွံ့ဖြိုးမှုအစီ အစဉ် (Post 2015 Development Agenda )အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals -SDGs) များအား အကောင်အထည်ဖော်ဆောင်ရန် **နိုင်ငံသားတိုင်း၊ Stakeholder တိုင်းနှင့် သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း၊ Stakeholder တိုင်းမှ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် အသော့နှင်နိုင်ရေးအတွက် နိုင်ငံသားကောင်းပီသစွာဖြင့် ကျရာနေရာမှ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းတာဝန်ယူ ပါဝင်ဆောင်ရွက် ကြရန်မှာ အလွန်အရေးကြီးပါကြောင်း။** ။



## ဇမ္ဗူသီရိမြို့နယ်တွင် ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် အဆင့်မြင့် လယ်ယာမြေ ပုလဲသွယ် စပ်မျိုးစပါး စံကွက် ရိတ်သိမ်းခြင်းကို ဇွန် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာသို့ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဌာနမှူး ဦးဇော်မင်းအောင်၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများပူးပေါင်း၍ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) နှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOAI) တို့ ပူးပေါင်းဖော်ဆောင်သည့် တဲကြီးကုန်းကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာမြေ ၂၄၅ ဧက အနက် တောင်သူ ဦးကျော်အေး၏ ကွင်းအမှတ် ၁၆၅၉ ရှိ စိုက်ဧက တစ်ဧကအတွင်း ၀ ဒသမ ၀၀၁ စံကွက်ကို ရိတ်သိမ်းရာ ပုလဲသွယ်စပ် မျိုးစပါး ၁၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရေကျော်ကျေးရွာအုပ်စု လယ်တီကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဇွန်ဒုတိယပတ်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစိုးမိုးကျော်နှင့် ဦးကျော်မြင့်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်နှင့်(၁၈)နှစ် ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၁၈၄ ဦးမှ အသက်(၁၈)နှစ်ပြည့်ပြီးသူများအနက် ၆၀ ကျော်သာ စာရင်းသွင်းခြင်း၊ လက်ဗွေနှိပ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး နောက်လာမည့်အပတ်တွင် ထပ်မံ၍ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၁၇၀)

## ကော်မရှင်အဖွဲ့နှင့် ကျေးရွာကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

**ရမည်းသင်း ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ကျေးရွာအုပ်စု(၁၃) အုပ်စုမှ ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က ရမည်းသင်းမြို့နယ်(စံပြ)သိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်ကော်မရှင်အဖွဲ့အတွင်းရေးမှူး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ကော်မရှင်လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ကော်မရှင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ရမည်းသင်းခရိုင်(လဝက)ဦးစီးမှူး ဦးခင်မောင်သိန်းက မိုးပွင့်အထူးစီမံချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးအေးက ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၏မေးမြန်းချက်များအပေါ် ကော်မရှင်အဖွဲ့ဝင်က ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ညွှန့်ရွှေ(ရမည်းသင်း)**

# စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စေခြင်းဖြင့် မန္တလေးမြို့ဂုဏ်ကို မြှင့်တင်ကြပါစို့

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးမြို့တော် သာယာလှပစေရေးနှင့် မြို့တော်နေလူထုကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးတို့အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘက်ပေါင်းစုံမှဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ်မှစ၍ ကျန်းမာရေးလုပ်ငန်းများအတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ ဆောင်ရွက်နေခြင်းများရှိရာ ၄င်းစီမံချက်လုပ်ငန်းများနှင့် ပတ်သက်၍ သိလိုသည်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(၅) ဒေါက်တာသွင်ကျော်ကျော်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ လုပ်ဆောင်ပေးခဲ့ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဒီလုပ်ငန်းကိုရည်ရွယ်ချက်သုံးရပ်နဲ့ ဆောင်ရွက်ခဲ့တာပါ။ နံပါတ်(၁)ကတော့ မန္တလေးမြို့တော်မှာ နေထိုင်ကြတဲ့ ပြည်သူတွေ အစားအသောက်တွေကို ယုံကြည်စိတ်ချစွာ စားသုံးခြင်းဖြင့် ကျန်းမာပျော်ရွှင်သောဘဝတွေကို ပိုင်ဆိုင်နိုင်စေဖို့၊ နံပါတ် (၂)ကတော့ ရောင်းချတဲ့ ဆိုင်တွေကလည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန်တွေကို ရောင်းချပေးခြင်းဖြင့် သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေကို တိုးတက်ဖွံ့ဖြိုးကြစေဖို့နဲ့ နံပါတ်(၃) အချက်အနေနဲ့ကတော့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ အလွန်များတဲ့ မန္တလေးမှာ အစားအသောက်နဲ့ ပတ်သက်ရင် စိတ်ချယုံကြည်စွာ စားသုံးရခြင်းအားဖြင့် မန္တလေးရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးဖို့ ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေယုံကြည်စိတ်ချစွာ စားသုံးနိုင်အောင် ဘယ်လို စီမံချက်တွေနဲ့ ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ အဓိက အစားအသောက်တွေမှာ အန္တရာယ်ကင်းဖို့နဲ့ ချက်ပြုတ်တဲ့နေရာမှာ အန္တရာယ်ကင်းဖို့ နှစ်ပိုင်းရှိပါတယ်။ အစားအသောက်တွေမှာ အန္တရာယ်ကင်းဖို့ဆိုတာက သန့်ရှင်းတဲ့ ဆီသုံးဖို့နဲ့ ဆိုးဆေး၊ အန္တရာယ်ပြု ဓာတုပစ္စည်းတွေမပါတဲ့ သီးနှံတွေ၊ လတ်ဆတ်တဲ့ သားငါးတွေကို ချက်ပြုတ်စေဖို့အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဈေးတွေမှာရောင်းချနေတဲ့ ပစ္စည်းတွေကို စစ်ဆေးပါတယ်။ တစ်ဖက်ကလည်း အစားအသောက်တွေကို ချက်ပြုတ်ထုတ်လုပ်ရောင်းချတဲ့နေရာမှာ ကျန်းမာရေးနဲ့အညီဖြစ်စေဖို့နဲ့ သတ်မှတ်စည်းကမ်းတွေ လိုက်နာဖို့ လိုက်လံစစ်ဆေးပေးရပါတယ်။ အဲဒီအခါမှာ ပစ္စည်းတွေ ချက်ပြုတ်ဖို့ ကိုင်တွယ်သူတွေရဲ့ တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေးကလည်း အလွန်



ကော်မတီဝင်(၅) ဒေါက်တာသွင်ကျော်ကျော်

အရေးကြီးပါတယ်။ သူတို့ဆီက ရောဂါပိုးက စားသုံးသူအများကြီးဆီကို ပျံ့နှံ့ကူးစက်သွားစေနိုင်ပါတယ်။ ဒါကြောင့် ဒီလိုထုတ်လုပ်ရောင်းချသူတွေမှာ ရောဂါပိုးရှိမရှိကို စစ်ဆေးရမှာဖြစ်ပါတယ်။ လေဝင်လေထွက်ကောင်းပြီးမှ မှန်ကန်တဲ့ ရေမြောင်းစနစ်တွေဆီ စစ်ထုတ်တဲ့ ကန်တွေရေနဲ့ မိလ္လာစနစ်တွေ ရှိရမယ်။ ဒီအချက်တွေဟာ အစားအသောက်တွေမှာ ကျန်းမာရေးနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ဒီအချက်အလက်တွေနဲ့ ပြည့်စုံတဲ့ ဆိုင်ဟုတ် မဟုတ် ကြပ်မတ်စစ်ဆေးမှုတွေ လုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။ အစားအသောက်နဲ့ ဆိုးဆေး၊ ဆီတွေ၊ ဓာတုပစ္စည်းတွေကို အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးအဖွဲ့နဲ့ ပူးပေါင်းပြီး စစ်ဆေးနေသလို ရေနဲ့မိလ္လာစနစ်တွေ၊ မြောင်းစနစ်၊ အမှိုက်စနစ်တွေကိုတော့ စည်ပင်သန့်ရှင်းရေးဌာနက ဆောင်ရွက်ပေးနေပါတယ်။

ဒီလုပ်ငန်းမှာ ဆီစစ်ကန်ကိစ္စကို အနည်းငယ်ရှင်းပြပါ့မယ်။ အစားအသောက်လုပ်ငန်းတွေမှာ ချက်ပြုတ်တဲ့ ဆီတွေ၊ စားပြီးသား ပန်းကန်တွေဆေးတဲ့ ဆီတွေဟာ ဆိုင်ရဲ့ရောင်းအားအပေါ်မူတည်ပြီး အင်မတန်ထုထည်ကြီးမားစွာ ဆေးကြောတဲ့နေရာကနေတစ်ဆင့် အများပြည်သူသုံးစွဲတဲ့ ရေမြောင်းတွေထဲ ကို တိုက်ရိုက်စွန့်ထုတ်ရောက်နေတဲ့အတွက် ဒီမြောင်းတွေထဲမှာ ဆီခဲတွေနဲ့ ပိတ်နေပါတယ်။ အဲဒီလို ပိတ်နေတဲ့ ဆီခဲတွေဟာ မိုးရွာတဲ့အခါမှာ မြောင်းပိတ်ဆို့မှုတွေဖြစ်ပေါ်ပြီး လမ်းပေါ်ကို ရေတွေလျှံတက်လာပါတယ်။ လျှံတက်လာတဲ့ ရေတွေနဲ့ ရောပါလာတဲ့ အဆီပြင်ကြီးဟာ သွားလာတဲ့ ယာဉ်တွေကို လမ်းချော်မှုတွေဖြစ်စေပြီး အန္တရာယ်ကျရောက်နိုင်တဲ့အပြင် ကြာလာတဲ့အခါ အနံ့ဆိုးတွေ ထွက်လာပြီး ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်လာတဲ့အထိ တစ်ခုပြီးတစ်ခု ရင်ဆိုင်ရပါတယ်။ နောက်ပြီးမြောင်းတွေ ပိတ်နေတဲ့အတွက် ခြင်နဲ့ယင်ကောင်တွေ ပိုမိုပေါက်ဖွားလာတာကို တွေ့ရှိရပါတယ်။ ဒါတွေအားလုံးဟာ ဆက်စပ်မှုရှိနေတဲ့အတွက် ဒီစားသောက်ဆိုင်တွေကို သန့်ရှင်းရေးနဲ့ ကျန်းမာရေးတွေ ပူးပေါင်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒါတွေအားလုံးကို စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်ပေးနေပါတယ်။

**မေး။။ လုပ်ဆောင်ခဲ့တဲ့စီမံချက်တွေအပေါ်မှာဘယ်လောက်ထိအောင်မြင်မှုတွေရရှိခဲ့ပါသလဲ။**

ဖြေ။ ။ လုပ်ငန်းမစတင်မီမှာ ဆီစစ်ကန်တွေထားဖို့ ၂၀၁၄ ခုနှစ်မှာ နှစ်ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ နှစ်ကြိမ် လုပ်ငန်းရှင်တွေကို ရှင်းပြဆွေးနွေးပြီး သတင်းစာတွေကလည်း အသိပေး ကြော်ငြာထားပါတယ်။ အခုနောက်ဆုံးအနေနဲ့ ဇွန်လဆန်းမှာ စားသောက်ဆိုင်အားလုံးက လုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပြီး ကျွန်တော်တို့လုပ်မယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြခဲ့ပါတယ်။ သူတို့ဘက်ကလည်း လိုက်နာဆောင်ရွက်ရမယ့် ကိစ္စတွေကို မေတ္တာရပ်ခံပြီး ဆီစစ်ကန်တွေကို တည်ဆောက်ရင် ဘယ်လိုအကျိုးရှိမယ်ဆိုတာတွေကို အသေးစိတ်ရှင်းပြတဲ့အခါ သူတို့အားလုံးကလည်း တညီတညွတ်တည်း ဆီစစ်ကန်တွေ လုပ်ဆောင်ပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။

ကျွန်တော်တို့ ထပ်မံစစ်ဆေးတဲ့ အခါမှာလည်း ဆီစစ်ကန်တွေ စတင်တပ်ဆင်နေပြီး တချို့ဆိုင်တွေကတော့ တပ်ဆင်ဖို့ မှာယူထားတာကို သိရှိရပါတယ်။ ဒုတိယအချက်ကတော့ ချက်ပြုတ်သူတွေ တစ်ကိုယ် ရေသန့်ရှင်း ကျန်းမာရေးနဲ့ ကူးစက်ရောဂါကာကွယ်ရေးအတွက်ပါ။ ဒီလုပ်ငန်းအတွက် ကျွန်တော်တို့ဆီက ဆရာဝန်တွေ ဦးစီးတဲ့အဖွဲ့တွေက ဆိုင်တစ်ဆိုင်ချင်း လိုက်လံဆွေးနွေးပညာပေးမှုတွေ ဆက်လက်ဆောင်ရွက်မှာပါ။ နံပါတ် (၁) က ချက်ပြုတ်ကြော်လှော်ပြီး အသားငါးကို ကိုင်တွယ်နေသူတွေနဲ့ နံပါတ် (၂)က ဒီလုပ်ငန်းမှာ ဝန်ဆောင်မှုပေးနေတဲ့ ဆိုင်ဝန်ထမ်းတွေကို အဆင့်လိုက်စစ်ဆေးသွားမှာပါ။ သူတို့ရဲ့ သွေးထဲမှာ ကူးစက်ရောဂါ ရှိ/မရှိ စစ်ဆေးမယ်။ ရလာတဲ့အဖြေပေါ်မှာ သက်ဆိုင်ရာ ဆိုင်ရှင်တွေကို အသိပေးပြီး ဘယ်လိုလုပ်သင့်တယ်ဆိုတာကို အကြံပြုမှာပါ။ ဆုံးဖြတ်ရမှာကတော့ ဆိုင်ရှင်ရဲ့ သဘောထားအတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ စစ်ဆေးတွေ့ရှိချက်ကို အသိပေးအကြံပြုပေးရုံပါပဲ။ ဒါပေမယ့် အများပြည်သူအတွက် အန္တရာယ်ဖြစ်စေနိုင်လောက်တဲ့ ရောဂါပိုးတွေ့ရှိနေရင်တော့ ဒီလုပ်ငန်းမှာ ဒီဝန်ထမ်းကို လုံးဝမသုံးဖို့ ညှိနှိုင်းမှာဖြစ်ပါတယ်။ မေလအတွင်းမှာ ဆိုင် ၃၀ လောက် စစ်ဆေးပြီးဖြစ်ပါတယ်။ ရလဒ်သွေးအဖြေက မပြည့်စုံသေးပေမယ့် ရသလောက်ကတော့ တော်တော်လေးအခြေအနေ ကောင်းပါတယ်။ စိတ်ပူ ရလောက်အောင် ရောဂါပိုးရှိသူ မတွေ့ရသေးပါဘူး။ ကျန်တဲ့ဆိုင်တွေကိုတော့ ဇွန်လထဲမှာ ထပ်မံစစ်ဆေးလျက်ရှိပါတယ်။ ဒီလိုစစ်ဆေးပြီးတဲ့ ဆိုင်တွေကို ချက်ပြုတ်သူနဲ့ဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းတွေအားလုံးအတွက် ကျန်းမာရေးဆိုင်ရာ အာမခံချက်ဆိုတဲ့ (Health Certificate) တွေ ထုတ်ပေးမှာဖြစ်ပါတယ်။ နိုင်ငံခြားမှာဆိုရင် ဒီထောက်ခံချက်ကို ဆိုင်မှာချိတ်ဆွဲပြီး ဂုဏ်ယူစွာဖော်ပြထားလေ့ရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီအတိုင်းအတုယူပြီး ချိတ်ဆွဲထားမယ်ဆိုရင် မိမိဆိုင်အတွက် ဂုဏ်တင့်ယုံသာမက စားသောက်သူတွေအနေနဲ့လည်း စိတ်ချယုံကြည်စွာ စားသောက်နိုင်မှာဖြစ်ပါတယ်။ ဆိုင်အချင်းချင်းလည်း ကျန်းမာရေး ထောက်ခံချက်ရှိတဲ့ဆိုင်နဲ့ မရှိတဲ့ဆိုင် ယှဉ်ကြည့်ရင် ရှိတဲ့ဆိုင်က ရောင်းအားပိုကောင်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းကလုပ်ငန်းရှင်တွေကို ကာကွယ်ပေးခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်က လုပ်ငန်းလိုင်စင်အနေနဲ့လည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့ အနေအထားလည်း မရှိ၊ အစစ်ဆေးခံနိုင်မှုလည်း မရှိဘူးဆိုရင် ဒီလုပ်ငန်းဟာ အများပြည်သူကို ထိခိုက်နိုင်တယ်လို့ သတ်မှတ်ပြီး လုပ်ငန်းလိုင်စင်သက်တမ်းတိုးတာပဲဖြစ်ဖြစ်၊ အသစ်လျှောက်ထားတာပဲဖြစ်ဖြစ် ခွင့်ပြုပေးဖို့ကို စဉ်းစားရတော့မှာ ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် စိတ်ချယုံကြည်မှုရှိမှ လိုင်စင်ချထားပေးမှာ ဖြစ်ပါတယ်။ အခုလို ဘက်ပေါင်းစုံကနေ ကျန်းမာရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးနေမှုကြောင့် ပြည်သူတွေအတွက် ယုံကြည်အားကိုးစွာ စားသုံးနိုင်တဲ့ ဆိုင်တွေရှိလာတော့မှာဖြစ်ပြီး မန္တလေးရဲ့ ဂုဏ်သိက္ခာလည်း မြင့်မားလာမှုနဲ့အတူ လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ငန်းတွေ အောင်မြင်လာတော့မှာ ဖြစ်ပါတယ်။

**မေး။။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကိုယ်စား မန္တလေးပြည်သူတွေကို ပြောချင်တာများ ရှိပါသလား။**

ဒီလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အခက်အခဲတွေအများကြီး တွေ့ရပါတယ်။ တချို့ဆိုင်တွေက အပြည့်အဝ ပူးပေါင်းပါဝင်ကြပေမယ့် တချို့က နားလည်မှု မရှိသေးပါဘူး။ ကျွန်တော်တို့ ကော်မတီအနေနဲ့ကလည်း လူထုရဲ့ကျန်းမာရေးနဲ့ မြို့ရဲ့ဂုဏ်သိက္ခာအတွက် လုပ်ဆောင်တာဖြစ်လို့ အခက်အခဲအားလုံးကို ကျော်ဖြတ်ပြီး ရည်ရွယ်ချက်ပြည့်အောင် ဆောင်ရွက်မှာဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေကလည်း အသိတရားနဲ့ပူးပေါင်းပါဝင်ပြီး ဒီစီမံချက်တွေ အောင်မြင်အောင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

## မုံ့ဒို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မုဒုံ ဇွန် ၁၆**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၃ ရက်က မုဒုံမြို့ ရွှေဟသာဂေါက်ကွင်းအနီး မြို့မ(၄)ရပ်ကွက် မြေဧရိယာ ၁ ဒသမ ၉ ဧကပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်နှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေတို့က သတ်မှတ်နေရာများ၌ ကဗွီးပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး ပြည်နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက မဟော်ဂနီ၊ ပျဉ်းမ၊ ခရေပင်များကို စိုက်ပျိုးပေးကြသည်။

မွန်ပြည်နယ်အနေဖြင့် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျောင်းသားကျောင်းသူများ သစ်ပင်ကို ထိန်းသိမ်းစောင့်ရှောက်မှု တိုးပွားလာအောင် ရတနာတန်းဝင် ကျွန်းပင် ၉၉၅၆၉ ပင်၊ ယူကလစ်ပင် ၁၆၄၅၃၀ နှင့် ထင်းစိုက်ခင်းအပင် ၆၀၃၀တို့ကို ယခုနှစ်မိုးရာသီတွင် တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။

**မောင်မောင်(မုဒုံ)**

## အရန်သားဖွား မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**ပေါက် ဇွန် ၁၆**

ကျေးလက်တောရွာများတွင် နေထိုင်ကြသော ကိုယ်ဝန်ဆောင်နှင့် ငါးနှစ်အောက် ကလေးငယ်များကျန်းမာရေး စောင့်ရှောက်မှုစနစ်တကျ ပိုမိုရရှိစေရန် 3 MDG ၏ ထောက်ပံ့မှုဖြင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် MARIE STOPES INTERNATIONAL (မာရီစတုပ်)တို့ ပူးပေါင်း၍ ပေါက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ အရန်သားဖွားမွမ်းမံသင်တန်းဆင်းပွဲကို ဇွန် ၁၃ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးပပစိုးရီက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပေါက်မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူ ၈၀ ကို ဉာဏ်ရည်သစ်မွမ်းမံသင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**



ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဒဂုံမြို့နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးရပ်ကွက်ရှိ မိခင်နှင့်ကလေး မူကြို ကျောင်းအသစ် ပြန်လည်တည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ဇွန်ဒုတိယပတ်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့်အဖွဲ့က ပန္နက်တင်ပေးစဉ်။

ကိုကြီးတင်

# အသက်ကယ်တင် စေတနာသွေးလှူရှင်၊ ထာဝစဉ် ကျေးဇူးတင်

**ဒေါက်တာ သီတာအောင်**

ဇွန်လ ၁၄ ရက်နေ့သည် ကမ္ဘာတစ်ဝန်းရှိ စေတနာသွေးလှူရှင်များအား အသိအမှတ်ပြုချီးမြှင့်ပေးရန် သတ်မှတ်ပေးသည့် ကမ္ဘာ့သွေးလှူရှင်များနေ့ဖြစ်ပေသည်။

၂၀၀၅ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်နှီးနွှယ်နေသော အဖွဲ့များမှ သွေးသွင်းကုသမှုလုပ်ငန်းများ၏ အဓိကအထောက်အပံ့ဖြစ်သည့် စေတနာသွေးလှူရှင်ကြီးများအား ကျေးဇူးတင်ရှိသည့်အပြင် စေတနာသွေးလှူရှင်စုဆောင်းမှုလုပ်ငန်းများကို ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်စေရန် လှုံ့ဆော်ပေးသည့်အနေဖြင့် ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းနေ့သည် သွေးသွင်းကုသခြင်းဖြင့် အသက်အန္တရာယ်ဖြစ်စေသော ABO သွေးအုပ်စုကို ကြိုးပမ်းရှာဖွေပေးနိုင်ခဲ့သည့် Karl Landsteiner ၏ မွေးနေ့ဖြစ်ပေသည်။

သွေးသွင်းကုသမှုသည် အချို့အခြေအနေများ (ဥပမာ - ယာဉ်မတော်တဆမှုများ)တွင် အချိန်မီပေးသွင်းကုသမှုခံယူနိုင်ခြင်းမရှိပါက အသက်ဆုံးရှုံးနိုင်သကဲ့သို့ အချို့ရောဂါအခြေအနေများ (ဥပမာ - သွေးအားနည်းရောဂါရှင်များ)တွင် လူနာများ၏ နေ့စဉ်နေထိုင်ရသောဘဝကို ပိုမိုသက်သောင့်သက်သာရှိစေသည်။

ဝင်ငွေမြင့်မားသောတိုင်းပြည်များတွင် သွေးသွင်းကုသမှု၏ ၇၆% မှာ အသက် ၆၅ နှစ်အထက် လူနာများအတွက် အသုံးပြုခဲ့ပြီး အထူးသဖြင့် နှလုံးသွေးကြောခွဲစိတ်မှု၊ ကိုယ်တွင်းအင်္ဂါအစားထိုးကုသမှု၊ ကြီးမားသောမတော်တဆဖြစ်မှုနှင့် သွေးနှင့်ကိုယ်တွင်းအင်္ဂါများ ကင်ဆာဖြစ်ပွားမှုဟူသော ရောဂါအခြေအနေများအတွက် အသုံးပြုကြခြင်းဖြစ်သည်။ သို့ရာတွင် အလယ်အလတ်နှင့် ဝင်ငွေနိမ့်ကျသော တိုင်းပြည်များတွင်မူ ကိုယ်ဝန်ဆောင်စဉ်ဖြစ်ပွားတတ်သော နောက်ဆက်တွဲဆိုးကျိုးများနှင့် ကလေးများတွင်ဖြစ်ပွားသော ငှက်ဖျားရောဂါကြောင့် သွေးအားနည်းသည့်ရောဂါများအတွက် ပိုမိုအသုံးပြုကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ဆန်းစစ်ထုတ်ပြန်ခဲ့သည်။

၂၀၁၂ခုနှစ်တွင် ကမ္ဘာပေါ်ရှိ တိုင်းပြည်များအနက်မှ ၇၃ နိုင်ငံတွင် ၎င်းတို့အသုံးပြုသောသွေး၏ ၉၀%ကျော်ကို စေတနာသွေးလှူရှင်များထံမှရရှိခဲ့ပြီး နိုင်ငံ ၆၀ တွင် စေတနာသွေးလှူရှင်များမှ ၁၀၀ % ထောက်ပံ့ခဲ့ပေသည်။ သို့ရာတွင် ကျန်ရှိနေသော ၇၂ နိုင်ငံတွင်မူ မိသားစုနှင့် လိုအပ်ချိန်တွင် ခေါ်ယူရသော သွေးလှူရှင်များဖြင့်သာ အဓိကပံ့ပိုးမှုပြုနေရကြောင်း ဆက်လက်ဖော်ပြထားပေသည်။

ကမ္ဘာပေါ်တွင် တစ်နှစ်လျှင်သွေးယူနစ်ပေါင်း ၁၀၈ သန်း လှူဒါန်းမှုရှိနေပြီး ဝင်ငွေမြင့်မားသော တိုင်းပြည်များရှိ လှူဒါန်းမှုမှာ ဝင်ငွေနိမ့်ကျသော တိုင်းပြည်များရှိ လှူဒါန်းမှုထက် ကိုးဆခန့် မြင့်မားကြောင်း တွေ့ရှိရပေသည်။

ဝင်ငွေမြင့်မားသော တိုင်းပြည်များတွင် လူဦးရေ ၁၀၀၀ လျှင် ၃၆. ၈ ယောက် သွေးလှူဒါန်းနေပြီး အလယ်အလတ်ဝင်ငွေရှိသော တိုင်းပြည်များတွင် လူဦးရေ ၁၀၀၀ ၌ ၁၁. ၇ ယောက်နှုန်း လှူဒါန်းနေ၏။ ဝင်ငွေနိမ့်ကျသော တိုင်းပြည်များတွင်မူ လူဦးရေ ၁၀၀၀ အနက် ၃. ၉ ယောက်ခန့်သာ လှူဒါန်းမှု ပြုနေကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် စေတနာသွေးလှူရှင်စုဆောင်းရရှိမှု အချက်အလက်သည် တိုင်းပြည်တစ်ခု၏ ဖွံ့ဖြိုးမှုကို တိုင်းတာနိုင်သကဲ့သို့ တိုက်ရိုက်ရည်ညွှန်းမှုရှိကြောင်း တွေ့ရှိရပေသည်။

သွေးလှူဒါန်းသူများနှင့် စက်ပစ္စည်းကိရိယာများရှိရုံဖြင့် သွေးသွင်းကုသမှုများ၏ လုံလောက်မှု၊ အန္တရာယ်ကင်းမှုတို့ကို ရရှိနိုင်မည်မဟုတ်ကြောင်းလည်း အလေးအနက်ဖော်ပြကြသည်။ လူနာလိုအပ်မှ လာရောက်လှူဒါန်းသော သွေးယူနစ်များ၏ စစ်ဆေးမှုများမှာ တိုးတက်သောနည်းပညာများကို သုံးစွဲနိုင်မှု မရှိသည့်အပြင် ၎င်းသွေးလှူရှင်မှ သွေးလိုအပ်နေသော ရောဂါအခြေအနေကို ကူညီလိုသော စိတ်ဆန္ဒဖြင့် သွေးမလှူခင် ဆန်းစစ်ရမည့်အချက်အလက်များကိုလည်း သေချာစွာ စိစစ်နိုင်မှုမရှိတော့ပေ။ တိုးတက်လာသော စမ်းသပ်စစ်ဆေးမှုနည်းပညာရပ်များမှာ အနည်းဆုံး သွေးယူနစ်ပေါင်း နေ့စဉ် ၂၀၀ ကျော်ခန့် စမ်းသပ်မှသာ ကုန်ကျစရိတ်နှင့် အကျိုးရရှိမှု တွက်ခြေကိုက်ပေမည်။ ထို့ကြောင့် သွေးဥမွှားကဲ့သို့ သုံး ရက်သာ သိုလှောင်နိုင်သော သွေးပစ္စည်းများကို



ကြိုတင်လှူဒါန်းထားမှသာ စမ်းသပ်စစ်ဆေးမှု၏လိုအပ်သောအချိန်ကို မှန်ကန်စွာအသုံးချနိုင်၍ ၎င်းသွေးဥမွှားများကို အသုံးပြုရသော ရောဂါအခြေအနေများအတွက် လုံခြုံစိတ်ချမှုရှိပေမည်။

မြန်မာနိုင်ငံအမျိုးသားသွေးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ စမ်းသပ်စစ်ဆေးမှုများကို နိုင်ငံတော်မှ ထောက်ပံ့ပေးမှုကြောင့် လူနာများအတွက် ၂၀၁၄ခုနှစ်မှစတင်အသုံးပြုနိုင်နေပြီဖြစ်သည်။ သို့ပါသော်လည်း မည်သူမဆို လိုအပ်သည့်အခါ အသုံးပြုနိုင်ရန် မည်သည့်မျှော်လင့်ချက်မှမရှိဘဲ လာရောက်လှူဒါန်းပေးသော သွေးလှူရှင်များလုံလောက်စွာရှိမှသာ လူနာများအတွက် ၎င်းကဲ့သို့ တန်းဖိုးရှိသောလုံခြုံစိတ်ချရသည့် နည်းပညာများကို အကျိုးရှိရှိအသုံးချနိုင်မည် ဖြစ်ပေသည်။

၂၀၁၄ခုနှစ်တွင် စေတနာသွေးလှူရှင် ၄၇၄၆၉ ဦးမှ အမျိုးသားသွေးဌာနသို့ လာရောက်ထောက်ပံ့၍ သွေးလိုအပ်မှု၏ ၉၇% ခန့်ကိုလုံခြုံစိတ်ချစွာဖြင့် လူနာများမှ အပူအပင်မရှိ၊ ကုန်ကျမှုမရှိကုသမှု ခံယူနိုင်ခဲ့သည်။

ထိုကဲ့သို့ထောက်ပံ့ရာတွင် တစ်ဦးချင်းလာရောက်လှူဒါန်းသူ ၂၃၃၃၇ ဦး၊ အဖွဲ့အစည်း ၁၂၆ ဖွဲ့မှ ဦးဆောင်သူများ၏စည်းရုံးလှုံ့ဆော်ထောက်ပံ့ပေးမှုဖြင့် လာရောက်လှူဒါန်းသူ ၂၇၆၆၂ ဦးရှိခဲ့ပါသည်။ ၎င်းလှူဒါန်းမှုတစ်ခုမှ အနည်းဆုံးသွေးပစ္စည်း သုံးမျိုးခန့်နှင့် ရောဂါ သုံးမျိုးခန့်ကို ကုသမှုပေးနိုင်ခဲ့ပေသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအကုန် အထိစုစုပေါင်းလှူဒါန်းမှု ၂၄၅၂၀ တွင် စေတနာသွေးလှူရှင် ၂၃၄၉၂ ဦးရှိပြီးလူနာရှင်မှ ခေါ်ဆောင်ရသူ ၁၀၂၈ ဦးရှိခဲ့၏။ ၎င်းအနက် အဖွဲ့အစည်းများမှ လှူဒါန်းမှု ၁၀၂၂၆ ဦး ရှိကြောင်း တွေ့ရှိရ၏။

ထို့ကြောင့် အမျိုးသားသွေးဌာန၏ပိုမိုများပြားလာမည့် ထောက်ပံ့မှုများအတွက် စေတနာသွေးလှူရှင်များနှင့် မိမိတို့၏လုပ်အား၊ အချိန်၊ ဓန အင်အားတို့ဖြင့် ဝိုင်းဝန်းထောက်ပံ့ပေးသူများ ဆက်လက်တိုးတက် ထောက်ပံ့မှုမရှိပါက နိုင်ငံတော်မှထောက်ပံ့ထား၍ ရရှိလာမည့်အကျိုး အမြတ်များကို လူနာများ ထိုက်သင့်သလောက်ခံစားနိုင်မည်မဟုတ်ပေ။

ထို့ပြင် ၂၀၁၄ ခုနှစ် ဩဂုတ်လမတိုင်ခင်မှ အသုံးပြုခဲ့သော စမ်းသပ်စစ်ဆေးမှုနည်းစနစ်များထက် ယခုအခါအသုံးပြုသော နည်းပညာများ၏တိုးတက်လာသောစစ်ဆေးမှုများကြောင့် သွေးမှတစ်ဆင့် ကူးစက်နိုင်သောရောဂါပိုးများ စစ်ဆေးတွေ့ရှိမှုနှုန်းမှာလည်း ပိုမိုများပြားလာနိုင်ပါ၍ ၎င်းအချက်အလက်များကို စဉ်ဆက်မပြတ် လေ့လာနေသော အဖွဲ့အစည်းများ၏ သုံးသပ်မှုကို ဖြတ်ကျော်နိုင်ရန်မှာလည်း စေတနာသွေးလှူရှင်များ၏ တာဝန်ယူနိုင်မှုပေါ်များစွာ မူတည်နေပေသည်။

ထို့ကြောင့် သွေးသွင်းကုသမှုများကို ထောက်ပံ့နေကြသော လူမျိုးမရွေး၊ ဘာသာမရွေး၊ ယုံကြည်ချက်မရွေး အများအတွက် ထောက်ပံ့နိုင်မှုကိုသာ ဦးစားပေးနေကြသည့် စေတနာသွေးလှူရှင်ကြီးများနှင့် ၎င်းတို့ကို ထောက်ပံ့ပေးနေသောစေတနာရှင်များအား လူနာများကိုယ်စားကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်၍ထောက်ပံ့ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မြိတ် ဇွန် ၁၆**

ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် တက္ကသိုလ်သုံးခုမှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို မြို့နယ်ကြက်ခြေနီအသင်းက ဦးစီး၍ ဇွန် ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပသည်။

စုပေါင်းသွေး လှူဒါန်းပွဲတွင် မြို့နယ် ကြက်ခြေနီအသင်းမှ အသင်းသူ၊ အသင်းသားများ၊ မြိတ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူတို့ကို မြိတ်အထွေထွေ ရောဂါကုဆေးရုံကြီးမှ သွေးလှူ ဘဏ်တာဝန်ခံဆရာကြီး




ဒေါက်တာလမင်းစိုး၊ ရောဂါဗေဒ ဆရာဝန်၊ သူနာပြုဆရာမများနှင့် ဓာတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်း ရှစ်ဦးက သွေးဖောက်စစ်ဆေးခြင်း၊ သွေးအုပ်စုခွဲပေးခြင်း၊ သွေးလက်ခံခြင်းနှင့် ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ သွေးလှူဒါန်းသူများကို မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စီစီလှဘူး၊ မြိတ်တက္ကသိုလ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာနေသွယ်ကြည်၊ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာကျော်ကျော်လင်း၊ ကွန်ပျူတာ တက္ကသိုလ်မှလက်ထောက်ကထိက ဆရာမ ဒေါ်ခင်မာဝေနှင့် ဆရာ ဆရာမများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ မြိတ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများထံမှ သွေးပုလင်း ၂၁ ပုလင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ကျန်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အရေးပေါ် သွေးလိုအပ်ပါက ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

**ဝိုင်းမော် ဇွန် ၁၆**

ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၂ ရက်က ဝိုင်းမော်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဗန်းမော် ဇွန် ၁၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၃ ရက်က နည်းပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ပျိုးပင်များ ပေးအပ်ခဲ့ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့်အမျိုးသမီးရေးရာအဖွဲ့က လက်ခံယူပြီး သစ်ပင်ပေါင်း ၁၀၀၀စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

## စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**မိုးညို ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမဆောင်၌ ဇွန် ၁၅ ရက်က စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စီမံကိန်းတာဝန်ပေးအပ်ပွဲတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ဌာနဆိုင်ရာနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# မြန်အောင်၌ ရေဘေးကာကွယ်ရေးပညာပေးသရုပ်ပြ

**မြန်အောင် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မိုးရာသီတွင် ရေကြီးရေလျှံမှုများ ကြုံတွေ့ရပါက ကြိုတင်ကာကွယ်နိုင်ရန်အတွက် မိုးရာသီ ရေဘေးကာကွယ်ရေးပညာပေးသရုပ်ပြပွဲကို မြို့နယ်ဆည်မြောင်းဦးစီးဌာနကဦးစီး၍ မြန်အောင်မြို့နယ် ကျွဲခေါင်းကြီးတာ၌ ဇွန် ၁၄ ရက်တွင် ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေက မိုးရာသီကာလအတွင်း ဧရာဝတီမြစ်ကမ်းဘေးမှ ကျေးရွာများတွင်နေထိုင်သော ပြည်သူများ ရေဘေးအန္တရာယ် ကာကွယ်ရေးနည်းလမ်းများနှင့် သတိပြုရမည့်အချက်များကို သိရှိနားလည်ရန် လိုအပ်ကြောင်းနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ AE ဦးမျိုးဇော်ဇော်က ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)ပေါက်ခြင်း၊ တာအိခြင်း၊ သဲပွက်ထခြင်း၊ လှိုင်းပုတ်ခြင်း၊ ကမ်းပြိုခြင်း၊ ရေစိမ့်ခြင်းစသည်တို့ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ကာကွယ်ရန် နည်းလမ်းများနှင့်သတိပြုရမည့်အချက်များကို လက်တွေ့သရုပ်ပြ



ခဲ့ကာ မြစ်ရေကြီးစဉ်အချိန်များတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

သရုပ်ပြပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွှေကျင်တိုက်နယ်နှင့် သပြေကုန်းတိုက်နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေးကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ လေ့လာကြည့်ရှုခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ကိုယ်ပွားသတင်းစာတိုက်ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုစစ်ဆေး

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုအခြေအနေကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဒေါက်တာမြင့်ကြူနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ဝန်ထမ်းအိမ်ရာကို လေးခန်းတွဲ၊ လေးထပ် သံကူကွန်ကရစ် တိုက်ခန်းအဖြစ် အောင်ဇေသွန်းကုမ္ပဏီက တည်ဆောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### သောက်သုံးရေရရှိရေးအတွက်စက်ရေတွင်းတူးဖော်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ငါးကျီကျေးရွာ၌ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Golden Hours ကုမ္ပဏီက ဇွန် ၁၄ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး မကြာမီပြီးစီးမည်ဖြစ်ကာ ရေတွင်းပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၀ မှ ဒေသခံပြည်သူ ၂၀၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဘိန်းအစားထိုး သီးနှံမျိုးစေ့များ ဖြန့်ဖြူး

**လွိုင်ကော် ဇွန် ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လူထုလှုပ်ရှားဆောင်ရွက်မှုအဖြစ် ဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့များကို ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနက အဆိုပါကျေးရွာအုပ်စုမှ တောင်သူများထံသို့ ဇွန် ၁၄ ရက်တွင် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

သီးနှံမျိုးစေ့များ ပေးအပ်ပွဲတွင် ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးဝင်းက ကယားပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးဆောင်ရွက်မှုအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးခန့်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုအဖြစ် သီးနှံမျိုးစေ့များ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လွိုင်လင်လေးကျေးရွာအုပ်စုမှ တောင်သူများအား နှစ်ချင်းသီးနှံများဖြစ်သော ပုလဲသွယ်စပ်မျိုးစပါးနှင့် အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ နှစ်ရှည်သီးနှံများဖြစ်သော လက်ဖက်နှင့် ကော်ဖီပျိုးပင်များ၊ ဓာတ်မြေသြဇာများကို ပံ့ပိုးပေးအပ်ခဲ့သည်။

သီးနှံမျိုးစေ့ပေးအပ်ပွဲသို့ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့် ဆရာဆရာမများ၊ လွိုင်လင်လေးကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့သည်။

**ရဲနောင်(လွိုင်ကော်)**

# ပဏ္ဍိတာရာမ ကုသိုလ်ဖြစ်ဆေးခန်းနှင့် စာကြည့်တိုက်ဖွင့်လှစ်

**ကျောက်ဆည် ဇွန် ၁၆**

ကျောက်ဆည်မြို့နယ် ပွတ္တိုင်ကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် အလှူရှင်ဆရာတော် အရှင်ပဏ္ဍိတ၏ ကုသိုလ်ကောင်းမှုများဖြင့် တည်ဆောက်ခဲ့သည့် ပဏ္ဍိတာရာမစာကြည့်တိုက်နှင့် ပဏ္ဍိတာရာမကုသိုလ်ဖြစ် သုံးထပ်ဆေးခန်းဖွင့်ပွဲကို ဇွန် ၁၄ ရက်တွင် ကျင်းပခဲ့သည်။

ပဏ္ဍိတာရာမကုသိုလ်ဖြစ်ဆေးခန်းနှင့် စာကြည့်တိုက်ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ထို့နောက် ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသက ဩဝါဒကထာနှင့် ဆေးခန်းနှင့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းမိန့်ကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက နိုင်ငံတော်မတည်ငွေဖြင့် တည်ဆောက်ထားသော စာကြည့်တိုက်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ စာကြည့်တိုက်အတွက် သုတရသစာအုပ်စာစောင်များနှင့် Set Top Box တစ်လုံးကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပဏ္ဍိတာရာမကုသိုလ်ဖြစ်



ဆေးခန်းနှင့် စာကြည့်တိုက်များအတွက် လှူဒါန်းခဲ့သော မတည်ကုသိုလ်ရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပဏ္ဍိတာရာမကုသိုလ်ဖြစ်ဆေးခန်းနှင့် စာကြည့်တိုက်ကို ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှ စာချဘုန်းကြီး အရှင်ပဏ္ဍိတက ၄၄ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဇာတိပွတ္တိုင်ကျေးရွာရှိ နေအိမ်ကို ကျပ် ၈၅ သိန်းကျော်ဖြင့် ပဏ္ဍိတာရာမစာကြည့်တိုက်အဖြစ်လည်းကောင်း၊ နယ်သူနယ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ပဏ္ဍိတာရာမကုသိုလ်ဖြစ်ဆေးခန်းကို ကုသိုလ်ရှင်များ၏ လှူဒါန်းမှုများဖြင့် ကျပ်သိန်း ၈၅၀ ကျော် အကုန်အကျခံ၍လည်းကောင်း ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးခန်းနှင့် စာကြည့်တိုက်အပြင် ညောင်ဝန်းကျေးရွာရှိ သပြေပင်ပရဟိတ ဘုန်းတော်ကြီးပညာသင်ကျောင်းတော်ကြီးကို ကျပ်သန်း ၆၀၀ ကျော် အကုန်အကျခံတည်ဆောက်ခြင်းနှင့် ရှင်ပင်ရွှေဆပ်သွားဘုရား လိုဏ်ဂူတော်ကြီးတွင် ကျပ်သိန်း ၄၀၀ အကုန်ကျခံ၍ ရွှေသက်န်းကပ်လှူခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# ပုလဲသွယ်ဧက ၁၀၀ စံပြကွက်ရိတ်သိမ်း

**မြို့သစ် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နဘဲကုန်းအုပ်စု ကိုယ်ရံတောင်ကျေးရွာ၌ နွေစပါးအဖြစ် စိုက်ပျိုးခဲ့သော ပုလဲသွယ်စံပြကွက် ရိတ်သိမ်းပွဲကို ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က စိုက်ပျိုးမှုနည်းပညာများဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ဒေသခံတောင်သူများအနေနှင့် နည်းပညာသစ်များကို အသုံးချ၍ စိုက်ပျိုးကြရန်နှင့် နည်းပညာသစ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ကျ ဝန်ထမ်းများထံ မေးမြန်းနိုင်ကြောင်း တောင်သူများအား အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိတို့က ဧက ၁၀၀ ပုလဲသွယ်နွေစပါးစိုက်ပျိုးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နွေစပါးစံကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပေးခဲ့ပြီး ထွက်ရှိလာသော စပါးများအား ချိန်တွယ်တိုင်းတာခြင်း၊ ထွက်ရှိမှုနှုန်းထားများတွက်ချက်ခြင်းတို့ကို စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများအား ရှင်းလင်းပြသခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# အိမ်ရှေ့ရပ်ထားသည့် ဆိုင်ကယ် အခိုးခံရ

**မကွေး ဇွန် ၁၆**

မကွေးမြို့ အောင်မေတ္တာ (က) ရပ်ကွက်၌ အိမ်ရှေ့တွင် သော့မခတ်မိဘဲ ရပ်ထားသောဆိုင်ကယ်တစ်စီး အခိုးခံရသဖြင့် ပျောက်ဆုံးခဲ့ကြောင်း သိရသည်။ ဇွန် ၁၂ ရက် နံနက် ၁၁ နာရီခန့်တွင် နည်းပညာတက္ကသိုလ် (မကွေး)မှ ကျောင်းသား မောင်မျိုးမြင့်ကျော်သည် ၎င်းပိုင် ၄၅ယ/၅၈၇၅၁ ဆိုင်ကယ်ကို နေအိမ်ရှေ့၌ ဇက်သော့မခတ်ဘဲ ရပ်ထားခဲ့ရာမှ ည ၉ နာရီခန့်တွင် ထွက်ကြည့်ရာ ဆိုင်ကယ်မှာ ပျောက်ဆုံးနေသဖြင့် မကွေးမြို့နယ်ရဲစခန်း၌ ဇွန် ၁၃ ရက်တွင် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**

# ဘရာဇီးတို့ရဲ့ ခြေစွမ်းအမှန်ကို ပြသမယ့်ပွဲ



၂၀၁၅ ကိုပါအမေရိကအုပ်စုပွဲစဉ်တွေကို ဇွန် ၁၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အုပ်စုဒုတိယနဲ့ တတိယပွဲစဉ်တွေဖြစ်တာမို့ နောက်တစ်ဆင့်တက်ရေး ခိုင်မာတဲ့ခြေလှမ်းတွေကို လှမ်းနိုင်ဖို့အတွက် အနိုင်ရလဒ်ကို ပြိုင်တူဖော်ထုတ်ကြမယ့် ပွဲတွေလည်းဖြစ်နေပါတယ်။ ဒါကြောင့် ဘရာဇီးတို့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပြီး မက္ကဆီကိုနဲ့ အီကွေဒေါတို့အတွက်လည်း ခြေကုန်ထုတ်ရမယ့်ပွဲဖြစ်နေပြန်ပါတယ်။

**ဘရာဇီးနှင့် ကိုလံဘီယာ**

ဘရာဇီးအတွက် အားထုတ်မှုအမြင့်ဆုံးပေးဆပ်ရမယ့်ပွဲ ဖြစ်ပါတယ်။ အုပ်စုဗိုလ်အတွက် အဓိကပွဲဖြစ်ပြီး ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ ဘရာဇီးတို့အတွက် သက်သေပြရမယ့်ပွဲလည်းဖြစ်နေပါတယ်။ ကိုလံဘီယာ၊ ပီရူး၊ ဗင်နီဇွဲလားနဲ့ တစ်အုပ်စုတည်းကျနေတဲ့ ဘရာဇီးအတွက် အခုပွဲဟာ အရေးပါနေတာမို့ နိုင်ပွဲရအောင်ကစားပါလိမ့်မယ်။ ဖာနန်ဒင်ဟို၊ ကော်တင်ဟို၊ ဝီလျံတို့အပြင် နေမာ၊ ဖရက်ဒ်၊ ရော်ဘင်ဟိုတို့လည်းရှိနေတဲ့ ဘရာဇီးကို ကိုလံဘီယာတို့ယှဉ်ပြိုင်ဖို့ခက်ခဲမှာပါ။ ကိုလံဘီယာတို့ကတော့ ဂျိမ်းရိုဒရီဂွက်စ်၊ ဂူတီယာရက်စ်၊ အိုင်ဘာဘိုတို့ရှိနေတာမို့ ဘရာဇီးကို ပွဲကျပ်ဖြစ်အောင် ဖိအားပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဘရာဇီးကစားသမားတွေဟာ အကျပ်အတည်းကြားမှာ ခေါင်းအေးအေးနဲ့ အနိုင်ရအောင် ရုန်းထွက်နိုင်ကြသူတွေဖြစ်တာမို့ နည်းပြဒွန်ဂါရဲ့ ဗျူဟာအခင်းအကျင်းနဲ့အတူ ဘရာဇီးတို့ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်ပွဲရနိုင်မယ့်အခြေအနေတွေဖြစ်ပေါ်လာမှာပါ။ တစ်ဦးချင်းစွမ်းရည်မြင့်မားတဲ့ ဘရာဇီးတို့ပဲ ဒီပွဲရဲ့ ရလဒ်ကောင်းကို သိမ်းပိုက်သွားပါလိမ့်မယ်။

**မက္ကဆီကိုနှင့် အီကွေဒေါ**

ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၂၃ ရှိတဲ့ မက္ကဆီကိုနဲ့ ကမ္ဘာ့အဆင့် ၃၀ ရှိတဲ့ အီကွေဒေါတို့အတွက် အုပ်စုတတိယပွဲစဉ်အဖြစ် ကစားကြမယ့်ပွဲပါပဲ။ မက္ကဆီကိုတို့က ဘိုလီးဗီးယားနဲ့ ဂိုးမရှိသရေပွဲဖြစ်ထားသလို အီကွေဒေါတို့က ချီလီကို နှစ်ဂိုးပြတ်ရှုံးထားပါတယ်။ မက္ကဆီကိုနဲ့ အီကွေဒေါတို့ စုစုပေါင်း ၂၂ ပွဲ တွေ့ဆုံခဲ့ပြီး မက္ကဆီကိုက ၁၅ ပွဲနိုင်ကာ၊ အီကွေဒေါက နှစ်ပွဲသာနိုင်ထားပြီး သရေငါးပွဲဖြစ်ထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲရလဒ်ကိုကြည့်ရင်လည်း မက္ကဆီကိုက နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ လောလောဆယ်မှာ မက္ကဆီကိုတို့လည်း ခြေစွမ်းမတည်ငြိမ်သလို အီကွေဒေါတို့ကလည်း ရှုံးပွဲတွေချည်း ဆက်တိုက်ကြုံတွေ့နေပါတယ်။ ဒါပေမယ့် လူစုံမပါလာနိုင်တဲ့ မက္ကဆီကိုအသင်းအတွက် အီကွေဒေါတို့ မျှော်လင့်ချက်အပြည့်အဝ ထားနိုင်တဲ့ပွဲလည်း ဖြစ်နေပါတယ်။

**ပီရူးနှင့် ဗင်နီဇွဲလား**

အုပ်စုတတိယနေရာအတွက် ရုန်းကန်ကြမယ့်ပွဲဖြစ်ပါတယ်။ ပီရူးနဲ့ ဗင်နီဇွဲလားတို့ ထိပ်တိုက်တွေ့ဆုံမှု အကြိမ် ၃၀ မှာ ပီရူးက ၁၉ ပွဲနိုင်ပြီး ဗင်နီဇွဲလားက ရှစ်ပွဲနိုင်ထားကာ သရေသုံးပွဲဖြစ်ထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ဗင်နီဇွဲလားက နှစ်ပွဲနိုင်ပြီး ပီရူးက တစ်ပွဲသာ နိုင်ပွဲရရှိထားပါတယ်။ လောလောဆယ်မှာ ပီရူးတို့ ခြေစွမ်းပိုင်းကျဆင်းနေပေမယ့် ဗင်နီဇွဲလားတို့က နိုင်ပွဲရလဒ်တွေ ဖော်ဆောင်နိုင်နေပါတယ်။ ပြီးခဲ့တဲ့အုပ်စုပွဲမှာ ကိုလံဘီယာကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်အောင်ကစားခဲ့တဲ့ ဗင်နီဇွဲလားရဲ့ ခြေစွမ်းကလည်း လျှော့တွက်လို့ မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ဗင်နီဇွဲလားတို့ပဲ နိုင်ပွဲရအောင် စွမ်းဆောင်ပြီး အောင်ပွဲခံပါလိမ့်မယ်။ ။

■ မိုးမြင့်လင်းလက်

## ဖယ်ကာအိုကို ချယ်လ်ဆီးခေါ်ယူဖွယ်ရှိ



မိုနာကိုတိုက်စစ်မှူး ဖယ်ကာအိုကို ချယ်လ်ဆီးက ခေါ်ယူမယ်လို့ သတင်းများထွက်ပေါ်လျက်ရှိပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေဖြင့် အသက် ၂၉ နှစ်အရွယ် မန်ယူတိုက်စစ်မှူးဟောင်း ဖယ်ကာအိုကို ခေါ်ယူဖို့ စိတ်ဝင်စားနေကြောင်း လွန်ခဲ့တဲ့ သီတင်းပတ်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဖယ်ကာအိုကို အောင်မြင်တဲ့ တိုက်စစ်မှူးအဖြစ်သို့ ပြန်ရောက်အောင် ကျွန်တော်တို့ ကူညီပေးနိုင်ပါတယ်လို့ နည်းပြ မော်ရင်ဟိုက ပြောဆိုခဲ့ပါ တယ်။ မန်ယူမှာ ပြီးခဲ့တဲ့နှစ်အတွင်း လေးဂိုးသာ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖယ်ကာအိုကို နည်းပြ ဗန်ဟားလ်က ဆက်လက်ခေါ်ယူဖို့ ငြင်းဆိုခဲ့ပါတယ်။ သူဟာမန်ယူမှာ ကာလတိုအချိန်အတွင်း အောင်မြင်မှုမရခဲ့ပေမယ့် ရေရှည်မှာ အောင်မြင်တဲ့ တိုက်စစ်မှူးကောင်းဖြစ်လာမယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

ပေါ်တိုနဲ့ အက်သလက်တီကိုတိုက်စစ်မှူးဟောင်း ဖယ်ကာအိုကို လာမယ့်သီတင်းပတ်ထဲမှာ ချယ်လ်ဆီးက တရားဝင်စာချုပ်နိုင်တယ်လို့ သတင်းများထွက်ပေါ်လျက်ရှိပါတယ်။ ဖယ်ကာအိုဟာ သူ့ရဲ့ ဘောလုံးသမားသက်တမ်းတစ်လျှောက်ပွဲပေါင်း ၃၄၄ ပွဲကစားရာမှာ ၂၀၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။



## မန်ယူပွဲထွက်ဂိုးသမား ဗစ်တာဗဲလ်ဒက်ဖြစ်လာနိုင်

မန်ယူမှ ထွက်ခွာသွားမယ့် ဂိုးသမား ဒီဂီယာနေရာမှာ ဗစ်တာဗဲလ်ဒက်ကို အစားထိုးသင့်ကြောင်း ဂိုးသမားဟောင်း ဗန်ဒါဆာက ပြောဆိုလိုက်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ဒီဂီယာဟာ အိုးထရက်ဖို့ဒ်နဲ့ တစ်နှစ်စာချုပ်သာကျန်ပါတော့တယ်။ သူ့ကို ရီးရဲမက်ဒရစ်ကခေါ်ယူဖို့ ဆက်သွယ်ထားပြီဖြစ်ပါတယ်။ ဗန်ဒါဆာနေရာမှာ မန်ယူက ၂၀၁၁ ခုနှစ်က ပေါင် ၁၈ ဒသမ ၉ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ဒီဂီယာနဲ့ အစားထိုးခဲ့တာဖြစ်ပါတယ်။ ဗဲလ်ဒက်ကို အစားထိုးလိုက်ခြင်းဖြင့် မန်ယူရဲ့ ဂိုးသမားလိုအပ်ချက်ကို ဖြေရှင်းနိုင်လိမ့်မယ်လို့ အသက် ၄၄ အရွယ် ဗန်ဒါဆာက ပြောပါတယ်။

မန်ယူဟာ ဇန်နဝါရီလ အပြောင်းအရွှေ့ကာလအတွင်း အလွတ်ပြောင်းရွှေ့စာမချုပ်မီကပင် ဒူးခေါင်းဒဏ်ရာပြင်းထန်စွာရခဲ့တဲ့ ဗဲလ်ဒက်ကို ဒဏ်ရာမှ ပြန်ကောင်းလာချိန်မှာ အသင်းနဲ့အတူလေ့ကျင့်မှုပြုလုပ်ဖို့ ခွင့်ပြုထားခဲ့ပါတယ်။ ဒါကြောင့် ဗဲလ်ဒက်ဟာ ပြီးခဲ့တဲ့ရာသီက ဒီဂီယာဒဏ်ရာရထားစဉ် မန်ယူနဲ့ နှစ်ကြိမ် ပွဲထွက်ကစားခဲ့ပါတယ်။ ဗဲလ်ဒက်ဟာ ဘာစီလိုနာအသင်းနဲ့ ဖလားများ ဆွတ်ခူးနိုင်ခဲ့တဲ့ ဂိုးသမားဖြစ်ပါတယ်။ ဗဲလ်ဒက်အနေနဲ့ မန်ယူအသင်းရဲ့ ပွဲထွက်ဂိုးသမားဖြစ်ရေး စိတ်အားထက်သန်လျက်ရှိပြီး လာမယ့်ရာသီမှာ မန်ယူနဲ့အတူ အကောင်းဆုံးကစားနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

## ဝီရှရီရဲ့ အလှပဆုံးဂိုး



အင်္ဂလန်က ဆလိုဗေးနီးယားကို အနိုင်ရလိုက်တဲ့ပွဲမှာ ဝီရှရီသွင်းယူတဲ့ဂိုးဟာ အင်္ဂလန်အသင်းရဲ့ အလှပဆုံးဂိုး ၁၀ ဂိုးထဲက တစ်ဂိုးလို့အသင်းခေါင်းဆောင်ဟောင်း ဂါရီလိုင်ကာကပြောဆိုလိုက်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ ဝီရှရီဟာ ဆလိုဗေးနီးယားကို ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့ပွဲမှာ ၂၅ ကိုက်အကွာမှ ကန်သွင်းလိုက်တဲ့ ဒုတိယမြောက်ဂိုးဟာ အလှပဆုံးဂိုးပါပဲလို့ အသင်းခေါင်းဆောင်ဟောင်း ဂါရီလိုင်ကာက ချီးကျူးပြောဆိုလိုက်ပါတယ်။ ဒီပွဲမှာ ဝီရှရီက နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ကွင်းလယ်ကစားသမားတစ်ဦးအနေနဲ့ တစ်ပွဲတည်းမှာ နှစ်ဂိုးသွင်းယူနိုင်ဖို့ မလွယ်ပါဘူး။ ဝီရှရီဟာ အကောင်းဆုံးကစားပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဝီရှရီဟာ လွန်ခဲ့တဲ့ ရာသီနှစ်ရာသီကလည်း ရာသီအလိုက် အလှပဆုံး ဂိုးဆုကို ရရှိထားသူဖြစ်ပါတယ်။ သူဟာ အာဆင်နယ်အသင်းအတွက် ပွဲပေါင်း ၁၀၀ ကစားရာမှာ ခြောက်ဂိုးသာ သွင်းယူထားနိုင်ပေမယ့် အင်္ဂလန်အသင်းအတွက် အလှပဆုံးဂိုးများကို သွင်းယူပေးနိုင်တဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။

ကောင်းမြတ်သူ – စုသည်းသည်။



# ဝိုင်းမော်မြို့နယ်၌ တံတားသစ်နှစ်စင်း ဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် တံတားသစ်နှစ်စင်းဖွင့်ပွဲကို ဇွန် ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အရှည် ပေ ၇၀၀၊ အကျယ် ၁၃ ပေရှိ ဒဘတ်ချောင်း သံကူကွန်ကရစ် ဘေလီ သံပေါင် စတီး ကြမ်းခင်းတံတားကို ကျပ် ၁၆၈၀ သန်းဖြင့်လည်းကောင်း၊ အရှည်ပေ ၃၀၀၊ အကျယ် ၁၃ ပေရှိ မလိချောင်းတံတားကို ကျပ်၇၃၂ သန်း အကုန်အကျခံ၍လည်းကောင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားဖွင့်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကားပြောကြားပြီး ပြည်နယ်လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးဦးစောသိန်းက ပြည်နယ်အတွင်း လမ်းတံတားများ တည်ဆောက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားများကို နိုင်ငံတော် ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက် ဆရာတော်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ် ဝန်ကြီးချုပ်က တံတားများ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တာလောကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း မလိခဆောင်၌ တာလောကြီး ကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံခဲ့ပြီး ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်က ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ဒေသခံ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ၎င်းတို့၏ လိုအပ်ချက်များဖြစ်သည့် မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တာလောကြီး၊ ခေါင်ဖူးရွာဟောင်းနှင့် ရွာသစ်၊ ဟိုကပ်၊ စံကင်းကျေးရွာများရှိ အခြေခံပညာကျောင်း ၁၂ ကျောင်းမှ ဆရာ ဆရာမ ၁၁၇ ဦးအတွက် ကျောင်းစိမ်းလုံချည် ၁၁၇ စုံကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းနှင့်ကချင် တိုင်းရင်းသားရိုးရာယဉ် ကျေးမှုအဖွဲ့များအတွက် ကျပ်ငါးသိန်းစီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကျင်းပ

**လားရှိုး ဇွန် ၁၆**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို လားရှိုးမြို့ ဆုံကွယ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ပြီး ဆုံကွယ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို တွဲဖက်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်မှူး ဦးသန်းလွင်ထံ ပေးအပ်လှူဒါန်းသည်။



ထို့နောက် ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်းများကို ကျေးရွာပြည်သူများက ကြည့်ရှုလေ့လာကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေထားသည့် မူးယစ်ဆေးဝါးတားဆီးရေး မောဝ်ချယ်ရီပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲသို့ ဆုံကွယ်၊ နမ့်နုံး၊ ကောင်းအိုင်၊ ကွန်ကျိုင်း၊ မန်ကုန်း ကျေးရွာများနှင့် စစ်မှုထမ်းဟောင်းရပ်ကွက်များမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဝေ့လေလန်ရှောင်ကွင်းလမ်း၌ တရားမဝင်ကိုရီးယားစီးကရက်များဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၁၆**

တာချီလိတ်မြို့နယ်အတွင်း တရားမဝင်ပစ္စည်းတင်သွင်းသူများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဇွန် ၁၁ ရက် ညနေပိုင်းက စီးကရက် ၁၅ ဖာကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း (တာချီလိတ်) Mobile Team မှ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးစီးအဖွဲ့သည် တာချီလိတ်မြို့ရှောင်ကွင်းလမ်းများတွင် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်နေကြောင်းသတင်းအရ ဖမ်းဆီးနိုင်ရန် ဝေ့လေလန်ရှောင်ကွင်းလမ်းပေါ်တွင် ကင်းပုန်းဝပ်စောင့်ဆိုင်းခြင်း၊ လိုက်လံပိတ်ဆို့ခြင်းများ၊ ဝင်ရောက်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ဇွန် ၁၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ရှောင်ကွင်းလမ်းအတွင်း ၎င်းတို့တရား မဝင်သယ်ဆောင်စုပုံထားသည့် PINE Menthd Made in Korea စီးကရက်ဖာ ၁၅ ဖာကို ရှာဖွေတွေ့ရှိ၍ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ သည်။

အဆိုပါ သိမ်းဆည်းခဲ့သော စီးကရက်များကို အဖွဲ့စုံဖြင့်စစ်ဆေးပြီး တာချီလိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း အပ်နှံပြီး ပိုင်ရှင်များနှင့် သယ်ဆောင်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကျေးရွာဓမ္မစကူးလ် အပတ်စဉ်သင်တန်းကျောင်းဖွင့်

**ကနီ ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချိုင်ကျေးရွာ၌ ဓမ္မစကူးလ် အပတ်စဉ်သင်တန်းကျောင်းဖွင့်ပွဲကို ဇွန် ၁၄ ရက်တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ချိုင်ကျေးရွာ သဒ္ဓမ္မပါလကျောင်းတိုက်ဆရာတော်က ဓမ္မစကူးလ်နှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို ရှင်းလင်းမိန့်ကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက်သင်တန်းနည်းပြဆရာတစ်ဦးက မြတ်ဗုဒ္ဓ၏အဆုံးအမများကို ကလေးများ၏စိတ်တွင် စွဲမြဲယုံကြည်ပြီး ရတနာသုံးပါးကို သက်ဝင်ယုံကြည်လာစေရန်နှင့် ဗုဒ္ဓသာသနာပြန့်ပွားစေရန်၊ ဗုဒ္ဓဘာသာဆိုင်ရာ သိကောင်းစရာများကို လူငယ်များ သိရှိလာစေရန်၊ နိုင်ငံတော်အတွက် သားကောင်းသမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူ နှစ်ရာကျော်ကို သင်တန်းဆရာလေးဦးဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဓမ္မစကူးလ်သင်တန်းကျောင်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖေဃ္ဃ၊ ဦးရှိန်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်သော ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်းသိရသည်။

**သန်းဌေးအောင်(ကနီ)**

# ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ငါးသရောက် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် ဖြူကြီးကျေးရွာ၌ မိုးရွာသွန်းမှုမရှိသေးခြင်းကြောင့် ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် ပုဂံ၊ ညောင်ဦးမြို့မှ ရေကုသိုလ်ရှင်များစုပေါင်းကာ ရေဂါလံ ၇၆၀၀ ကို ဇွန် ၁၄ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေကုသိုလ်ရှင်များ စုပေါင်းလှူဒါန်းပေးမှုကြောင့် ဖြူကြီးကျေးရွာနေပြည်သူများအတွက် တစ်အိမ်လျှင် ရေသုံးထမ်းနှုန်း သောက်သုံးရေများရရှိခဲ့ကြောင်း၊ ရေကုသိုလ်ရှင်များအဖွဲ့အနေဖြင့်လည်း ယခုကဲ့သို့ ရေရှားပါးသည့်ကျေးရွာများ၌ လှူဒါန်းခွင့်ရ၍ ကျေနပ်ပီတိဖြစ်ရကြောင်း ပုဂံ၊ ညောင်ဦး ရေကုသိုလ်ရှင်များအဖွဲ့ဝင် ရေအလှူရှင်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(iprd)**

# ဝူရှူးအားကစားအဖွဲ့သို့ အလှူငွေထောက်ပံ့ပေးအပ်

**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီးမှ ဝူရှူးအားကစားသမားများအတွက် အလှူငွေများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ဇွန် ၁၃ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝူရှူးအားကစားပြိုင်ပွဲသုံး အထောက်အကူပစ္စည်းများ ဝယ်ယူအသုံးပြုရန် အလှူငွေကျပ်ငါးသိန်းကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီသို့ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကူမင်းမြို့ ဝူရှူးအသင်းခေါင်းဆောင် နိုင်ငံတော်အဆင့်ဝူရှူးဒိုင်လူကြီး Mr.Tu Jingli က ဝူရှူးအားကစားနည်းပညာများ လာရောက်ပြသမှုကို ဝန်ကြီးက ကြည့်ရှုအားပေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ဝါးခယ်မ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွာသစ်ရပ်ကွက် အထကခွဲ(၁) ကျောင်း၌ တည်ဆောက်လှူဒါန်းသော ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ အလှူရှင်မိသားစုက ဇွန် ၁၃ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးအောင်ခင်မိသားစုက ရွာသစ် အထကခွဲ(၁)သို့ တည်ဆောက်လှူဒါန်းသည့် ရတနာကျောင်းဆောင်သစ်ကို အလှူရှင်နှင့် ဝါးခယ်မမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ကျောင်းဆောင်သစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ သံကူကွန်ကရစ် သွပ်မိုး တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာရေးစားပွဲနှင့် ကုလားထိုင် အစုံ ၄၀၊ သောက်ရေသန့်စက်တစ်လုံး၊ ပရင်တာတစ်လုံး၊ နှစ်ခန်းတွဲ ရေလောင်းအိမ်သာတစ်လုံး၊ ကျောင်းရှေ့ကွန်ကရစ်လမ်းနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်း အလှူရှင်မိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

## လူကုန်ကူးခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**ပခုက္ကူ ဇွန် ၁၆**

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဆန်းက လူကုန်ကူး လူမှောင်ခိုပြုသူများ၏ အလေ့အထ သဘောသဘာဝ၊ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်းနှင့် ဆက်နွှယ်နေသော နောက်ဆက်တွဲပြဿနာများ၊ လူကုန်ကူးခြင်းဆိုင်ရာ ဖြစ်မှုဖြစ်ရပ်များ စသည့်အချက်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ပညာပေးလက်ကမ်း စာစောင်များလည်း ဖြန့်ဝေခဲ့သည်။ ဟောပြောပွဲသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူမြို့နယ် ဒုတိယဥပဒေအရာရှိ ဦးစိုးရာဇာဖြိုး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဦးတင်မောင်ထွေး၊ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်စုစုခိုင်လင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဒေါ်ခင်စိုးမြင့်နှင့် ကျောင်းသူများ တက်ရောက်ခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ

**ဖားကန့် ဇွန် ၁၆**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်၏ (၃၂) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ကချင်ပြည်နယ် ဖားကန့် စာဖြေဌာနမှ ဖြေဆိုအောင်မြင်သူများအတွက် စာအောင်ဆုနှင်းသဘင်ကို မြို့မရပ်ကွက် သီရိမင်္ဂလာ မဏိဇေယျကျောင်းစာသင်တိုက်၌ ဇွန် ၁၃ ရက်တွင် ကျင်းပခဲ့သည်။

ဆုနှင်းသဘင်တွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ သီရိမင်္ဂလာ မဏိဇေယျ ကျောင်းစာသင်တိုက် ဆရာတော်ဦးဝါယမထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆန်းကြွယ်ကျောင်းတိုက် ဆရာတော် ဦးကဝိသာရ (မဟာသဒ္ဓမ္မ ဇောတိကဇ)ထံမှ ဩဝါဒကထာနာကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သင်တန်းဌာနများဖြစ်သည့်မေဓိကာရာမ(လုံးခင်း)၊ သမိဒ္ဓေါဒယ (လယ်ပြင်)၊ သဒ္ဓမ္မဝါစက (ဆန်ခါ)၊ အဝေရာရာမ(ကုဋ္ဌေ)၊ ဝင်းသီရိမင်္ဂလာ (မော်ရှန်)၊ ရွှေနဂါး (နမ့်မော်)၊ မဏိသုခ(သောင်းကော့)၊ ဇယမေဒနီ (မမုံ)၊ ရွာဟောင်းလိုဏ်ဂူ (ရွာဟောင်း)၊ စိတ္တသုခ(ရှရော်ခ)၊ အဝေရာရာမ(မျောက်ဖြူ)၊ သာသနာ့ဇောတိကာရုံ(ယူမာ)၊ ဓမ္မရိက္ခိတ (မလန်း)၊ မဏိရတနာ(မော်မောင်းလယာန်)၊ ကျောက်လိုဏ်ဂူ(မော်ဝမ်း)၊ သာသနာ့ဝေပုလ္လာရာမ (တောမော်) စသည့် သင်တန်းဌာနများမှ ယဉ်ကျေးမှုကျင့်ဝတ်စာမေးပွဲ အောင်မြင်သူ ၂၆၆ ဦး၊ ဗုဒ္ဓဘာသာမြန်မာစာ စာမေးပွဲအောင်မြင်သူ ၁၂၀၊ အခြေခံအဘိဓမ္မာ စာမေးပွဲအောင်မြင်သူ ၇၅ဦးနှင့် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်မြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**(ဗဟ၄)**



## ရွှေတိဂုံပုံတူစေတီတော် ရေစကြိုမြို့နယ်အတွင်းတည်ထား

**ရေစကြို ဇွန် ၁၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆင်တဲကျေးရွာအုပ်စု ဆင်တဲရွာမကျေးရွာ စံတက်သစ်ဘုန်းတော်ကြီးကျောင်း၌ ရွှေတိဂုံစေတီတော် ပုံစံတူစေတီတစ်ဆူကို ဆန္ဒပြည့်ဝလိုတရ ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော် အမည်ဖြင့် တည်ထားလျက်ရှိသည်။



ရွှေတိဂုံပုံစံတူ စေတီတော်နှင့်အတူ အရံစေတီတော်ငယ် ရှစ်ဆူကိုပါ တည်ထားလျက်ရှိပြီး အရံစေတီတော်များကို ရန်အောင်မြင်၊ မာန်အောင်မြင်၊ ရန်ပြေ၊ မာန်ပြေ၊ ရန်ကင်း၊ မာန်ကင်း၊ ရန်ရှင်း၊ မာန်ရှင်းဟု ဘွဲ့တော်များ သတ်မှတ်ထားကြောင်း သိရသည်။ “အခုတည်ထားလျက်ရှိတဲ့ စေတီတော်ကြီးကို ဘုန်းဘုန်းက ရွှေတိဂုံစေတီတော်ကြီး ပုံစံနဲ့တူအောင် တည်ဆောက်ထားတယ်၊ စေတီတော်ကြီးကို ၁၃၇၅ခုနှစ် နယုန်လပြည့်နေ့က စတင်တည်ထားတာ ၁၃၇၇ ခုနှစ် နယုန်လလောက်မှ ထီးတော်တင်နိုင်မယ်လို့ ခန့်မှန်းထားတယ်။ အခုအချိန်မှာ စေတီတော်ကြီးရဲ့ တည်ဆောက်မှု ၉၀ ရာနှုန်းပြီးစီးပြီ။ ဘုန်းဘုန်းက စေတီတော်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမယ်လို့ ရည်မှန်းထားတယ်” ဟု အဆိုပါ ရွှေတိဂုံပုံစံတူ စေတီတော်ကြီး တည်ဆောက်နေမှုနှင့် ပတ်သက်၍ သက်တော် ၈၀ ဝါတော် ၆၀ ရှိပြီဖြစ်သော စံတက်သစ် ကျောင်းထိုင် ဆရာတော်ကြီးက မိန့်ကြားသည်။

အလယ်စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၂၇တောင်ရှိပြီး အရံစေတီတော်များမှာ ၉ တောင်ပြည့် စေတီတော်များဖြစ်ကြောင်း၊ စေတီတော်ကြီးကို အများပြည်သူ၏ လှူဒါန်းငွေဖြင့် တည်ဆောက်လျက်ရှိပြီး ဆင်တဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရွာသူရွာသားများက ညဘက်အလုပ်အားချိန်များတွင် စေတီတော်ကြီး တည်ဆောက်မှုကို ဝိုင်းဝန်းလုပ်အားပေး ကုသိုလ်ပြုလျက်ရှိသည့်အတွက် စေတီတော်ကြီးတည်ဆောက်စရိတ် ကုန်ကျငွေမှာ ကုန်ကျသင့်သည်ထက် များစွာသက်သာခဲ့ကြောင်း ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ရွေးကောက်ပွဲဆိုင်ရာများကို ပြည်သူများသိရှိစေရန် ဆောင်ရွက်မည်

**စစ်ကိုင်း ဇွန် ၁၆**



နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ မဲဆန္ဒရှင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များအား ခရိုင်အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၄ ရက် တွင်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက စစ်ကိုင်းမြို့နယ်အတွင်း ရပ်ကွက် ၁၈ ခုနှင့် ကျေးရွာ ၈၁ အုပ်စုရှိ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၌ ဇွန် ၈ ရက်က ထုတ်ပြန်ကြေညာထားသည့် အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးမည့်သူများ၏ အခြေခံမဲဆန္ဒရှင်စာရင်းများကို ဆန္ဒမဲပေးမည့်သူတိုင်း ကိုယ်တိုင်သွားရောက်၍ မှန်မမှန် စစ်ဆေးရန်လိုအပ်ကြောင်း၊ မှားယွင်းနေမှုများရှိပါက သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲများသို့ ဇွန် ၂၁ ရက်အတွင်း အမြန်အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာကော်မရှင်အဆင့်ဆင့်သို့ ပုံစံများနှင့်လျှောက်ထားတင်ပြမှ စာရင်းမှန် အမည်မှန်များ ရရှိလာမည်ဖြစ်ကြောင်းနှင့် စာရင်းပါ၊ မပါသွားကြည့်ရန် အရေးကြီးကြောင်း အမှာစကားပြောကြားခဲ့သည်။

> **ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မိမိတို့ ရပ်ကွက်များအတွင်း ဆယ်အိမ်စုအလိုက် ဆန္ဒမဲပေးမည့်သူများ၏ အမည်မှတ်ပုံတင် အမှတ်များအား ကိုက်ညီမှု ရှိ၊ မရှိ တွေ့ဆုံမေးမြန်းစေချင်ကြောင်း . . .**

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် စစ်ကိုင်းခရိုင်တာဝန်ခံ ဦးသန်းထွန်းက ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မိမိတို့ရပ်ကွက်များအတွင်း ဆယ်အိမ်စုအလိုက် ဆန္ဒမဲပေးမည့်သူများ၏ အမည်မှတ်ပုံတင် အမှတ်များအား ကိုက်ညီမှုရှိ၊ မရှိ တွေ့ဆုံမေးမြန်းစေချင်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းရွှေတို့က လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်နှင့် ပန်းဘဲတန်းရပ်ကွက်များ၌ ထုတ်ပြန်ကြေညာထားသည့် အခြေခံ မဲဆန္ဒရှင်စာရင်းများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲများက ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းနှင့် ပတ်သက်၍ လာရောက်ပြင်ဆင်၊ ဖြည့်စွက်ကြသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ညောင်တုန်းမြို့ ပရဟိတအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**ညောင်တုန်း ဇွန် ၁၆**

ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများသို့ ညောင်တုန်းမြို့ အဘိဓမ္မာအသင်းကြီးက စတုတ္ထအကြိမ်မြောက် ကုသိုလ်ပြုအလှူငွေပေးအပ်ပွဲကို နိုင်ငံအေးဘုရားကြီး၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတအဖွဲ့များဖြစ်သော တောင်ညိုကျောင်းတိုက် မျက်စိဆေးခန်းသို့ အလှူငွေ ကျပ်တစ်သိန်း၊ ပန်းဇရာ အခမဲ့ဆေးခန်းသို့ အလှူငွေ ကျပ်တစ်သိန်း၊ အမှတ်(၆)ရပ်ကွက် အခမဲ့ဆေးခန်းသို့ အလှူငွေ ကျပ်တစ်သိန်း၊ ရှင်သန်လူမှုကူညီရေးကွန်ယက်သို့ အလှူငွေ ကျပ်တစ်သိန်း၊ အခမဲ့လူနာတင်ကားအတွက် အလှူငွေကျပ်တစ်သိန်း၊ လူနာတင်ကားများနှင့် နာရေးကားများပြုပြင်ရန် အလှူငွေကျပ်တစ်သိန်းနှင့် နာရေးကူညီမှုအသင်း(ညောင်တုန်း) သို့ အလှူငွေ ကျပ်တစ်သိန်းတို့ကို အဘိဓမ္မာပြန့်ပွားရေးအသင်း(ညောင်တုန်း)မှဆရာဦးမြင့်စိုးက ပေးအပ်လှူဒါန်းခဲ့သည်။ အလှူငွေပေးအပ်ပွဲသို့ လူမှုကူညီရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အဘိဓမ္မာသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ညောင်တုန်းမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကို ဆရာတော်ဦးဇဋိလ၊ ဦးဇဝနနှင့် ဆရာဦးမြင့်စိုးတို့က ၂၀၀၆ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းဒေသနာတော် စသည်များကို စနေ၊ တနင်္ဂနွေနေ့တိုင်း ပို့ချလျက်ရှိကာ လူငယ်တရားပွဲများ ကျင်းပခြင်း၊ ပရဟိတလူမှုကူညီရေးအဖွဲ့ကိုဖွဲ့စည်းပြီး မျက်မမြင်ကျောင်း၊ မိဘမဲ့ ပရဟိတ သင်တန်းကျောင်းနှင့် ဘိုးဘွားရိပ်သာစသည့်နေရာများသို့ နှစ်စဉ်သွားရောက်လှူဒါန်းလျက်ရှိရာ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက်အဖြစ် ညောင်တုန်းမြို့ပေါ် ပရဟိတအဖွဲ့များသို့ လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။ ညောင်တုန်းမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းအနေဖြင့် တွံတေးမြို့နှင့် ကော့မှူးမြို့နယ်များရှိ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့လည်း ဇူလိုင် ၁ ရက်တွင် ဆက်လက်သွားရောက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခၤါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ကြေးရုပ်တွေနဲ့ လမ်းမတော်

ဆူးငှက်



***ယခင်အပတ်မှအဆက်***

ထို့အတူထိုစာကြည့်တိုက်များတွင်လည်း ဦးသျှောင် စာပေဖခင်၊ မိခင်ကြီးများဖြစ်သော ဆရာမင်းသုဝဏ်၊ ဆရာမောင်ထင်၊ ဆရာဒဂုန်တာရာ၊ ဆရာမကြီး လူထု ဒေါ်အမာ၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်အစရှိသူတို့ထံ မှလည်း စာပေအဆိုအမိန့်များ ကြားနာကြရပေမည်။

ကျွန်တော်သည် ရွှေဥဒေါင်းစာကြည့်တိုက်ကြီးကို ၇၈ လမ်းပေါ်မှကြည့်ရင်း ဆရာဒဂုန်တာရာ၏ အနာဂတ်စိတ်ကူးဖြစ်သော စာရေးဆရာအသင်းဟူသည့် ဆောင်းပါးကိုသတိရနေ၏။

"...စည်းဝေးခန်းမဆောင်ကြီးဘေး၌ အတွင်းရေးမှူး ရုံးခန်း၊ စာပေဆွေးနွေးသည့် အခန်းဆောင် အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅ များရှိကြသည်။ စည်းဝေးခန်းမ ဆောင်စင်မြင့်ပေါ်ရှိ ကျောက်သင်ပုန်း၌ တိဗက် အက္ခရာများပင်မဖျက်ရသေးပေ။ မနေ့က တိဗက် တက္ကသိုလ်မှ ပါမောက္ခတစ်ဦးလာ၍ ဘာသန္တရဗေဒ အကြောင်း ဟောပြောခဲ့သေးသည်။ စာရေးဆရာ အသင်းက ကြီးမှူးကျင်းပသော ဟောပြောပွဲဖြစ်သည်" ဟူသောစာပိုဒ်လေးကို ပြန်လှန်ရွတ်ဆိုကြည့်နေမိ၏။

"စာကြည့်တိုက်ကား ကန်စပ်လမ်းမှသွားရသည်။ အုတ်ရောင်အနီတွင် ရေညှိနှင့်နွယ်ပင်များဖုံးကာ မှိုင်းညို့ညို့ဖြစ်နေသော ရှေးဟောင်းပုံစံတိုက်ကြီး ဖြစ်သည်။

စာကြည့်တိုက်အပေါ်ထပ်တွင် အယ်ဒီတာအဖွဲ့ရုံး ခန်းရှိသည်။ 'စာပေ' မဂ္ဂဇင်းနှင့်စာအုပ်များ လစဉ် ထုတ်ဝေလျက်ရှိသည်။ စာကြည့်တိုက်မှာ စာရေး ဆရာများအတွက်ပွတ္တိနှင့် စာရေးမှုအတတ်ပညာဆိုင်ရာ စာအုပ်များ အစုံဆုံးဖြစ်သည်" ဟူသည့် အပိုဒ်လေးကို လည်း တသသဖြစ်နေမိသည်။

ရွှေဥဒေါင်းစာကြည့်တိုက်ရှေ့ ကြေးရုပ်အုတ်ခုံ ကျောဘက်မှာတော့ တွန့်ခွေနေသော ရေကန်လေး ရှိ၏။ ရေကန်လေးထဲ၌ ကြာဖြူ၊ ကြာနီ၊ ကြာညိုတွေ ပွင့်ဝေနေအောင် ကြိုးစားထားကြသည်။ ကြာများကို စရိတ်အကုန်ခံကာ ရန်ကုန်လေးဒေါင့်ကန်အထိ သွားသယ်ကာစိုက်ထားရသတဲ့။ သို့သော် ရန်ကုန်သား ကိုရွှေကြာများက မန္တလေးအပူမှာ ပျော့ခွေနွမ်းရိနေ ကြသည်။ ယခုတော့ အသက်မှရှင်ကြသေးရဲ့လားမသိ။

မန္တလေးတွင် ယခင်က ကျုံးအတွင်း၌ တင်ကျီး၊ ရေဘဲစသော ရေပျော်ငှက်များနှင့်အတူ ကြာမျိုးစုံဖူးပွင့် နေကြသည်။

"ကြာမျိုးငါးမည်၊ သင်းရနံ့ထုံသည်၊ နတ်ရေကန် ကမ်းစပ်ဆီ"ဟုပင် မြို့မငြိမ်းက ဖွဲ့ဆိုခဲ့သည်မဟုတ်လော။ ယခုတော့ ရေကာတာကြီးထဲမှာ အဝါရောင်မော်ဆယ် စက်ကြီးက တအိအိရွေ့နေ၏။

ခတ်စက်ရုံကြီးနှင့် မျက်နှာချင်းဆိုင်အိမ်တွင် နေထိုင်ခဲ့ဖူးသော ဒေါ်ခင်သန်းမြင့်နှင့် ဒေါ်လှရွှေတို့ ညီအစ်မကမူ ငယ်စဉ်ကနေအိမ်၌ ကျုံးကမ်းဘက် လမ်းလျှောက်ရသည်ကို တဖွဲ့တနွဲ့သတိရကြ၏။ ကျုံးကမ်း စပ်တွင် ကြည်ပြာပြာဗေဒါပွင့်များ၊ တစ်ခါတစ်ရံ ကြာဖြူ ပွင့်များခူးကြသည်။

ထို့အတူ ကျုံးရေစပ်တွင် ကြာချပ်များနှင့်အတူ မှိုနတိုပင်ကလေးများက ကြည်လင်လှသောကျုံးရေတွင် ရေပေါ်တစ်မျိုး၊ ရေအောက်တစ်မျိုး တိုးလျှိုပေါက်နေကြ သည်ကို မှတ်မိနေကြသည်တဲ့။ သူမတို့နှင့်အတူ လမ်း လျှောက်သည့် မေမေကြီးမှာ ကနောင်မြန်အောင်တွင် ကြီးပြင်းခဲ့ရသူပီပီ ရေစပ်ကမှိုနတိုတွေမြင်တော့ မခူးဘဲ မနေနိုင်ဖြစ်ရသည်။ မေမေကြီးက ထမီတိုတိုဝတ်ကာ ရေစပ်ဆင်းပြီး မှိုနတိုနုတ်သတဲ့၊ မလှရွှေကလည်း ဆင်း ခူးတော့ "ရေအောက်မှာ တွားပြီးသွားနေတဲ့ အညွန့်ကြီး တွေရှိတယ်။ ဟောဒီလိုအသားလေးမလိုက်၊ သူ့ဘာသာ အမြစ်တွေကျွတ်ပြီးပါလာတာ။ အညွန့်လေးချည်းပဲ ဆိတ်ပြီးခူးကွဲ့"ဟု မေမေကြီးက သင်ပေးသည်။

ကျုံးဘေးမှိုနတိုက ဈေးမှဝယ်လာသော မှိုနတိုနှင့် ကွာလှသည်။ ကျုံးရေစပ်မှိုနတိုသည် အရွက်ကြီး၊ အရိုး ကြီး၊ ထွားကျိုင်း၏။ ထမင်းဝိုင်းတွင် မှိုနတိုတို့စရာကို ငါးပိရည်တွင် သံပရာရည်ညှစ်စားရာ မြိန်လှကြောင်း မိုးဒေဝါမလှရွှေ၏ အစ်မဒေါ်ခင်သန်းမြင့်က လွမ်းလွမ်း တတရေးသားခဲ့ဖူးသည်။ အခုတော့ ကျုံးရေစပ်က ကျောက်နံရံမှာ ကြွပ်ကြွပ်အိတ်ခွံတွေကပ်နေသည်။ တစ်နေရာမှာ ဘီယာဘူးခွံတွေပေါလော...။

၇၈ လမ်းနှင့် ၂၈ လမ်းထောင့်မှာတော့ မီးရထား တိုင်းရုံး ရှိခဲ့ဖူး၏။ ယခုတော့ စစ်သည်ဈေးရိပ်သာ။ မီးရထားတိုင်းရုံးဘဝတုန်းက ဧပြီလ၏ ရက်တစ်ရက် တွင် ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်ကို တိုင်းရုံး အပေါ်ထပ်က မမတစ်ယောက်ထံ တခုတ်တရသွားပေး ဖူး၏။ ဝရန်တာမှာ ပိတောက်ပန်းတွေပွေ့ရင်း သူမက ဧည့်ခံစကားပြော၏။ ထို့နောက် မိုးညှင်းသမ္ဘဒ္ဓေက သနပ်ခါးတုံးတွေလည်း သွားပေးဖူးပါသည်။ ဆံပင်ရှည်ကို နှစ်ဖက်ခွဲကာစည်းပြီး ဝါဝင်းသောအသားမှာ သနပ်ခါး ဘဲကြား ရိုက်ထားလေ့ရှိတော့ ပိတောက်ပန်းပါဝါနှင့် သနပ် ခါးကို သူမအတွက်ဖြည့်ဆည်းပေးရတာကိုက ကြည်နူး ပျော်ရွှင်စရာဖြစ်၏။ ဒါကိုပဲ အားအင်လို့ခေါ်လေမည် လားမသိ။ ပျော်လို့...၊ တက်ကြွလို့...။

သို့သော် အခုထိုအဆောက်အအုံရှေ့ရောက်တော့ ဒါတွေကို သတိရတော့မှာမဟုတ်တော့။ ထို့အတူ ကပ်လျက် မီးရထားရိပ်သာမှာ မင်္ဂလာဧည့်ခံပွဲကျင်းပ သည့် သူမမင်္ဂလာဆောင်ကိုဝင်ပြီး သမင်ရုပ်လေးတွေ လက်ဖွဲ့ဖြစ်တာလည်း မမှတ်မိတော့။

၇၈ လမ်းပေါ်မှာ မီးရထားရိပ်သာခေါ်သည့် တစ်ထပ် တိုက်ပုလေးသည် ထိုအချိန်က မင်္ဂလာဧည့်ခံပွဲများ ကျင်းပရာနေရာဖြစ်သည်။ သာမန်မင်္ဂလာဧည့်ခံပွဲဆို လျှင် ထိုနေရာလေးမှာပဲ စရိတ်စကကျဉ်းစွာ ခင်းကျင်း နိုင်လေသည်။ ခန်းမလေးရှေ့မှာ သိပ်ပြီးအမြင့်မရိုင်း လှတဲ့ ပန်းရုံလေးတွေလည်းရှိရဲ့။ အရွက်ဖားဖားစိမ်းစိမ်း ပိန်းရွက်ပင်ကြီးတွေလည်းရှိရဲ့။ ခပ်သွေ့သွေ့မြက်ခင်း ပြင်လေးလည်းရှိရဲ့။ မင်္ဂလာမောင်မယ်သည် ထိုပန်းခြံ လေးမှာပဲ သူတို့၏ကြင်စဦးစုံတွဲဓာတ်ပုံလေးတွေ ရိုက်ကြ တာပေါ့။

မီးရထားရိပ်သာတွင် ထောင့်မှန်မီးအိမ်ဆိုသော မော်ဒန်ပန်းချီပြပွဲလည်း ကျင်းပဖူးပါသည်။ ကျင်းပမည့် ရက်ကို အကြိမ်ကြိမ်ရွှေ့ရတာလည်း မှတ်မိ၏။ ကိုချို ချစ်ငြိမ်း၊ ချမ်းအေးတို့၏ ကနဦးလက်ရာများကိုလည်း လွမ်းပါသည်။ မီးရထားရိပ်သာနှင့် မျက်နှာချင်းဆိုင် ယခု ပုပ္ပားဟိုတယ်နေရာသည် ယခင်က ဧဝရတ်ဟိုတယ်ဖြစ် ၏။ မန္တလေး၏ နာမည်ကြီးကျော်ကြားရသော ဘားဆိုင် တစ်ဆိုင်ဖြစ်ခဲ့ဖူးသည်။ ဧဝရတ်၏ မြက်ခင်းပြင်အစပ် ဗိုလ်ကတော်မျက်ခုံးစည်းရိုးဘေးက ခုံလေးတွေပေါ် မှာ ဘီယာသောက်ကြ၊ ဝီစကီသောက်ကြ၊ ဂျင်သောက်ကြ တယ်ဆိုတာ ထိုခေတ်၏ လူငုက်တန်လက္ခဏာတစ်ရပ် ဖြစ်သည်။ ဧဝရတ်မှာခေတ်ဆန်သော ကြေးရတတ် မန္တလေးသားတွေ ပင်တိုင်ထိုင်သည်။ တစ်ခါတစ်ရံ မန္တလေးရုပ်ရှင်ခြံ၊ ရွှေမန်းရုပ်ရှင်ခြံတို့တွင် ဓာတ်ရှင် ကားလာရိုက်သည့် မင်းသားတချို့လည်း ထိုင်ကြ သည်။ ဧဝရတ်၏ ခရမ်းရောင်နီယွန်မီးလွှမ်းသည့် ညချမ်းများကားမေ့မရနိုင်စရာ။ အနောက်ဘက်ကပ် လျက် ဘူတာယာဒ်ဝင်းထဲမှာ ကျောက်မီးသွေးထိုး ကုန်ရထားတစ်စင်း၏ ဥဩသံစူးစူးက ဧဝရတ်နံရံမှာ ပဲ့တင်ထပ်နေ၏။

ဧဝရတ်ဝင်း၏ တောင်ဘက်အစွန်မှာ မီးရထား ရေစက်ရုံကြီးရှိသည်။ ရေစင်ကြီးက ဂါလန်များစွာ ဆန့်သည့် ဧရာမစင်ကြီး။ ရေစင်ကြီးမှ ပိုလျှံရေတွေ လား၊ အဖိတ်အစဉ်ရေတွေလားမသိ။ အမြဲမပြတ် တပြင်းပြင်းကျနေသောကြောင့် ရေစင်တစ်ဝိုက်စွတ်စို ကာ အပင်တွေကြီးထွားအုပ်မိုးနေသည်။ ထိုနေရာ ရောက်တော့ သစ်ရိပ်အပြင်ရေဓာတ်ကြောင့် အေးစိမ့် နေ၏။ မြို့ထဲမှာလမ်းလျှောက်၍ တံတားကုန်းကြီး ဖြတ်လာရသောအခါ ထိုရေစင်ရိပ်ရောက်လျှင် မနားဘဲ မနေနိုင်။

သို့သော် ဘူတာကိုအမှီအခိုပြု၍ တောင်းရမ်း စားသောက်ရရှာသည့် ရောဂါသည်ဒုက္ခိတတစ်စုက ရေစင်ရိပ်မှာခိုနားကြသည်။ ရေစင်ကကျလာသည့် ရေတွေ လမ်းဘေးမြောင်းထဲ တသွင်သွင်စီးနေသည့် ရေစီးကြောင်းလေးမှာ သောက်ရေ၊ သုံးရေယူကြသည်။ လျှော်ဖွပ်ပြီး အဝတ်အစားတွေ ရေစင်ဝင်းထရံမှာ လှန်းကြသည်။ မြောင်းဘေးမှာ မြေအိုးလေးတွေ ကိုယ်စီနှင့် ထမင်းဟင်းချက်ကြသည်။ ထိုအချိန်က ဧဝရတ်၏ နီယွန်ခရမ်းပြာအောက်မှ ယမကာဝိုင်းနှင့် ရေစင်အောက်မှ ထမင်းဝိုင်းလေးကိုရေးဖွဲ့တတ်လျှင် ဘဝသရုပ်ဖော် ဝတ္ထုကောင်းကောင်းတစ်ပုဒ် ဖြစ်နိုင် သည်။ ကြာပြီပေါ့။

အခုတော့ ဧဝရတ်က ပုပ္ပားဟိုတယ်ကြီးဖြစ်လို့ ရေစင်အောက်က လူတွေခမျာလည်း ဟိုးမတ္တရာအလွန် ရေနံ့သာရွာလေးနားက နံ့သာမြိုင်စခန်းမှာ ရောက် နေကြမှာပေါ့။ လူမြင်ကွင်းမှာ မရှိကြတာတော့ သေချာ သည်။ လူတန်းစေ့အောင်တော့နေနိုင်ကြလျှင် ဝမ်းသာ စရာကောင်းပါသည်။ မနှစ်က နံ့သာမြိုင်ရောက်တော့ ရာသီဥတုကြမ်းတာ၊ မသန်မစွမ်းမို့ တောင်ယာလုပ် မစားနိုင်တာ၊ ထောက်ပံ့ပစ္စည်းတွေ ပေးကားပေး၏။ မရကြတာ။ ဆေးရုံနဲ့စခန်းအတော်လှမ်းတာ ပြောပြ ကြ၏။ ကျွန်တော်တို့ကား အင်္ဂလိပ်ဇာတ်လိုက်များ စတိုင် ပခုံးနှစ်ဖက်တွန့်ပြီး လက်ဝါးနှစ်ဖက်လှန်ပြရုံက လွဲလို့ ဘာမျှမတတ်နိုင်။ သူတို့ကမှ နံ့သာမြိုင်မှာ ပေ ၆၀၊ ပေ ၄၀ မြေကွက်၊ အိမ်တစ်လုံးနှင့် တောင်ယာ တစ်ကွက်ရသေးသည်။ ကိုယ့်မှာက...၊ ကိုယ့်မှာ က....။

၇၈ လမ်းသည် လေးပြသာသာလောက်အတွင်း မှာပင် သူ၏ရှည်လျားသော အတွေ့အကြုံ၊ ရှည်လျား သော သမိုင်းတို့ကို လေးနင့်စွာထမ်းပိုးထားရတော့ သည်။ ထို့အပြင် အပြောင်းအလဲ၊ အတိုးအဆုတ်၊ အနိမ့် အမြင့်....။

ဒါကလည်း ကနဦးအစပဲ ရှိပါသေးသည်။ သူခရီး လမ်းက ရှေ့မှာအရှည်ကြီး။ အပြောင်းအလဲတွေ အများကြီး....။ ဟောကြည့်....။

ရှေ့မှာပဲ ကြီးကြီးမားမား အပြောင်းအလဲကြီး တစ်ခုကို ၇၈ လမ်းက ပြောပြပါဦးမည်။

မန္တလေးဘူတာကြီးတဲ့....။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါး ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

## သုံးခွမြို့နယ်တွင် ကျန်းမာရေးအသိပညာပေး

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့နှင့် သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို သုံးခွမြို့နယ် ကတုံးပေါ် အထက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန် ရှိသူများက ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါများအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရပြီး ငှက်ဖျားရောဂါသံသယရှိသူ ဒေသခံပြည်သူများကို ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## စိုက်ပျိုးရေပေးဝေရေးဆောင်ရွက်

**ညောင်ရွှေ ဇွန် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တောင်သူများစိုက်ပျိုးရာတွင် အဆင်ပြေစေရန်အတွက် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဘီလူးချောင်းမှစီးဆင်းလာမည့် သဲနုန်းများကို ထိန်းသိမ်းပေးသော အင်းတိန်ကျေးရွာ ရေမြောင်းခွဲသုံးခုကို ဆောင်ရွက်ပေးခြင်းအားဖြင့် စိုက်ပျိုးဧက ၄၈၀၀ ခန့်၊ လွယ်မောကျေးရွာနုန်းထိန်းတမံမှတစ်ဆင့် စိုက်ပျိုးဧက ၂၈၀၀ ခန့်၊ လွယ်တန့်ကျေးရွာရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးဧရိယာ ၂၀၀ ခန့်အပြင် ညောင်ရွှေမြို့အဝင်ရှိ သာစည်ကန်နှင့်နဒီကန် နုန်းဖမ်းဆည်များမှ စိုက်ပျိုးဧက ၁၂၀၀ ကို ကောင်းမွန်စွာရေပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ နုန်းထိန်းတမံများသည် အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာလှပရေးအတွက် သာမက စိုက်ပျိုးရေပေးဝေရေးအတွက်လည်း ထိရောက်စွာ အသုံးဝင်အကျိုးပြုလျက်ရှိကြောင်း သိရသည်။ **(၀၅၄)**



## ဝါဆိုခြင်းအလှူခတ်ပွဲတော်၌ ပျဉ်းမနားမှမျိုးဆက်သစ်များ ပါဝင်ဆင်နွှဲမည်

**နေပြည်တော် ဇွန် ၁၆**

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ (၈၇) ကြိမ်မြောက် ဝါဆိုခြင်း အလှူခတ်ပွဲတော်တွင် နေပြည်တော် ပျဉ်းမနားမြို့မီးရထားရပ်ရှိ ဆွေသဟာမျိုးဆက်သစ်ခြင်းအဖွဲ့မှ အသက် ၁၀ နှစ်နှင့် ၁၆ နှစ်ကြားရှိ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် ခြင်းဝိုင်းသုံးသင်း ဝင်ရောက်အလှူခတ်မည်ဖြစ်သည်။

ယခုနှစ် (၈၇) ကြိမ်မြောက် မန္တလေး ဝါဆိုခြင်းအလှူခတ်ပွဲတော်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိခြင်းအသင်းများ သာမက အမေရိကန်၊ ထိုင်း၊ စင်ကာပူစသည့် နိုင်ငံခြားခြင်းအသင်းပေါင်း ၁၈၀၀ ဖြင့် ဇွန် ၃ ရက်မှ ဩဂုတ် ၁ ရက်အထိ မန္တလေးမဟာမုနိဘုရားကြီးကို ဝါဆိုရွှေသင်္ကန်း၊ ပန်း၊ ဆီမီးကပ်လှူသော အထိမ်းအမှတ်အဖြစ် နေ့စဉ်နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ ဧည့်ခံခတ်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ မန္တလေးဝါဆိုခြင်းအလှူခတ်ပွဲတော်သို့ နေပြည်တော် ပျဉ်းမနားမြို့မှ (၂၇) ကြိမ်မြောက် ဆီးဂိမ်း၊ အာရှဖိတ်ခေါ်နှင့် ၂၀၁၅ ခုနှစ် အမျိုးသားအားကစားပွဲတော် ဆုတံဆိပ်ရှင်ကျောင်းသား ကျောင်းသူလေးများ ပါဝင်သည့် ဆွေသဟာ မျိုးဆက်သစ်ခြင်းနှစ်သင်းနှင့် ခြင်းအဖွဲ့ခေါင်းဆောင်ဆွေဆွေမာ (ဆီးဂိမ်းခြင်းနည်းပြ)၊ နီနီမာပါဝင်သည့် ခြင်းတစ်သင်းတို့သည် ဇူလိုင် ၂၆၊၂၇၊၂၈ ရက်တို့ ပါဝင်အလှူခတ်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော် ပျဉ်းမနားမြို့ ဆွေသဟာ မျိုးဆက်သစ်ခြင်းအဖွဲ့မှ မစုတွယ်တာသည် ပြီးခဲ့သည့် ဇွန် ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သော မန္တလေးတိုင်းဒေသကြီး ဆင်ရွာမြင်းမှူးကျေးရွာရှိ ကမ္ဘာ့ပထမ ဝေရောစနကျောက်စိမ်းစေတီတော် ထီးတော်တင်ပွဲခြင်းအလှူခတ်ပွဲတွင် မဟာဒူး၊ ဒွဲဖဝါး၊ စလွယ်ကြီး၊ ခြင်းကြီး အတော့ပြိုင်ပွဲတွင် ဒုတိယဆုရရှိထားကြောင်း သိရသည်။

**ကာရန်ခ**



## ရေပြင်အသက်ကယ်နည်းသင်တန်း သီပေါ၌ ဖွင့်လှစ်

**သီပေါ ဇွန် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးမှ တိုင်းရင်းသားပြည်သူများ ရေပြင်အသက်ကယ်နည်းအခြေခံသင်တန်းကို ဇွန် ၁၄ ရက်က ဈေးရပ်ဒုဋ္ဌဝတီမြစ်ကမ်းနံဘေး၌ ကျင်းပသည်။

သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်အသက်ကယ်နည်းပဏာမအဆင့်ဖြစ်သော အသက်ကယ်အင်္ကျီ ဝတ်ဆင်အသုံးပြုနည်းစနစ်များနှင့် ကယ်တင်နည်းများကို လက်တွေ့ပြသကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျောင်းသား ကျောင်းသူများစာဖတ်ရှုမှုအားစိတ်ပါဝင်စားစေရန်ဆောင်ရွက်

**ပေါင်းတည် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘွဲ့ဝင်ကန်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်တင်ရေးအတွက် ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA)တို့ ပူးပေါင်းပြီး ဇွန် ၁၁ ရက်မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းရှေ့၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျောင်းသား ကျောင်းသူများ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန် ရည်ရွယ်၍ စာပေလေ့လာဖတ်ရှုမှုကို စိတ်ပါဝင်စားမှုရှိလာစေရန်အတွက် ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်း အဖွဲ့(SVA)မှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားဖွယ် ဟန်ပန်အမူအရာများဖြင့် ပုံပြင်ပြောခြင်း၊ သီချင်းဆိုခြင်း၊ ကဗျာရွတ်ဆိုခြင်း၊(SVA)မှလှူဒါန်းထားသည့် အရည်အသွေးမြင့်ရောင်စုံရုပ်ပြ ပုံပြင်စာအုပ်များကို ဖတ်ပြခြင်း၊ ပျော်ရွှင်ဖွယ်ရာကိုယ်လက်လှုပ်ရှားကစားနည်းများ ပြုလုပ်ခြင်းနှင့်ကျောင်းသား ကျောင်းသူများအား စိတ်ကြိုက်စာအုပ်စာစောင်များကိုဖတ်ရှုစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများနှစ်ခြိုက်ပျော်ရွှင်ကာစိတ်ဝင်စားမှု ရှိခဲ့ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

## တရားစခန်းဝင်ယောဂီများအား တိုင်းရင်းဆေးအခမဲ့ကုသပေး

**ပုသိမ်ကြီး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ မုံလယ်တောရ တရားစခန်းတွင် တရားအားထုတ်လျက်ရှိသော သံဃာ၊ သီလရှင်၊ ယောဂီများအား ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေး ပညာဦးစီးဌာန တိုင်းရင်းဆေးမှူးဦးသစ်လွင်နှင့်ဝန်ထမ်းများ၊ တိုင်းရင်းဆေးဆရာအသင်းအဖွဲ့ဝင် ဦးသိန်းဆွေ၊ ဒေါ်ခင်သက်ထွန်း၊ ဦးလှအောင်နှင့်အဖွဲ့များက ဇွန် ၁၂ ရက်က တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့သည်။

အဆိုပါ တရားစခန်းတွင် တရားအားထုတ်လျက်ရှိသော သံဃာ၊ သီလရှင်၊ ယောဂီအမျိုးသား အမျိုးသမီး ၁၀၄ ဦးအား ဒူးနာ၊ ခါးနာ၊ ဆီးချို၊ သွေးတိုးရောဂါနှင့် အခြားရောဂါများကို စမ်းသပ်ကုသပေးကြပြီး သီလရှင်ယောဂီများက မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနသို့ အလှူငွေကျပ်ငါးသောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## လုပ်ငန်းခွင်ရက်တိုသင်တန်း မြစ်ကြီးနား၌ ဖွင့်

**မြစ်ကြီးနား ဇွန် ၁၆**

မြစ်ကြီးနားခရိုင် မြေစာရင်းဦးစီးဌာနက ကြီးမှူး၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဆိုင်ရာလုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၁၃ ရက်က အဆိုပါရုံး၌ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစောဝင်းက အမှာစကားပြောကြားသည်။ သင်တန်းကို ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ခရိုင်အတွင်းရှိ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများမှ ရွေးချယ်စေလွှတ်သည့် ဝန်ထမ်း ၄၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းအောင်**

## လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းခြင်း နည်းပညာပေး သင်တန်းဖွင့်

**ဝိုင်းမော် ဇွန် ၁၆**

ကိုရီးယား သမ္မတနိုင်ငံ Daedong Industrial Co.,Ltd. မှ လယ်ယာသုံး စက်ကိရိယာများ ကိုင်တွယ် မောင်းနှင်ထိန်းသိမ်းခြင်း နည်းပညာပေး သင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက်က ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာအဆင့်မြင့် လယ်ယာမြေဧက ၁၀၀ စိုက်ကွင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းက အမှာစကား ပြောကြားသည်။ ကိုရီးယား သမ္မတနိုင်ငံမှ Mr.Kin က လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ် မောင်းနှင်ထိန်းသိမ်းပုံများကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

## SME များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဟောပြောဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၆**

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီသည် ဂျာမနီနိုင်ငံ GIZ နှင့် ပူးပေါင်းလျက် မြန်မာ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် SME များ၏ အရေးပါသော အခန်းကဏ္ဍကိုနားလည်မှုရှိစေရန် SME များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်အသိပညာများကို ဖြန့်ဝေပေးရန်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသည့် မူဝါဒနှင့်ဥပဒေဆိုင်ရာများအား ဆွေးနွေး ရန်စသည့် ရည်ရွယ်ချက်များဖြင့် GIZ နှင့် ပူးပေါင်း၍ Saturday SME Talk ဆွေးနွေးပွဲအား စတုတ္ထအကြိမ်အဖြစ်ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးအေးကျော် Principal, MHR က Developing HR For SME ခေါင်းစဉ်ဖြင့် ဇွန် ၂၀ ရက် (စနေနေ့)နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် (၃၅-ဘီ/၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဆွေးနွေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားမှုရှိသည့် SME လုပ်ငန်းရှင်များ မည်သူမဆိုတက်ရောက်နိုင်သည်။ ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ဇွန် ၁၆ ရက်၊ အင်္ဂါနေ့ နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်လင်းခိုင် ဖုန်း-၀၁ ၈၆၀၃၈၂၆၊ ၀၁ ၈၆၀၃၈၂၇၊ ဖက်စ်-၀၁ ၅၄၆၀၅၁၊ Email:smeyangon@gmail.com သို့ စာရင်းပေးသွင်းနိုင်ပြီးလူဦးရေ ၁၀၀ သာ ကန့်သတ်လက်ခံမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**တပ်ကုန်း ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇွန် ၁၀ ရက်က အထက(၂) ပြည်သာနိုင်ခန်းမ၌ ကျင်းပရာ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုရဲမှူး မင်းသူက ကျောင်းဖွင့်ရာသီတွင် ယာဉ်တိုက်မှုများ မဖြစ်ပွားစေရန်အတွက် စည်းကမ်းနှင့်အညီ မောင်းနှင်ကြရန်၊ ဆိုင်ကယ်ကို သုံးယောက်မစီးရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် စသည်တို့ကို ဟောပြောပို့ချခဲ့သည်။

ထို့နောက်တပ်ကုန်းမြို့နယ်စခန်းမှူး ဒုရဲမှူးသန်းဝင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။ (ဝ၂၁)

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် အသိပညာပေးဟောပြော

**မိုးမိတ် ဇွန် ၁၆**

မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၂ ရက်က အထက ခွဲ (လ) လက်ခုပ်တန်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက မူးယစ်ဆေးဝါး ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးဖျက်ဆီးနိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှု ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအလွဲသုံးခြင်း၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ ချမှတ်ခြင်းဆိုင်ရာများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် လူကုန်ကူးမှုဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# အမရပူရမြို့နယ်ရှိ ရွှေပါရမီ ပရဟိတပညာသင်ကျောင်း ဆုနှင်းသဘင်ကျင်းပ

**အမရပူရ ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာ ရွှေရန်ကင်းကျောင်းတိုက် ရွှေပါရမီ ပညာသင်ကျောင်း၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နဝမတန်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထူးချွန်သူကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ရွှေရန်ကင်းကျောင်းတိုက် ရွှေညီကို စာသင်ကျောင်းဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝရဒီပနှင့် ဘဒ္ဒန္တဝရတေဇ ဆရာတော် ညီနောင်နှစ်ပါးက ဩဝါဒကထာ မိန့်ကြားခဲ့ပြီး ရတနာပုံတက္ကသိုလ် ကထိက(ငြိမ်း) ဆရာကြီး ဦးလှမော်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ရွှေပါရမီ ပရဟိတကျောင်းမှ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများကိုယ်စား ဆရာဦးဇော်ခိုင်ထွန်းနှင့် ကျောင်းတာဝန်ခံ ဆရာဦးတင့်လွင်တို့က သင်ကြားရေး ဘာသာရပ်ဆိုင်ရာများနှင့် ကျောင်း အထွေထွေ လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရွှေပါရမီပရဟိတ ပညာသင်ကျောင်းမှ နဝမတန်းဖြေဆိုသူ ၄၂ ဦးတွင် ၃၁ ဦး အောင်မြင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုသူ ၁၁၅ ဦးတွင် ၃၁ ဦး အောင်မြင်ခဲ့သည်။ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသားနှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး အပါအဝင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၃၁ ဦးကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

# မိုးနှောင်းချည်မျှင်ရှည်ဝါ အထွက်တိုးရေး ပညာပေးဟောပြော

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း တောင်သူများနှင့် တွေ့ဆုံ၍ မကြာမီ စိုက်ပျိုးတော့မည့် မိုးနှောင်းချည်မျှင်ရှည်ဝါအတွက် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးရေးပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်က အင်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် တပ်ကုန်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးရီက ဝါစိုက်ဧကများ ပြည့်မီကျော်လွန်ရေး၊ တစ်ဧကအထွက်နှုန်း တိုးမြှင့်ရေးတို့အတွက် ဆောင်ရွက်ရမည့် သိပ္ပံနည်းကျ ဝါစိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်ဒုတိယဦးစီးမှူး ဦးထွန်းညွန့်က ဝါသီးနှံအထွက်တိုးရေးအတွက် အဓိကကျသော မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးကို ဒေသဝါမျိုးများနှင့် အထွက်ကောင်းဝါမျိုးများ ဖြစ်ကြသော ငွေချည် (၆)၊ ငွေချည်(၉)၊ ရွှေတောင်(၈) ဝါမျိုးများ၏ အထွက်ကောင်းအရည်အချင်းများ နှိုင်းယှဉ်ဖော်ပြပြီး ဒေသမျိုးများအစား အထွက်ကောင်း ဝါမျိုးများ ရွေးချယ်စိုက်ရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

တွေ့ဆုံဟောပြောပွဲသို့ မြို့နယ်စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ ၇၀ တက်ရောက်ခဲ့ကြပြီး တောင်သူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၁၆၂)




## စိတ်ပါဝင်စားသူများ ဆက်သွယ်နိုင်ပါရန်

မန္တလေးတိုင်းဒေသကြီး၊ နတ်ရေကန်ငါးလုပ်စခန်းသည် အမရပူရမြို့နယ်၊ ရန်ကုန်- မန္တလေးကားလမ်းအဟောင်း၏ အရှေ့မြောက်ဘက်ခြမ်းတွင် တည်ရှိပြီး အကျယ်အဝန်း ၁၅၈ဒသမ၂၄ဧက၊ ကန်လုံးရေ ၄၀ဖြင့် ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ နတ်ရေကန် ငါးလုပ်ငန်းစခန်းအား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ငါးကန်များပြုပြင်တူးဖော်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများတည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းဝင်း (ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး)တွင် ငါးမွေးမြူရေးလုပ်ငန်း၊ Food Centre၊ သား/ငါးအရောင်းဆိုင်များ၊ အရောင်းပြခန်းများနှင့်အအေးခန်းစက်ရုံလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်လိပ်စာ-**

- ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃၆)
  ဖုန်း-၀၆၇-၄၁၈၅၃၈၊ ၀၆၇-၄၀၈၄၇၆
- မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန
  ဖုန်း-၀၂-၆၁၁၁၅၊ ၀၉-၃၃၃၁၅၈၄
- နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ အမရပူရမြို့နယ်
  ဖုန်း-၀၂-၅၁၅၃၅၈၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းနှင့် Exedra Events တို့ပူးပေါင်းကျင်းပသော
Hospital Management Asia 2015 အားတက်ရောက်ရန်အသိပေးဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း (MPHA) နှင့် Exedra Events တို့ပူးပေါင်းကျင်းပသော Hospital Management Asia 2015 (HMA 2015) အကြိုသတင်းစာရှင်းလင်းပွဲကို (၁၄.၆.၂၀၁၅) (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ UMFCCI ရှိ MPHA အသင်းရုံး၌ ကျင်းပခဲ့ပြီးဖြစ်ပါသည်။အဆိုပါသတင်းစာရှင်းလင်းပွဲ၏အတည်ပြုချက်အရ-

(၁) Main Conference ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၃)ရက် နှင့် (၄)ရက်တို့တွင်အသီးသီးကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုသူများသည် ၂၀၁၅ခုနှစ် ဇွန်လ (၁၉)ရက် (သောကြာနေ့)မတိုင်မီ စာရင်းပေးသွင်းပါက USD 475 (အထူးနှုန်း)ဖြင့်တက်ရောက်နိုင်မည်ဖြစ်ပြီး၊ ထိုရက်နောက်ပိုင်းမှ စာရင်းပေးသွင်းသူများမှာပုံမှန်နှုန်းဖြင့် တက်ရောက်နိုင်မည်ဖြစ်ပါသည်။

(၂) HMA 2015 ၏ Pre – Conference Sessions ကို ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင်ကျင်းပမည်ဖြစ်ပြီး တက်ရောက်သူများမှာ MPHA 3rd Annual General Assembly Meeting (2015)သို့ တက်ရောက်ခဲ့သောအသင်းဝင်ဆေးရုံများမှတစ်ဦး အခမဲ့တက်ရောက်နိုင်ပြီး ထပ်မံတက်ရောက်လိုသူများသည် MPHA အသင်းရုံးသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၃) အဆိုပါပွဲတက်ရောက်ရန်အတွက် စိတ်ဝင်စားသူမည်သူမဆိုစာရင်းပေးသွင်းလိုပါက အထက်မြန်မာပြည်ကိုယ်စား ဒေါက်တာမြတ်ကျော်(၀၉၅၂၄၀၂၇၃) နှင့် အောက်မြန်မာပြည်ကိုယ်စား ဒေါက်တာဝင့်ယမုံသူ (၀၉၅၀၅၅၁၉) ၊ အသင်းရုံးဖုန်းနံပါတ်(၀၁၁၂၂၀၇၄၇) နှင့် (၀၁၂၃၀၁၅၈၇)တို့ အားဖြင့်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖဟိုအလုပ်အမှုဆောင်ကော်မတီ

# သီပေါကိုအမှိုက်ကင်းမဲ့ဇုန်အဖြစ် လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်

**သီပေါ ဇွန် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာ လှပရေးအတွက် အမှိုက်ကင်းမဲ့ဇုန်အဖြစ် ဇွန် ၁၃ ရက်က မြို့အဝင် ဒုဋ္ဌဝတီမြစ်ကူးတံတားမှ အစပြုလျက် မန္တလေးအထွက် မုခ်ဦးအထိ ကြွပ်ကြွပ်အိတ်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ ဦးဆောင်၍ ရပ်ကွက်ပြည်သူများက မြို့လယ်ချောင်းရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကြွပ်ကြွပ်အိတ်များ ကောက်ယူခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အမှိုက်ကင်းမဲ့ဇုန်စမ်းသပ်နယ်မြေအဖြစ် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် အစပြုကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၄င်းမှတစ်ဆင့် မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းတို့ကို အမှိုက်ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သာလှိုင်(စိုင်း)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ပညာနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဇွန် ၁၆**

အရန်မီးသတ် တပ်ဖွဲ့ဝင်များ မီးသတ်ပညာနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကို ဇွန် ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းပို့ချပေးခဲ့သော သင်တန်းနည်းပြဆရာတို့အား မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုပစ္စည်းပေးအပ်သည်။ ထို့နောက် အလှူရှင် World Vision Myanmar စီမံချက်မန်နေဂျာ ဦးစိုင်းဇော်မွန်းက ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ မီးသတ်ဝတ်စုံများ၊ မီးသတ်ဦးထုပ်များ၊ မီးကာဝတ်စုံတို့ကို ပြည်ကြီးတံခွန် မြို့နယ် မီးသတ်တပ်ဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။



ယင်းနောက် ရုံးရှေ့မျက်နှာစာတွင် သင်တန်းဆင်း မီးသတ်တပ်ဖွဲ့ဝင်တို့၏ ၁၀၀၀ ဒီဂရီစင်တီဂရိတ် မီးဒဏ်ခံနိုင်သော မီးကာဝတ်စုံဖြင့် မီးအတွင်း ဖြတ်သန်းသရုပ်ပြသမှုနှင့် မီးငြိမ်းသတ်မှုသရုပ်ပြ ဆောင်ရွက်ခြင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြစိမ်းရောင်စီမံကိန်း စိုက်ပျိုးရေး၊ မွေးမြူရေး ကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဇွန် ၁၆**

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ကျေးရွာအုပ်စု ဓမ္မသော်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သိရှိနိုင်ရန်အတွက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်လှုနှင့်အဖွဲ့သည် မြစိမ်းရောင်ကျေးရွာကော်မတီဝင်များနှင့်အတူ ဇွန် ၁၂ ရက် နံနက်ပိုင်းက မြစိမ်းရောင်စီမံကိန်းဝင် အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းတိုးတက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် ကျေးရွာရှိ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေးသွင်းပြုစုထားသည့် စာရင်းဇယားများကို မှန်ကန်မှု ရှိ/မရှိ၊ ပြည့်စုံမှု ရှိ/မရှိ တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**(၁၀၅)**

# မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**လှိုင်းဘွဲ့ ဇွန် ၁၆**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို လှိုင်းဘွဲ့မြို့ ကွမ်တာကျေးရွာဘုန်းကြီးကျောင်း၌ ဇွန်ဒုတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး ပြန်/ဆက် ဦးစီးဌာနက ထုတ်ဝေသော လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အခွန်အခွန်ပေးကြလို့ တာဝန်ကိုယ်စီ ကျေပွန်စို့**




ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်လိုင်စင်အမှတ် (ကက-၁၃/၁၀/၀၇၈) ၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်သည့်

ဒေါက်တာအောင်ဇော်မိုး(၁)ဆရာဇော်မိုး

ဦးစီးသော

# အောင်အကယ်ဒမီ

ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းထိ

ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်ဘော်ဒါ

## ၂၀၁၅ တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရှင်များ



မောင်စိုင်းမိုးတေဇ
ဘာသာစုံဂုဏ်ထူး
ဆရက-၅၂၅
ကလေးမြို့



မမြတ်ပန်းချစ်
ဘာသာစုံဂုဏ်ထူး
ဆရက-၅၁၄
ရန်ကုန်မြို့



မပိုင်းအိန္ဒြာမင်းလွင်
ဘာသာစုံဂုဏ်ထူး
ဆရက-၆၀၀
ထားဝယ်မြို့



မယုမြတ်သီရိအောင်
ဘာသာစုံဂုဏ်ထူး
ဆရက-၆၆၂
ရန်ကုန်မြို့

## ၂၀၁၅ တက္ကသိုလ်ဝင်တန်း ၅-ဘာသာဂုဏ်ထူးရှင်များ



မောင်မြတ်သော်ကောင်း
၅-ဘာသာဂုဏ်ထူး
ဆရက-၄၉၂
ရန်ကုန်မြို့



မရတနာမိုးဦးကျော်
၅-ဘာသာဂုဏ်ထူး
ဆရက-၅၀၀
ရန်ကုန်မြို့



မထက်ထက်မြတ်နိုး
၅-ဘာသာဂုဏ်ထူး
ဆရက-၅၅၉
ထားဝယ်မြို့



မသဒ္ဒါဖြူ
၅-ဘာသာဂုဏ်ထူး
ဆရက-၅၇၆
ရန်ကုန်မြို့



မငွန်ပွင့်လှိုင်
၅-ဘာသာဂုဏ်ထူး
ဆရက-၆၀၆
ရန်ကုန်မြို့



မရွှန်းလဲ့ဝေ
၅-ဘာသာဂုဏ်ထူး
ဆရက-၆၁၀
ရန်ကုန်မြို့



မဆုရတနာဦး
၅-ဘာသာဂုဏ်ထူး
ဆရက-၆၃၆
ရန်ကုန်မြို့

## ၂၀၁၅ တက္ကသိုလ်ဝင်တန်း (၄)ဘာသာဂုဏ်ထူးရှင်များ

| | | | | | |
|---|---|---|---|---|---|
| မောင်ရှင်းသန့်ဇော် | ဆရက-၅၂၆ | ၄-ဘာသာဂုဏ်ထူး | မထွန်းအိမ့်ရွှန်းလဲ့ခိုင် | ဆရက-၅၀၇ | ၄-ဘာသာဂုဏ်ထူး |
| မောင်ဇေယျထွန်း | ဆရက-၅၄၃ | ၄-ဘာသာဂုဏ်ထူး | မနှင်းအိတွယ်တာ | ဆရက-၅၃၂ | ၄-ဘာသာဂုဏ်ထူး |
| မောင်ဟိန်းသူရထွန်း | ဆရက-၅၄၉ | ၄-ဘာသာဂုဏ်ထူး | မအေးနန္ဒာထူး | ဆရက-၅၃၃ | ၄-ဘာသာဂုဏ်ထူး |
| မောင်ရဲထက်လှိုင် | ဆရက-၆၀၅ | ၄-ဘာသာဂုဏ်ထူး | မရွှေရတီနိုနို | ဆရက-၅၅၈ | ၄-ဘာသာဂုဏ်ထူး |
| မောင်အောင်မြတ်သူ | ဆရက-၆၂၀ | ၄-ဘာသာဂုဏ်ထူး | မခင်သီသီဖြိုး | ဆရက-၅၇၈ | ၄-ဘာသာဂုဏ်ထူး |
| မောင်ပြည့်စုံဦး | ဆရက-၆၃၂ | ၄-ဘာသာဂုဏ်ထူး | မနန်းသက်သက်ဖြိုး | ဆရက-၅၇၉ | ၄-ဘာသာဂုဏ်ထူး |
| မောင်သိန်းဇော်ဦး | ဆရက-၆၃၃ | ၄-ဘာသာဂုဏ်ထူး | မဆောင်းသီရိဝင်းဖြိုး | ဆရက-၅၈၉ | ၄-ဘာသာဂုဏ်ထူး |
| မခင်သူဇာကျော် | ဆရက-၄၉၃ | ၄-ဘာသာဂုဏ်ထူး | မထူးထူးထက်အောင် | ဆရက-၆၅၁ | ၄-ဘာသာဂုဏ်ထူး |

(၃)ဘာသာဂုဏ်ထူးရှင် - ၁၇ ဦး (၂)ဘာသာဂုဏ်ထူးရှင် - ၂၂ ဦး (၁)ဘာသာဂုဏ်ထူးရှင် - ၃၃ ဦး အောင်ချက်ရာခိုင်နှုန်း ၈၂.၄၇%

ကျောင်း - အမှတ် (၉၉)၊ အောင်ဇေယျလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၇၀၆၄၉၊ ၅၇၇၅၅၆

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း (၉)မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၉)မျိုးကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Forklift 2 Ton | 6 Nos | မြန်မာကျပ်ငွေ |
| (ခ) | Generator | 1 Nos | မြန်မာကျပ်ငွေ |
| (ဂ) | 4 Unit Sheetfed Offset | 1 Nos | မြန်မာကျပ်ငွေ |
| (ဃ) | Double Head Stitcher | 1 Set | မြန်မာကျပ်ငွေ |
| (င) | Semi Automatic Stitcher | 1 Nos | မြန်မာကျပ်ငွေ |
| (စ) | Folding M/C | 1 Nos | မြန်မာကျပ်ငွေ |
| (ဆ) | Auto-Perfect Binding M/C | 5 Nos | မြန်မာကျပ်ငွေ |
| (ဇ) | Paper Cutting M/C | 1 Nos | မြန်မာကျပ်ငွေ |
| (ဈ) | တစ်ဖက်ဖြတ်ဓားစက် | 1 Nos | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၅ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများ**
**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး**
**ကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိခုတင်(၂၀၀)ဆံ့ဆေးရုံကြီး(၃)ရုံအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ကြီးမြို့နှင့် လွိုင်လင် အထွေထွေရောဂါကုဆေးရုံကြီး၊ လွိုင်လင်မြို့များတွင် တည်ရှိသောခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးသုံးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်** | - | ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့) |
| | **နေ့ရက်နှင့်အချိန်** | - | ၀၉း၀၀ နာရီ |
| | **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၃-၇-၂၀၁၅ရက်(တနင်္လာနေ့) |
| | | - | ၁၆း၀၀ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက ၁၅-၆-၂၀၁၅ ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးများဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၀-၂၁၂၁၁၀၄**

## သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးတားမြစ်ခြင်း

ရှမ်းပြည်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့၊ ဝမ်မိုင်ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အိမ်အမှတ် (၁၂၄)နေ ဒေါ်နန်းတွီ(ဘ)ဦးစိုင်းဟိုက် ၁၃/မဖန(နိုင်)၀၁၃၆၁၆ နှင့် ဦးစိုင်းလုံးကျောက် ၁၃/မဖန(နိုင်)၀၀၂၁၀၇ (ဘ) ဦးအင်တ တို့၏ ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးတားမြစ်လိုက်ပါသည်။

တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့၊ ဝမ်မိုင်ရပ်ကွက်၊ အကွက်အမှတ် (၉)၊ ပါပူးရွာမကွင်း၊ ဦးပိုင်အမှတ် (၅၇)၊ မြေဧရိယာ ၀ ဒသမ ၃၉၀ ဧကရှိမြေမှာ မူလလယ်ပိုင်ရှင် ဦးလုံးကျောက် (ဘ)ဦးအင်းတ ပိုင်ဆိုင်လုပ်ကိုင်ခဲ့ပြီး ဇနီးနန်းအွန်နှင့် မြေးနန်းတွီ တို့မှ ဆက်လက်ပိုင်ဆိုင်လုပ်ကိုင်ခဲ့ကြပါသည်။ အဆိုပါမြေကွက်ပေါ်တွင် မြေကွက်အစားထိုးခြင်း၊ နစ်နာကြေးပေးခြင်းမရှိဘဲ ၁၆-၈-၁၉၉၃ တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာယီလိုင်စင်မြေပေးမိန့်ဖြင့် သိမ်းဆည်းခဲ့ပြီး ၎င်းမြေပေါ်တွင် နေအိမ်ပြောင်းရွှေ့ဆောက်လုပ်နေထိုင်ခြင်းမပြုလုပ်ပါက ဤမြေပေးမိန့်သည် အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ကို (၁၇-၅-၁၃)အစည်းအဝေးမှတ်တမ်းအရ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အဆိုပါမြေပေါ်တွင် မြေပိုင်ရှင်များအား အသိမပေးဘဲ ဗိုလ်ကြီးတင့်နိုင်နှင့် ဒေါ်နန်းခမ်းနွန်းအမည်ဖြင့် သက်ဆိုင်သည့် မြေစာရင်းရုံးဦးစီးဌာနတွင် ပုံစံ(၁၀၅)နှင့် မြေဂရန်ကို ပြောင်းလဲရယူထားသည်ကို တွေ့ရှိရပါသည်။

ပိုင်ဆိုင်မှုပဋိပက္ခနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံတော်အကြီးအကဲများထံသို့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်စည်းကမ်းများနှင့်အညီ တင်ပြထားရာ အပြီးသတ်အမိန့်မရမီကြားကာလတွင် တစ်စုံတစ်ရာပြုပြင်ပြောင်းလဲမှုမပြုလုပ်ရန် နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း တရားဝင်ပေးပို့ထားပြီးဖြစ်သည်။ ယခုအခါတွင်လည်း အဆိုပါမြေအား အဆင့်ဆင့်လွှဲပြောင်းရောင်းချထားသည်ကို သိရှိရပါသဖြင့် အဆိုပါမြေအား ဝယ်ယူထားသူ ဒေါ်လှဝင်းကြည်၊ ဦးကျော်ကျော်ထွန်း၊ မနန်းယည်နှင့် မယည်မိုးခိုင်တို့နှင့် ဆက်စပ်လုပ်ကိုင်သူများသည် မြေတူးဆွခြင်း၊ ကာရံခြင်း၊ ဆောက်အအုံဆောက်လုပ်ရန် မြေဖို့ခြင်းစသည်တို့ကို လူအင်အားဖြင့် လုပ်နေကြောင်းတွေ့ရှိရသဖြင့် မှုခင်းစစ်ဆေးဆဲကာလအတွင်း ဆက်လက်၍မပြုလုပ်ပါရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းမရှိပါက ဦးစိုင်းကျောက်နှင့် ဒေါ်နန်းတွီတို့မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးစိုင်းလုံးကျောက်နှင့် ဒေါ်နန်းတွီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့် LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၈၀၁)**
**အောင်ချမ်းသာလမ်း၊ ရပ်ကွက် (၄)၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၉၆၅၉၁၇၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပဲခူးခရိုင်တရားရုံးတော်၌
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၃

ဒေါ်ခင်စောဝင်း **နှင့်** ၂။ ဒေါ်ခင်ဝင်းညို(ခ) ဒေါ်ဇင်မာလတ်
၃။ ဦးလှရွှေ
၄။ တပ်သားဇော်မျိုးထွေး
၅။ တပ်သားရဲမျိုးထွေး

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာအုပ်စု၊ တောင်ကြီးကွဲကျေးရွာ၊ အမှတ် ၁၁ရပ်ကွက်၊ အမှတ်(၅၆)တွင် နေထိုင်ကြသူများဖြစ်သော တရားပြိုင်(၂)ဒေါ်ခင်ဝင်းညို (ခ)ဒေါ်ဇင်မာလတ် (ဘ) ဦးဂျိဘီရမ်းနား တရားပြိုင် (၃)ဦးလှရွှေ (ဘ)ဦးဂျိဘီရမ်းနား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထပရ(၃၂၃)တွင်နေထိုင်သူ တရားပြိုင်(၄) တပ်သားဇော်မျိုးထွေး (ဘ)ဦးလှငွေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ်(၂) မော်တော်ယာဉ်တပ်ရင်းတွင်နေထိုင်သူ တရားပြိုင်(၅) တပ်သားရဲမျိုးထွေး (ဘ)ဦးလှငွေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၉၁

ဒေါ်ခင်ဝင်းမြင့် **နှင့်** ၁။ ဦးဘဝင်း
၂။ ဒေါ်နွဲ့နွဲ့
၃။ ဒေါ်သန်းသန်းလင်း
၄။ ဒေါ်အေးမျိုးညိမ်း
၅။ ဒေါ်လှဲ့လှဲ့ထွေး

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကပစဝင်း၊ Asia World သက်သာထမင်းဆိုင်၊ အမှတ်မရှိနေ (၃)တရားပြိုင် ဒေါ်သန်းသန်းလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးရန်နှင့် ရောင်းချထားသော ခြံမြေကွက်၏မြေငှားဂရန်မူရင်း လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၆

ဒေါ်ခင်ကလျာဝင်း **နှင့်** ဒေါ်ခင်မိုးဝေ

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း(၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၃၄)နေ တရားပြိုင် ဒေါ်ခင်မိုးဝေ သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၉ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉၃

ဒေါ်မိုးနီလာ **နှင့်** ၁။ ဦးသိဏ်းချစ်
၂။ ဒေါ်နန်းမြရင်

**တရားနိုင်** **တရားရှုံးများ**

၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၄၂၇ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် (၇၅၂)၊ ဦးပိုင်အမှတ် (၂၃)၊ ဧရိယာ ၀ ဒသမ ၀၄၁၄ ဧကရှိ ဗိုလ်ကြီးသိဏ်းချစ်အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်တိုက်အဆောက်အအုံ တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ဖုန်းနှင့် ကိရိယာပစ္စည်းအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၉၀၀။**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်လှ)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### လှိုင်ကော်ခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅

၁။ မောင်စိုင်းစံမွန် **နှင့်** ဦးအောင်ထွန်းလင်း
၂။ မောင်အောင်ငဲ
(အရွယ်မရောက်သေးသူ)
(၎င်း၏နီးစပ်ရာဆွေမျိုး ဒေါ်စန်းစန်းရီ)

**တရားလိုများ** **တရားပြိုင်**

တရားပြိုင် ဦးအောင်ထွန်းလင်း(ဘ)ဦးခင်မောင် မ/၃၀၄၊ မင်္ဂလာရပ်ကွက်၊ လှိုင်ကော်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကလေးစရိတ်ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၂၂ရက် (၁၃၇၇ ခုနှစ် ပထမဝါလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(တင်တင်မာ)**
**ခရိုင်တရားသူကြီး**
**လှိုင်ကော်ခရိုင်တရားရုံး**

## ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်၊ (၂)ရပ်ကွက်ရှိ မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(အီး)၊ ၂၀၀၃ နေ ဦးရန်လူ ၁၃/ဟပတ(နိုင်)၀၀၈၄၈၉၊ ဒေါ်လီဖန်း ၁၃/ဟပတ(နိုင်)၀၀၈၄၉၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်လူက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်၊ (၂)ရပ်ကွက်ရှိ ပေ(၄၀×၆၀)မြေကွက်စုစုပေါင်း (၁၀)ကွက်ကို အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ခြံစည်းရိုးခတ်ခြင်း၊ အဆောက်အအုံအတွက် ဖောင်ဒေးရှင်းချခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လီဖန်းကလည်း ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ် (၂)ရပ်ကွက်ရှိ မြေကွက်(၈)ကွက်ကို အမည်ပေါက်ပိုင်ရှင်ထံမှ ၂၀၁၄ ခုနှစ် မတ် ၇ ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးနောက် အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်းခိုခန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပါသည်။

အထက်ဖော်ပြပါ မြေကွက်များပေါ်တွင် လက်ရောက်ရရှိစီမံခန့်ခွဲတည်ဆောက်နေသည့် ကာလအတွင်း မည်သည့်အနှောင့်အယှက် အတားအဆီးတစ်စုံတစ်ရာမျှ မရှိခဲ့ဘဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူလက်ရောက်ရရှိထားသည့် မြေကွက်များပေါ်တွင် ဆောက်လုပ်တည်ဆောက်နေသည့် အဆောက်အအုံများနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများက တရားဝင်ပိုင်ရှင်များအဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေများ၏ အကျိုးစီးပွားကိုထိခိုက်စေသည့် မည်သည့်ဆောင်ရွက်ချက်မျိုးကိုမှ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ မလိုက်နာပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**ဦးရန်လူနှင့် ဒေါ်လီဖန်းတို့ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဝင်းဆွေဦး (စဉ်-၃၈၄၁)** | **ဦးသိန်းနိုင် (စဉ်-၄၂၄၇၈)** |
| **ဒေါ်အေးအေးချို (စဉ်-၇၈၂၈)** | **ဒေါ်ဌေးဌေးမြင့် (စဉ်-၂၃၄၉၇)** |
| **ဒေါ်ယဉ်ယဉ်မြတ် (စဉ်-၉၁၆၄)** | **ဦးမိုးခိုင် (စဉ်-၃၀၂၉၅)** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |

**Win Swe Oo (Law Firm)**
**အမှတ်(၁၂၆) ပထမထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးနု
**အသက်(၈၇)နှစ်**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး ဒေါ်စန်းစန်းယုတို့၏မိခင်ကြီး ဒေါ်အေးနုသည် ၁၅-၆-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်**
**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**
**ပညာရေးဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးနု
**အသက်(၈၇)နှစ်**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီး နှင့်ဇနီး ဒေါ်စန်းစန်းယုတို့၏မိခင်ကြီး ဒေါ်အေးနုသည် ၁၅-၆-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးနု
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ ပတ္တမြားတိုက်၊ အခန်း ၈နေ (ဦးဖိုးကျား-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးစစ်အောင်-ဒေါ်သိန်းမြ)တို့၏သမီးချွေးမ၊ (ဗိုလ်ကြီးအောင်ကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဘခင်-ဒေါ်မြင့်မြင့်အောင်၊ ဒေါ်ငွေငွေအောင်၊ ဒေါ်အေးအေးအောင်(ZEAL COLLECTION)၊ ဦးပြည်စိုးကြီး-ဒေါ်ခင်မာသီ၊ (ဦးအေးဝင်းကြီး)၊ (ဒု-ဗိုလ်ခင်မောင်ကြွယ်)၊ ဒေါက်တာမျိုးသိမ်းကြီး(ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဒေါ်စန်းစန်းယု(ကထိက၊ ငြိမ်း)၊ ဦးသိန်းညွန့်ကြီး-ဒေါ်သီတာအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မစန္ဒာခင်၊ ဗိုလ်ကြီးယုနောင်-မအိစိုးလှိုင်၊ မခင်ကံ့ကော်ကြီး(FINAL PART II I.M. 1)၊ မောင်မောင်ခန့်ကြီး၊ မအိဟေမာန်အောင်တို့၏အဘွား၊ မခင်နိုင်နိုင်စံ၊ မမြသန္တာခင်တို့၏ဘွားဘွားကြီးသည် ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်လေး
**(တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ငြိမ်း၊ ပရဆေးဗေဒဌာန)**
**အသက်(၆၃)နှစ်**

ဒေါ်ခင်လေး (တွဲဖက်ပါမောက္ခ/ ဌာနမှူး၊ ငြိမ်း) (ပရဆေးဗေဒဌာန၊ ဆေး၀ါးတက္ကသိုလ်၊ ရန်ကုန်)သည် ၁၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်-ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့**
**ဌာနမှူးများ၊ မော်ကွန်းထိန်း၊ ဆရာ/မများနှင့် ဝန်ထမ်းများ**
**ဆေး၀ါးတက္ကသိုလ်၊ ရန်ကုန်**

**ရဟန်းဒါယိကာမကြီး**
## ဒေါ်သွယ်သွယ်ထွန်း
**ကထိက(ငြိမ်း)**
**တိုင်းရင်းသားစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမြို့**
**အသက်(၅၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အကွက် ၁၁၃၊ ရုံးသာရပ်နေ (ဦးထွန်းကြည်-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးတင်ငွေ-ဒေါ်ညွန့်ရီ)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)-ဒေါ်တင်တင်ဝင်းတို့၏ညီမ၊ ဒေါက်တာစိန်လင်း-ဒေါ်ဖြူဖြူဟန်တို့၏အစ်မ၊ မအေးမြကို၏မိခင်၊ ဦးအောင်ကိုကို၏ဇနီးသည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးဖေဝင်း
**အသက်(၅၀)**

ကလေးတက္ကသိုလ် အမှတ် B.3နေ ဒေါက်တာကြည်ကြည်စိုး ပါမောက္ခ (ဌာနမှူး)သတ္တဗေဒဌာန၊ ကလေးတက္ကသိုလ်၏ခင်ပွန်း ဦးဖေဝင်းသည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒမိသားစု**
**ကလေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဒဂုံတက္ကသိုလ်၊ ရုက္ခဗေဒဌာန၊ ပါမောက္ခ ဒေါက်တာဒေါ်မြတ်မြတ်မိုး၏ သား မောင်ပိုင်အောင်စိုး(ခ)ချစ်တီး အသက်(၂၀)သည် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ပါမောက္ခ (ဌာနမှူး)နှင့်**
**ဆရာ/မများ၊ ဝန်ထမ်းများ**
**ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**
## နိုင်းကျောင်းလှရွှေ
**အသက်(၁၀၀)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၀)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(ည/၁၂၀)နေ ဦးစဝ်ကိုင်ဖ၏မိခင် နိုင်းကျောင်းလှရွှေသည် ၁၄-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပါတီဝင်များ**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(SNDP)**
**ကျားဖြူပါတီ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးခင်ညွန့်
**(ဗိုလ်ချုပ်အောင်ဆန်းဈေး)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၁၉၇၊ အခန်း ၃နေ (ဦးညီငယ်-ဒေါ်ရင်)တို့၏သား၊ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဦးကျော်ရင်(ဖြန့်ချိရေးမှူး၊ လုပ်သားပြည်သူ့နေ့စဉ်၊ အင်္ဂလိပ်၊ ငြိမ်း)-(ဒေါ်ညွန့်ရီ)တို့၏အစ်ကို၊ ဦးထွန်းဦး-ဒေါ်ရီရီဝင်း(ရွှေယမင်းစတိုး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဦးတင်ထွန်း-ဒေါ်နော်မူသော်(ခေတ္တ-စင်ကာပူ)၊ ဒေါ်သီတာခင်၊ ဦးတင်မောင်ဦး(ရုံးအဖွဲ့မှူး၊ MSESF)-ဒေါက်တာနီလာခင်(နီလာဆေးခန်း၊ တောင်ဒဂုံ)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ကိုတင်ထူးအောင်-မအိသန္တာဝင်း၊ ဗိုလ်ကြီးအောင်မြတ်ကျော်သက်-ဗိုလ်ကြီးသိမ့်သင်္ဂီထွေးအောင်၊ ကိုစိုးဝဏ္ဏဦး၊ မသက်မြတ်နိုးစံ၊ ကိုရဲဘုန်းမြတ်(ခေတ္တ-စင်ကာပူ)တို့၏အဘိုးသည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ရီ (မြိတ်မြို့)
**အသက်(၇၈)နှစ်**

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးကျော်လှ-ဒေါ်စောညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းမြောက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၁၁နေ (ဦးအေးကြွယ်)၏ဇနီး၊ ဦးစိုးနိုင်-ဒေါ်ရီရီသင်း၊ ဦးမောင်ငယ်-ဒေါ်ဝင်းဝင်းနွဲ့၊ ဦးခင်မောင်ဇင်၊ ဦးမင်းသူ-ဒေါ်ဖြူဖြူအေး၊ ဦးသိန်းမြင့်လေး-ဒေါ်စောမာလာ၊ ဦးခင်မောင်အေး-ဒေါ်စံပယ်ဖြူ၊ ဦးသန့်ဇင်-ဒေါ်ခိုင်သီတာ၊ ဦးလှဘုန်းလွင်-ဒေါ်ငွေငွေအေးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
## ဒေါ်သွယ်သွယ်ထွန်း
**ကထိက(ငြိမ်း)**
**တိုင်းရင်းသားစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမြို့**
**အသက်(၅၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အကွက် ၁၁၃၊ ရုံးသာရပ်နေ (ဦးထွန်းကြည်-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးတင်ငွေ-ဒေါ်ညွန့်ရီ)တို့၏သမီးချွေးမ၊ ဦးအောင်ငွေကျော်(ဒုတိယဉက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်)-ဒေါ်သောင်းသောင်း၊ ဦးအောင်ခင်-ဒေါ်စန်းစန်းယုတို့၏သမီး/တူမ၊ ဦးကျော်ကျော်စိုး-ဒေါ်ခိုင်ဇာထွန်းတို့၏အစ်မ၊ မအေးမြကို၏မိခင်၊ ဦးအောင်ကိုကို၏ဇနီးသည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးအုန်းသွင်
**၆၆-၆၉ (Electrical)**
**နတ်မောက်ကျောင်းသားဟောင်း**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ဆင်မင်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၅၀၃နေ (ဦးဘရှင်-ဒေါ်ရှုအိမ်)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဦးသွင်-ဒေါ်အေးသန္တာ၊ ဦးသီဟ-ဒေါ်ချိုဝိုင်းသွင်(Joker Fashion)၊ ဦးတေဇာဖြိုး-ဒေါ်မေဦးသွင်တို့၏ဖခင်၊ မောင်ခန့်ညား၊ မနှင်းအိန္ဒြေ၊ မောင်မြတ်မင်းခန့်၊ မောင်ဘုန်းတေဇာကို၊ မောင်မျိုးမြတ်သူ၊ မသုညွန့်တေဇာတို့၏အဘိုးသည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောက်မြောင်း၊ သုခလမ်း၊ အမှတ် ၇ နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅ရက်တွင် သုခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးအုန်းသွင်
**၆၆-၆၉ (Electrical)**
**နတ်မောက်ကျောင်းသားဟောင်း**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ဆင်မင်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၅၀၃နေ(ဦးဘရှင်-ဒေါ်ရှုအိမ်)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအုန်းလွင်)-ဒေါ်မွှေးမွှေးတို့၏ညီ/မောင်၊ (ဦးဘိုဘို)-ဒေါ်သန်းသန်းနွယ်၊(ဦးငွေးဝင်း)-ဒေါ်မြင့်မြင့်နွယ်၊ ဦးလှသွင်-(ဒေါ်မြတ်သူခင်)၊ဦးငွေးဝင်း-ဒေါ်စိုးစိုးရှင်(Top Men Fashion)၊ ဦးစံလွင်-ဒေါ်သီဂီသန်း(Kan Group Fashion)တို့၏အစ်ကိုသည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်မြောင်း၊ သုခလမ်း၊ အမှတ် ၇ နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍၂၂-၆-၂၀၁၅ရက်တွင် သုခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဇော
**ဗဟိုပုံနှိပ်တိုက်နှင့်**
**စာအုပ်ထုတ်ဝေရေး(ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ကျောက်ကုန်း၊ အရိယမဂ္ဂင်လမ်း၊ အမှတ် ၂၂နေ (ဦးကျော်ခိုင် - ဒေါ်နှံ့သာဖြူ)တို့၏သား၊ (ဦးခင်မောင်ဆွေ-ဒေါ်ခင်ဆွေ)တို့၏သားသမက်၊ ဒေါ်သင်းသင်းဆွေ၏ခင်ပွန်း၊ မနွယ်နီကျော်ဇော(ခေတ္တ-စင်ကာပူ)၊ မောင်ဝေလင်းကျော်တို့၏ဖခင်သည် ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်
**(ကြီးကြပ်ရေးမှူး၊ ငြိမ်း၊**
**မြန်မာ့မီးရထား)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ပွဲစားလမ်း၊အမှတ် ၄၇၊ လေးလွှာ (အေ)နေ (ဦးတင်-ဒေါ်ပန်းရှင်)တို့၏သား၊ (ဦးလှဘော်-ဒေါ်သောင်းရွှေ)တို့၏သားသမက်၊ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ မောင်စိုးဝင်းမြင့်-မခင်သီတာစိုး၊မောင်ဇော်လတ်-မမိုးမိုးဝင်း၊ မောင်ခင်အောင်ထွန်း - မမိုးမိုးအေး၊ မောင်ကောင်းဆုလတ်-မဆွေဆွေသင်း၊ မဖြူဖြူသင်း၊ မောင်အနန္တာ-မဖြူဖြူကြွယ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**
**ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်အေး အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊တိုက် ၁၊ အခန်း ၂၁ (လေးလွှာ)နေ ဦးတင်အောင်၏ဇနီး၊ မယမင်း၊ ဦးကျော်လင်းဦး(ခ)ဖိုးကျော် - ဒေါ်နီလာ၊ မောင်ဟန်ထွန်းအောင်တို့၏မိခင်ကြီး၊ မောင်စိုင်းအောင် (Grade-10, ထ/၁၊ဗဟန်း)၏အဘွားသည် ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်စောသိန်း
**(လေးထောင်၊ ကျောက်တွေရွာ)**
**အသက်(၆၆)နှစ်**

ရခိုင်ပြည်နယ်၊ရမ်းဗြဲမြို့နယ်၊ လေးထောင်၊ ကျောက်တွေရွာနေ(ဦးအောင်သာလှ - ဒေါ်အေးပုချေ)တို့၏ သား၊ ဇရပ်ပြင်ရွာနေ (ဦးချမ်းအောင်)-ဒေါ်ချမ်းခင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၈/၁၀၊ (လေးလွှာ-F)နေ ဒေါ်လှမျိုးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကျော်စော - ဂင်မီယောင်၊ ကိုသန်းဇော်ဝင်း-မလှကျော်စော၊ကိုမျိုးကျော်စောတို့၏ဖခင်၊ ဒေါ်လှသိန်း၊ ဦးလှရွှေ-ဒေါ်ခင်ရွှေတို့၏ အစ်ကိုကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၅ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးစသာဖောင်
**အသက်(၃၇)နှစ်**

ဦးစအောင်ဘ - ဒေါ်အေးမိစံတို့၏ သားကြီး၊ ဦးစဆဖန်းထန်၏အစ်ကို၊ (ဦးသိန်းအောင်) - ဒေါ်စိန်တို့၏သားသမက်၊ မသန္တာထွန်း၏ခင်ပွန်းသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တသုမင်္ဂလ
**သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်၊ မဟာသောတာပန်ကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလသည် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်)၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) ၁၉-၆-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာဒေါ်မမလေး (မြိတ်)
**ဗဟန်းမြို့နယ် ဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၈၆)နှစ်**

Zar & Zar Co.,Ltd, Zar & Zar Finance Co.,Ltd. မှ ဒေါက်တာမျိုးသန့်(မန်နေဂျင်းဒါရိုက်တာ)-ဒေါ်ယုဇော်(ဒါရိုက်တာ)တို့၏မိခင်၊ မခိုင်ဇာသန့် (ဒါရိုက်တာ)၊ မကြည်ဇာသန့်တို့၏အဘွား ဒေါက်တာဒေါ်မမလေးသည် ၁၂-၆-၂၀၁၅ရက် (သောကြာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Zar & Zar Co.,Ltd, Zar & Zar Finance Co.,Ltd**
**မှ ဝန်ထမ်းများ**

## ဦးကျော်သန်း
**New Light of Myanmar သတင်းစာတိုက်(ငြိမ်း)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံအနောက်(၆)လမ်း၊ အမှတ် ၁၀၁၂နေ(ဦးကျော်စိန်-ဒေါ်ငွေရီ)တို့၏သား၊ (ဦးသန်း)-ဒေါ်သိန်းရင်တို့၏သားသမက်၊ ဒေါ်တင်ညွန့်၏ခင်ပွန်း၊ ဦးကျော်စွာဝင်း(ရေတပ်)-ဒေါ်ကြူကြူသန်း(မြန်မာ့အလင်းသတင်းစာတိုက်)၊ (မောင်သက်နိုင်)၊ မောင်မျိုးသူ-မလေးလေးနွယ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးစိုးညွန့်
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ် ၄၁နေ (ဦးမောင်ဟန်-ဒေါ်စိန်လှ)တို့၏သား၊ (ဦးအုန်းရွှေ-ဒေါ်သန်းတင်)တို့၏သားသမက်၊(ဦးတင်သန်း-ဒေါ်နီနီ)၊ (ဦးဝင်းစိန်)-ဒေါ်ရီရီအုန်း၊ ဦးဇော်မင်း-ဒေါ်အေးအေးမူတို့၏အစ်ကို၊ ဒေါ်ဖြူဖြူအုန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းညွန့်၊ ဦးသန်းဆွေ-ဒေါ်ပွင့်ပွင့်ရည်၊ ဒေါ်မေမြတ်အေး၊ ဒေါ်မေမြတ်ထွေး၊ ဒေါ်သီသီထွေးတို့၏ဖခင်၊ မောင်စိုင်းဝဏ္ဏထွန်း၏ အဘိုးသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၈း၂၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Saw Albert
**အသက်(၇၁)နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကုက္ကိုလမ်း၊ အမှတ် ၉၉ (မြေညီထပ်)နေ (ဦးဘငြိမ်း-ဒေါ်အုန်းတင်)တို့၏သားကြီး၊ (ဦးဘကျော်-ဒေါ် violet)တို့၏သားသမက်၊ (ဒေါ်ဝင်နီ-ဦးအောင်သာကျော်)၊ ဦးမောင်မောင်သိန်း-ဒေါ်ဘေဘီထွန်း၊ (နော်မူအေး)၊ (နော်ဖောဝါး)၊ (ဦးမောင်မောင်လွင်)တို့၏အစ်ကိုကြီး၊ စောစိုးငြိမ်းကျော်၊ နော်နှင်းရည်လေး-စောဘာဘလု၊ နော်အေးစန္ဒာငြိမ်းတို့၏ဖခင်၊ နော်စင်ဒီဘာဘလု-နော်ခရစ္စတယ်ဘာဘလုတို့၏အဘိုး၊ နော်ပဂ္ဂီဘကျော်၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၆-၂၀၁၅ရက် နံနက် ၆း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စမ်းချောင်းကရင်နှစ်ခြင်း အသင်းတော်ဘုရားကျောင်း(သိန္ဒီလမ်း၊ သီတာရပ်ကွက်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု

## ဒုတိယရဲမှူးထွန်းမောင် (ငြိမ်း)
**အမှတ်စဉ်(၇)**
**အသက်(၆၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊ သက္ကယ်တန်းရပ်၊ အင်း၀လမ်းနှင့်နောင်တော်ကြီးလမ်းနေ(ဦးတုတ်-ဒေါ်စောမြ)၏သား၊ (ဦးအောင်မြ-ဒေါ်ပုံ)တို့၏သားသမက်၊ ဦးမင်းမင်းအောင် (ဒု-ညွှန်မှူး၊ နေပြည်တော်စည်ပင်) - ဒေါ်သဲဖြူထွန်း(ဦးစီးအရာရှိ၊ နေပြည်တော်စည်ပင်)၊ ဗိုလ်ကြီးသက်နိုင်ထွန်း(DSMA)-ဒေါ်မေဇင်ထွန်း(သူနာပြု၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး)၊ ဒုရဲအုပ်ကျော်ဇင်ထွန်း(တမူးမြို့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ရွှေမာတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ရှိုင်းမြတ်၊ မောင်ဘုန်းမင်းလှိုင်တို့၏အဘိုး၊ ဒေါ်အေးမွန်စီ၏ခင်ပွန်းသည် ၁၅-၆-၂၀၁၅ရက် ည ၇း၃၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၅ရက် (သောကြာနေ့)တွင် နေပြည်တော် ပျဉ်းမနားမြို့၊ ပန်းခင်းလမ်း၊ စည်ပင်အိမ်ရာဝင်းနေ ဦးမင်းမင်းအောင်-ဒေါ်သဲဖြူထွန်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လွင်(သုံးခွမြို့) အသက်(၅၂)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**

ရန်ကုန်မြို့၊ လမ်း ၄၀၊ အမှတ် ၂၅၃နေ (ဦးကျင်မောင်-ဒေါ်သန်းရွှေ)တို့၏ချစ်လှစွာသောသား၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးကြူစိန်-ဒေါ်ထားထားကြည်၊ (ဦးကက်ရှင်)၊ ဦးကက်စွန်(Green Luck)၊ (ဦးတက်ထွန်း)၊ ဒေါ်ခင်မာတီ၊ ဒေါ်ခင်မာယဉ်(Asia Light Super Market)တို့၏မောင်/ညီ၊ ကိုသက်နိုင်ဝင်း-မဝေကြည်မာ၊ ကိုနေမျိုးဝင်း-မစုစုလွင်၊ ကိုဖြိုးကိုကိုဝင်း၊ မနွေးနွေးဇင်တို့၏ဦးလေး၊ မမြတ်ဖူးဖူးသက်၊ မောင်ဉာဏ်လင်းထူးတို့၏အဘိုးသည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ကြည့်မြင်တိုင်ဘူတာ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှုများ စနစ်ကျပြီလား

" ကြည့်မြင်တိုင်ဘူတာရုံနဲ့ ပုံစံတူကိုလိုနီခေတ် လက်ရာဘူတာရုံဟောင်းတွေကို အင်္ဂလန်မှာ ဒီနေ့အထိမြင်တွေ့ နိုင်ပါတယ်။ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ဖို့သာ လိုအပ်တာပါ "

သတင်းဆောင်းပါး စာ-၁၀



ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

## ကိုရီးယား K-POP တေးဂီတအဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ဖျော်ဖြေ

မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ကိုရီးယားလူမျိုးများအဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး သံတမန်နှစ် ၄၀ ပြည့်အထိမ်းအမှတ်အဖြစ် နာမည်ကြီး လူကြိုက်များသည့် BTS အဖွဲ့ပါဝင်သည့် ကိုရီးယား K- POP တေးဂီတအဖွဲ့ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ယနေ့ ညနေ ၆ နာရီတွင် ဖျော်ဖြေတင်ဆက်ခဲ့သည်။



ကိုရီးယားတေးဂီတ K- POP အဖွဲ့မှ Ailee နှင့်အဖွဲ့ သီဆိုဖျော်ဖြေနေစဉ်။

"ဒီနေ့ကျင်းပတဲ့ K-POP ရဲ့ တတိယအကြိမ်မြောက် တေးဂီတလာရောက်ဖျော်ဖြေပွဲဟာ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး သံတမန်နှစ် ၄၀ ပြည့် အထိမ်းအမှတ်ဖြစ် ပါတယ်။ ဒီပွဲကျင်းပဖို့ နှစ်အစပိုင်းကတည်းက စီစဉ်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အခုမှပဲကျင်းပဖြစ်ခဲ့တာ။ ဒါတောင် အခြေအနေအမျိုးမျိုးကြောင့် ပျက်သွားဖို့ရှိပေမယ့် ကျွန်တော်တို့အဖွဲ့ကနေ အမိက ပူးပေါင်းလက်တွဲတဲ့ Tiger Fate နဲ့ ညှိနှိုင်းပြီး ကိုရီးယားလူမျိုးများရဲ့ ဂုဏ်သိက္ခာကိုဆယ်တဲ့အနေနဲ့ မဖြစ်ဖြစ်အောင် စီစဉ်ကျင်းပခဲ့တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရောက်ကိုရီးယားလူမျိုးများ အဖွဲ့အစည်း ဥက္ကဋ္ဌ အီဂျောင်အူက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

## ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သော မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ပြန်ရောက်

သတင်း-မင်းခေတ်

ရန်ကုန် ဇွန် ၁၆

စင်ကာပူနိုင်ငံ၌ ဇွန် ၅ ရက်မှ ယနေ့အထိ ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ ၁၂ ခုမြောက်အနေဖြင့် နောက်ဆုံး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သော မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် စင်ကာပူလေကြောင်းလိုင်း 8M-232 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

နောက်ဆုံးရွှေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင်ဇော်ဇော်အောင်၊ အောင်မျိုးဆွေနှင့် ဇော်လတ်တို့အတွက ရွှေတစ်ခု၊ အမျိုးသမီးအဖွဲ့ငယ်ပြိုင်ပွဲတွင် အိသဥ္ဇာ၊ နန်းယဉ်ယဉ်မြင့်၊ သဥ္ဇာစိုးညွန့်၊ ကေဇင်ထွဋ်နှင့် နွယ်နွယ်ထွေးတို့အတွက ငွေတစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ကြူကြူသင်း၊ ဖြူဖြူသန့်နှင့် ခင်နှင်းဝေတို့အတွက ငွေတစ်ခု၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် အောင်ကိုဦး၊ မျိုးမြင့်ဇော်၊

စာမျက်နှာ ၈ ကော်လံ ၆ ○




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

